# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**အကျိုးထူးတရားလေးပါး**

အမြဲရိုခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၁ ရက် | ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၇ ရက်၊ စနေနေ့ | အတွဲ (၆၀)၊ အမှတ် (၁၅၀)


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်

၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်

(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

Coronavirus Disease 2019 (COVID–19) ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးထားသည့်ကိစ္စရပ်များမပါ) အား ၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ရက်တိုးမြှင့် သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။



လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ (၁/၂၀၂၁) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

# ဥပဒေများပြဋ္ဌာန်းရာတွင် ခေတ်ကာလနှင့်လျော်ညီသည့် အသုံးအနှုန်းများ၊ နိုင်ငံတော်၏ ပကတိအခြေအနေနှင့် ကိုက်ညီသည့် အခြေအနေများ၊ နိုင်ငံတကာဆက်ဆံရေး မူဝါဒအပေါ် ရပ်တည်မှု ရှိ/မရှိ သေချာစိစစ်ပြီး ဆောင်ရွက်ရမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ (၁/၂၀၂၁) အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကား ပြောကြားသည်။

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ မန်းငြိမ်းမောင်နှင့် Jeng Phang နော်တောင်၊

*စာမျက်နှာ ၃ ကော်လံ ၁* ◆

---

**နိုင်ငံ့ဝန်ထမ်းနှင့် တာဝန်၊ စည်းကမ်း၊ ကျင့်ဝတ်**

ဆောင်းပါး စာ » ၆

**ကိုဗစ် - ၁၉ ကာကွယ်ဆေးများ လျင်လျင်မြန်မြန် ထုတ်လုပ်နိုင်ရေး အီးယူတောင်းဆို**

နိုင်ငံတကာသတင်း စာ » ၁၂

**အိန္ဒိယနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၁၁၀၆၃၄၉၁ ဦးရှိလာ**

နိုင်ငံတကာသတင်း စာ » ၁၃

မြန်မာ့အလင်း

## ငွေကုန်ကြေးကျလည်းသက်သာ ကျန်းမာရေးနှင့်လည်းကိုက်ညီ

မြန်မာနိုင်ငံတွင် သေဆုံးသူ ၁၀၀ လျှင် ၅၉ ဦးသည် မကူးစက်နိုင်သောရောဂါများကြောင့် သေဆုံးရခြင်းဖြစ်သည်ဟုဆိုသည်။ မကူးစက်နိုင်သောရောဂါများ ဖြစ်ပေါ်ရခြင်းမှာ ကျန်းမာရေးနှင့်မညီညွတ်သော အစားအစာများ စားသောက်ခြင်းနှင့် ကျန်းမာရေးနှင့် မညီညွတ်သော လူမှုဘဝနေထိုင်မှုပုံစံများတွင် နှစ်ရှည်လများ နေထိုင်ခြင်းတို့ကို အကြောင်းရင်းခံသည်။ မကူးစက်နိုင်သော ရောဂါများအနက် သွေးတိုး၊ နှလုံးသွေးကြောကျဉ်း၊ ကင်ဆာ၊ လေဖြတ် စသောရောဂါများ ပါဝင်ပြီး ၎င်းတို့မှာ မြန်မာနိုင်ငံတွင် အဖြစ်များသော ရောဂါများလည်းဖြစ်သည်။

အထက်ပါရောဂါများ ဖြစ်ပွားခြင်းမှ ရှောင်ရှားနိုင်ရန်မှာ ကျန်းမာရေးနှင့်ညီညွတ်စွာ စားသုံးရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်စွာ နေထိုင်လှုပ်ရှားရန်လိုသည်။ ထို့ပြင် ဆေးလိပ်၊ အရက်၊ ဆေးရွက်ကြီး ရှောင်ကြဉ်ခြင်း၊ ကိုယ်အလေးချိန်ထိန်းခြင်း၊ ရေလုံလောက်စွာသောက်ခြင်း၊ စိတ်သောကများ လျှော့ချခြင်းတို့လည်း ပါဝင်သည်။ ကျန်းမာရေးနှင့် ညီညွတ်သော စားသောက်မှုပုံစံမှာ ချိုလွန်း၊ ငန်လွန်း၊ အဆီများလွန်းသော အစားအစာများ၊ အသင့်စားထုပ်ပိုး အစားအစာများကို ရှောင်ကြဉ်ရန်၊ ဝက်ဆီ၊ အမဲဆီ၊ ပြည့်ဝဆီများကို ရှောင်ကြဉ်ရန်နှင့် စားအုန်းဆီကို အလွန်အကျွံမစားသုံးရန် ကျန်းမာရေးအသိပညာပေးမှုများတွင် ဖော်ပြထားသည်။

ဆန်နှင့်ဆီသည် မြန်မာတို့၏ အဓိကစားသုံးကုန်များဖြစ်ပြီး တစ်ဦးချင်းစားသုံးမှုမှာ အိမ်နီးချင်းနိုင်ငံများထက် မြင့်မားသည်။ မြန်မာတစ်ဦးသည် တစ်နှစ်လျှင် ပျမ်းမျှခြင်းအားဖြင့် ဆီခြောက်ပိဿာ စားသုံးသည်ဟုဆိုသည်။ တစ်နိုင်ငံလုံးအနေဖြင့် နှစ်စဉ် ဆီစားသုံးမှုတန်ချိန် တစ်သန်းကျော်ကျော်ရှိသည့်အနက် ပြည်တွင်းမှ ပဲဆီ၊ နှမ်းဆီ၊ နေကြာနှင့် အခြားဆီထုတ်လုပ်မှု စုစုပေါင်း တန်ချိန် လေးသိန်းကျော်သာရှိရာ ကျန်တန်ချိန် ခုနစ်သိန်းဝန်းကျင်ခန့်ကို ပြည်ပမှတင်သွင်းရသည်။ အဓိကတင်သွင်းမှုမှာ စားအုန်းဆီဖြစ်သည်။ မကူးစက်နိုင်သောရောဂါများ မဖြစ်ပွားစေရန်အတွက် အလွန်အကျွံမစားသုံးရန် အသိပညာပေးထားသည့် စားအုန်းဆီကို အများဆုံး တင်သွင်းနေရခြင်းဖြစ်သည်။ ပို၍ဆိုးသည်မှာ ဈေးကွက်အတွင်း အိမ်ရှင်မတို့နှင့် လက်တစ်ကမ်းတွင် ရောင်းချနေသည့် ဆီများ၏ အရည်အသွေး၊ စံနှုန်းနှင့် ဘေးကင်းမှုဆိုင်ရာ အာမခံချက်တို့မှာ ရောင်းသူနှင့် ဝယ်သူတို့ကြားတွင် နှစ်ဖက်စလုံးက အလေးအနက်မရှိကြသလို သိနားလည်မှုလည်း မရှိကြခြင်းပင်ဖြစ်သည်။ ရောင်းသူနှင့် ဝယ်သူတို့ကြား အဓိကအလေးထားသည့်အချက်မှာ ဆီဈေးနှုန်းကိုသာဖြစ်သည်။

ဝင်ငွေနည်းပြည်သူအများစု ဝယ်ယူစားသုံးနိုင်သည့်ဆီမှာ အမှတ်တံဆိပ်မပါ၊ ဒန်အိုးဒန်ချိုင့်များ စည်ပိုင်းပြတ်များဖြင့် ထည့်ပြီး ခွက်ခြင်ဖြင့်ရောင်းသည့် ပဲဆီ၊ ပဲနှမ်းဆီ၊ အကြော်ခံဆီ စသည်ဖြင့် အမည်ခံထားသည့် ဆီများသာဖြစ်သည်။ ယင်းဆီများ၏ အရည်အသွေးနှင့် အစားအစာ ဘေးကင်းလုံခြုံမှုတို့အတွက် စဉ်ဆက်မပြတ်စစ်ဆေးရန် မလွယ်ကူကြောင်း ဆိုင်ရာဌာနအဖွဲ့အစည်းတို့က ထုတ်ဖော်ပြောကြားထားရာ စားသုံးသူများအဖို့ ကိုယ့်အန္တရာယ်ကိုယ် ရှောင်ကြရန်သာဖြစ်သည်။ ဆီများများ စားလေလေ၊ ရောဂါဖြစ်ပွားနိုင်သည့် အန္တရာယ်နှင့် နီးလေလေဖြစ်ရာ ဆီလျှော့စားလေလေ၊ ရောဂါအန္တရာယ်နှင့် ဝေးလေလေ ဖြစ်သည်ဟူ၍ နှလုံးသွင်းနိုင်ကြဖို့လိုသည်။

စင်စစ်အားဖြင့် မြန်မာ့ရိုးရာဟင်းလျာများ၊ ဒေသအလိုက်ဟင်းအမယ်များနှင့် တိုင်းရင်းသားတို့၏ ဟင်းလျာများတို့တွင် ဆီမပါ သို့မဟုတ် ဆီနည်းနည်းဖြင့် အရသာရှိရှိ ချက်ပြုတ်နိုင်ပြီး ကျန်းမာရေးနှင့်ညီညွတ်သော စားသောက်ဖွယ်ရာများစွာရှိသည်။ တရုတ်၊ ကိုရီးယား၊ ထိုင်းတို့၏ ဟင်းအမယ်များတွင်လည်း ဆီများများမလို၊ ဆီမပါသော လူကြိုက်များသည့် အစားအစာများကို မြို့ပေါ်နေ မြန်မာများ စားသုံးတတ်နေကြပြီဖြစ်သည်။ ငွေကုန်ကြေးကျလည်း သက်သာ၊ ကျန်းမာရေးနှင့်လည်း ညီညွတ်စေသည့် ဆီနည်းနည်းနှင့် အရသာရှိသော ဟင်းလျာအစားအစာများကို အိမ်ရှင်မတို့ ချက်ပြုတ်နိုင်ကြဖို့အရေး ချက်နည်းပြုတ်နည်းများ မျှဝေသင်ကြားပေးကြရပါမည့်အကြောင်း။ ။

# နိုင်ငံ့ဝန်ထမ်းများအား Social punishment ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့ ဆက်သွယ်တိုင်ကြားနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုနိုင်စေရန်အတွက် Social Media များမှ လည်းကောင်း၊ လူမှုပတ်ဝန်းကျင်များတွင်လည်းကောင်း နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုလုပ်နေသူတချို့က နည်းမျိုးစုံဖြင့် နှောင့်ယှက်၍ Social punishment ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အထက်ပါခြိမ်းခြောက်ဟန့်တားမှုများ၊ အကျပ်ကိုင်မှုများကြုံရပါက အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် သက်ဆိုင်ရာမှလည်း စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

**“မြေယာကိစ္စပြဿနာအချို့မှာ တစ်ချိန်က ရှင်းလင်းဆောင်ရွက်ပြီးသော်လည်း ခေတ်ကာလမြေတန်ဖိုး ပြောင်းလဲလာမှုကြောင့် ဖြစ်ပါကြောင်း၊ မြေယာလျော်ကြေးငွေမှာ ငွေကျပ်ဘီလီယံချီရှိကြောင်း၊ သို့ဖြစ်၍ မြေယာကိစ္စကို မူဝါဒနှင့်အညီ စနစ်တကျဆောင်ရွက်ရန် လိုကြောင်း၊ တပ်မတော်အနေဖြင့်လည်း မူဝါဒ ၄ ရပ်နှင့်အညီ ဧကတစ်သိန်းကျော် စွန့်လွှတ်ပြီးဖြစ်ကြောင်း၊ ဝန်ကြီးဌာနများအနေဖြင့်လည်း အသုံးမပြုသည့် မြေယာများကို စနစ်တကျ ပြန်လည်စွန့်လွှတ်၍ နိုင်ငံတော်ကို အပ်နှံရမည်ဖြစ်ကြောင်း၊ ယခုကော်မတီအနေဖြင့် ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အချက်အလက် ခိုင်ခိုင်မာမာ တင်ပြပြီး လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန် လိုကြောင်း”**

◆*ရွှေဖုံးမှ*

ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမြင့်ကြိုင်နှင့် ဦးခင်မောင်ရီ၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာဒေါ်သီတာဦး၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်မြင့်နွယ်၊ ဒုတိယဗိုလ်ချုပ်ကြီး သန်းလှိုင်နှင့် ဗိုလ်ချုပ်စိုးတင့်နိုင်၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမျိုးအောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သေချာစိစစ်ပြီး ဆောင်ရွက်**

အစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ကော်မတီ ၅ ခု ဖွဲ့စည်းထားကြောင်း၊ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီမှာ လုံခြုံရေး၊ တည်ငြိမ်ရေး၊ တရားဥပဒေစိုးမိုးရေးအတွက်ဆိုသော်လည်း စီမံခန့်ခွဲမှုအပိုင်းများ ပိုများသည်ကို တွေ့ရှိရကြောင်း၊ ဥပဒေများပြဋ္ဌာန်းရာတွင် ခေတ်ကာလနှင့် လျော်ညီသည့် အသုံးအနှုန်းများ၊ နိုင်ငံတော်၏ ပကတိအခြေအနေနှင့် ကိုက်ညီသည့် အခြေအနေများ၊ နိုင်ငံတကာဆက်ဆံရေးမူဝါဒအပေါ် ရပ်တည်မှုရှိ/ မရှိ သေချာစိစစ်ပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဥပဒေသည် ရှင်းလင်းလွယ်ကူပြီး ပြည်သူများ နားလည်ရန် လိုအပ်ပါကြောင်း၊ ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြော်ငြာချက်များ ထုတ်ပြန်ရာတွင် ပြည်ထောင်စုဝန်ကြီးဌာနအချင်းချင်း တိုင်ပင်ဆွေးနွေးပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ တင်ပြဆွေးနွေးရန်လိုကြောင်း။

မြို့ရွာများ တိုးချဲ့ပြင်ဆင်ဆောင်ရွက်ရာတွင် ဒေသခံပြည်သူများ၏ သဘောထားအမှန်ကို အနီးစပ်ဆုံးသိရှိရန် ဆောင်ရွက်ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အသင်းအဖွဲ့များ ဖွဲ့စည်းခြင်း၊ ပြင်ဆင်ခြင်း၊ သက်တမ်းတိုးခြင်း၊ ဖျက်သိမ်းခြင်းကိစ္စရပ်များကို ဝန်ကြီးဌာနများအနေဖြင့် သေချာစိစစ်ဆောင်ရွက်ရန် လိုကြောင်း၊ တရားမဝင်အသင်းအဖွဲ့များလည်း ရှိနေကြောင်း၊ အသင်းအဖွဲ့များနှင့် စပ်လျဉ်း၍ ဥပဒေနှင့်ညီညွတ်ရန် လိုကြောင်း၊ အသင်းအဖွဲ့တစ်ခု ရပ်တည်ရန်မှာ ရန်ပုံငွေလိုအပ်ပြီး ယင်းရန်ပုံငွေမည်သို့ စီးဝင်နေသည်ကို ကြည့်ရမည်ဖြစ်ကြောင်း၊ အဆိုပါကိစ္စရပ်ကို ဝန်ကြီးဌာနများက စနစ်တကျ စိစစ်ဆောင်ရွက်ရန် လိုကြောင်း။

**မှန်မှန်ကန်ကန် ထိန်းသိမ်းရန်လို**

သစ်တောကဏ္ဍမှာ ၁၉၉၅ ခုနှစ် သစ်တောမူဝါဒရှိကြောင်း၊ သစ်တောနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနအပြင် တိုင်းဒေသကြီး ပြည်နယ်ကောင်စီများက သစ်တောမူဝါဒနှင့်အညီ မှန်မှန်ကန်ကန် ထိန်းသိမ်းရန်လိုကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း သစ်တောပြုန်းတီးမှုကြောင့် ရာသီဥတုပြောင်းလဲမှုများ ဖြစ်ပေါ်နေကြောင်း၊ သစ်တောပြုန်းတီးမှုအချို့မှာ စိုက်ပျိုးရေးလုပ်ငန်းများ ရွှေ့ပြောင်းလုပ်ကိုင်နိုင်ရန် နေရာအတွက် ခုတ်ထွင်ခြင်း၊ တောင်ယာစိုက်ပျိုးနိုင်ရန်အတွက် ခုတ်ထွင်ခြင်း၊ ထင်းခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်းတို့ကြောင့်ဖြစ်ကြောင်း၊ သို့ဖြစ်၍ နောင်ကာလတွင် ကျေးရွာများ၌ သစ်သုံးစွဲမှု၊ ထင်းသုံးစွဲမှုတို့ကို တွက်ချက်ပြီး ကျေးရွာပိုင်စိုက်ခင်းများကို မဖြစ်မနေ စိုက်ပျိုးနိုင်ရန်အတွက် စနစ်တကျဆောင်ရွက်သွားရန်လိုကြောင်း၊ သစ်ထုတ်လုပ်မှုနှင့် ပတ်သက်၍လည်း နိုင်ငံအတွက် လိုအပ်ချက်ကိုသာ ထုတ်လုပ်ရမည်ဖြစ်ပြီး တစ်ဖက်ကလည်း သစ်တောထိန်းသိမ်းရေး မူဝါဒချမှတ်ပြီး ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သစ်တောထိန်းသိမ်းမှုနှင့် ပတ်သက်ပြီး မိမိတို့ စနစ်တကျ ထိန်းသိမ်းနိုင်မှသာလျှင် ကောင်းမွန်သည့် အကျိုးဆက်ကို နောင်မျိုးဆက်များ ခံစားရမည်ဖြစ်သည့်အတွက် သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး လုပ်ငန်းများကို မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

လက်ရှိကာလတွင်လည်း သစ်တောကြိုးဝိုင်းအတွင်းသို့ ဝင်ရောက်ကျူးကျော်မှုများကို ရင်ဆိုင်နေရဆဲဖြစ်ကြောင်း၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းများနှင့် ပတ်သက်၍ စိုက်ပျိုးရန် ခွင့်ပြုချက်ရယူထားသူများသည် အမှန်တကယ်စိုက်ပျိုးရန် လိုအပ်ကြောင်း၊ တချို့မှာ စိုက်ပျိုးရန် ခွင့်ပြုချက်ရယူထားသော်လည်း အမှန်တကယ် စိုက်ပျိုးခြင်းမရှိကြောင်း၊ သစ်တောစိုက်ပျိုးရန် မြေပြုပြင်ခြင်း ဆောင်ရွက်သည်ဟု အကြောင်းပြချက်ဖြင့် မူရင်းနေရာတွင် ရှိနေသည့် သစ်ပင်များကို ခုတ်ထွင်ရှင်းလင်းထုတ်ယူပြီး ထပ်မံစိုက်ပျိုးမှု မရှိသည်ကို သိရကြောင်း၊ ထို့ကြောင့် မြေယာပြဿနာများ ဖြစ်လာကြောင်း၊ နိုင်ငံပိုင်သစ်တောစိုက်ခင်း၊ စုပေါင်းသစ်တောစိုက်ခင်း၊ ပုဂ္ဂလိက သစ်တောစိုက်ခင်းများကို စနစ်တကျ ထိန်းသိမ်းရန်လိုကြောင်း။

**ဧကတစ်သိန်းကျော် စွန့်လွှတ်ပြီးဖြစ်**

မြေယာကိစ္စပြဿနာအချို့မှာ တစ်ချိန်က ရှင်းလင်းဆောင်ရွက်ပြီးသော်လည်း ခေတ်ကာလ မြေတန်ဖိုးပြောင်းလဲလာမှုကြောင့် ဖြစ်ပါကြောင်း၊ မြေယာလျော်ကြေးငွေမှာ ငွေကျပ်ဘီလီယံချီ ရှိကြောင်း၊ သို့ဖြစ်၍ မြေယာကိစ္စကို မူဝါဒနှင့်အညီ စနစ်တကျဆောင်ရွက်ရန် လိုကြောင်း၊ တပ်မတော် အနေဖြင့်လည်း မူဝါဒ ၄ ရပ်နှင့်အညီ ဧကတစ်သိန်းကျော် စွန့်လွှတ်ပြီးဖြစ်ကြောင်း၊ ဝန်ကြီးဌာနများ အနေဖြင့်လည်း အသုံးမပြုသည့် မြေယာများကို စနစ်တကျ ပြန်လည်စွန့်လွှတ်၍ နိုင်ငံတော်ကို အပ်နှံရမည်ဖြစ်ကြောင်း၊ ယခုကော်မတီအနေဖြင့် ဆောင်ရွက်ရမည့် ကိစ္စရပ်များကို အချက်အလက် ခိုင်ခိုင်မာမာတင်ပြပြီး လုံခြုံရေး၊ တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေးတို့အတွက် ဝိုင်းဝန်းဆောင်ရွက်သွားကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကော်မတီ အတွင်းရေးမှူး ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွဋ်က ကော်မတီဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်နှင့် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမျိုးအောင်တို့က လုံခြုံရေး၊ မှုခင်းဆိုင်ရာ၊ ဥပဒေ၊ နည်းဥပဒေ၊ မူဝါဒနှင့် အမိန့်ကြော်ငြာစာကိစ္စရပ်များ၊ သစ်တောမြေပယ်ဖျက်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များ၊ ဥပဒေရေးရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် မန်းငြိမ်းမောင်နှင့် Jeng Phang နော်တောင်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးခင်မောင်ရီနှင့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ ဒေါ်သီတာဦးတို့က ရပ်ကွက်၊ ကျေးရွာစီမံခန့်ခွဲရေးကောင်စီများတွင် ရပ်ရွာတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် ဌာနဆိုင်ရာ ဝန်ထမ်းများပါ ထည့်သွင်းဖွဲ့စည်းရေး၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးကောင်စီများ အဖွဲ့ဝင်များနှင့် ရပ်ကျေးဥက္ကဋ္ဌများ တာဝန်ပေးအပ်ရာတွင် ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်နိုင်သူများကို ရွေးချယ်ခန့်အပ်ရေး၊ သက်ဆိုင်ရာ ကောင်စီအဆင့်ဆင့် အထောက်အကူပြုရေးအဖွဲ့များ ဖွဲ့စည်းပေးရေး၊ CDM ဆောင်ရွက်မှုတွင် မပါဝင်သူများအား အကာအကွယ်ပေးရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ကြိုးဝိုင်း၊ ကြိုးပြင် သဘာဝဘေးမဲ့တောများ တည်ထောင်ရေး၊ ကျေးရွာသုံး ထင်းစိုက်ခင်းများ တည်ထောင်ရေး၊ ပုဂ္ဂလိကသစ်တောစိုက်ခင်းများ စိုက်ပျိုးခြင်းမရှိပါက ပြန်လည်သိမ်းဆည်းသွားရေး၊ သစ်တောကျူးများ စာရင်းကောက်ယူပြီး သစ်တောကြိုးဝိုင်းအတွင်းမှ ပယ်ဖျက်သွားရေး၊ သီးနှံသစ်တော ရောနှောစိုက်ခင်း တည်ထောင်ရေး၊ ရပ်ရွာတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

**ဥပဒေအကြံပေးများထားရှိရန်လို**

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ဝန်ကြီးဌာနများမှ ဥပဒေရေးဆွဲခြင်း၊ ပြင်ဆင်ခြင်းများ ပြုလုပ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်နိုင်ရန် ဥပဒေအကြံပေးများထားရှိရန် လိုကြောင်း၊ ယာဉ်စည်းကမ်းဖောက်ဖျက်မှုများနှင့် လိုင်စင်မဲ့ယာဉ်များ အသုံးပြုမှုများအား ထိရောက်စွာ အရေးယူနိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာနက ကြပ်မတ်ဆောင်ရွက်သွားရန်နှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများက ပညာပေးလုပ်ငန်းများအား ဝိုင်းဝန်းကူညီ ဆောင်ရွက်သွားရန် လိုကြောင်း၊ မိမိတို့အနေဖြင့် ယခုကာလသည် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဝင်ရောက်ထိန်းသိမ်း ဆောင်ရွက်ပေးနေခြင်းဖြစ်ပြီး အုပ်ချုပ်ရေးပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုများနှင့် ပတ်သက်၍ စုပေါင်းဦးဆောင်မှုဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများခန့်ထားခြင်းနှင့် ပတ်သက်၍ ကျေးရွာ၊ ရပ်ကွက်များမှ သမာဓိရှိသည့် ရပ်မိ၊ ရပ်ဖများ၊ ကျေးရွာအကျိုးအတွက် အမှန်တကယ် ဆောင်ရွက်နိုင်သူများကိုသာ ရွေးချယ်ခန့်ထားစေလိုကြောင်း။

**အရေးယူဆောင်ရွက်သွားမည်**

CDM ဆောင်ရွက်မှုနှင့် ပတ်သက်၍ အတိုင်းအတာတစ်ခုအထိ သည်းခံဆောင်ရွက်ပေးခဲ့ပြီး ယခုအခါဆက်လက်၍ စည်းကမ်းဖောက်ဖျက်သည့် နိုင်ငံ့ဝန်ထမ်းများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အပေါ် သစ္စာစောင့်သိမှုရှိရန်နှင့် တာဝန်ထမ်းဆောင်လိုစိတ်ရှိပြီး ယုံကြည်ချက် ခံယူချက်များ ကောင်းမွန်ရန် လိုကြောင်း၊ သစ်တောများ ပြန်လည်စိုက်ပျိုးရန်ကိစ္စကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူပြီး ဆောင်ရွက်သွားကြရန် လိုကြောင်း၊ သစ်ပင်များ စိုက်ပျိုးရာတွင် တစ်ပင်စိုက် တစ်ပင်ရှင်သန်စေရန်အတွက် သတ်မှတ်ထားသည့် ပျိုးပင်၏ သက်တမ်းနှင့် အရွယ်အစားအား ရွေးချယ်စိုက်ပျိုးရန် လိုကြောင်း၊ ခွင့်ပြုထားသည့် ပုဂ္ဂလိကသစ်တောစိုက်ခင်းများကိုလည်း စည်းကမ်းများနှင့်အညီ စိုက်ပျိုးထားမှုရှိ/မရှိ စိစစ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထင်းသုံးစွဲမှုများနှင့် သစ်ထုတ်လုပ်မှုများကို တတ်နိုင်သမျှ လျှော့ချဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကျေးလက်ဒေသများတွင် ထင်းသုံးစွဲမှုလျှော့ချနိုင်ရန်အတွက် လိုအပ်သည့် လျှပ်စစ်ဓာတ်အားများ ထုတ်လုပ်နိုင်ရေးအတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ထုတ်လုပ်ရေးလုပ်ငန်းများ ယခုထက် ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားရန် လိုကြောင်း၊ ယခုကော်မတီ၏ တာဝန်နှင့် လုပ်ငန်းများမှာ ကျယ်ပြန့်ပါကြောင်း၊ သို့ဖြစ်၍ ကော်မတီဝင်များအနေဖြင့် ဘက်ပေါင်းစုံရှုမြင်ပြီး ဆောင်ရွက်ကြစေလိုကြောင်း၊ ကော်မတီနှင့် သက်ဆိုင်သည့် ကိစ္စရပ်များ လတ်တလောဖြစ်ပေါ်လာပါက ကော်မတီဝင်အချင်းချင်း တိုင်ပင်ဆွေးနွေးကြရန် လိုကြောင်း၊ အကြောင်းအရာတစ်ခုချင်းစီအား လေးလေးနက်နက်ဖြင့် အမှားအယွင်းမရှိအောင် ဂရုစိုက်ဆောင်ရွက်ကြရန်လိုကြောင်းနှင့် အဆင့်ဆင့်တင်ပြ၍ ဆုံးဖြတ်ချက်ရယူသွားရန်လိုကြောင်း မှာကြားသည်။

**သတင်းစဉ်**

# (၇၆) နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃) ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှုမရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

၂။ သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

၃။ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ဒို့တာဝန်အရေး (၃) ပါးကို မသွေဖည်ဘဲ NCA အပေါ်အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၉၃ /၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်နေ့
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

### ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ ခန့်အပ်တာဝန်ပေးခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ အောက်ဖော်ပြပါ ပုဂ္ဂိုလ်များအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်-

(၁) ဦးသန်းစိုး
(၂) ဦးဘရန်ရှောင်
(၃) ဦးမြင့်ဦး
(၄) ဦးခင်မောင်ဦး
(၅) ဒေါ်နုမြဇံ
(၆) ဦးမြင့်သိန်း
(၇) ဒေါက်တာဘမောင်

အမိန့်အရ

(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ အစားထိုးခန့်အပ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၉၄ /၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်နေ့
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်)

### ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ အစားထိုးခန့်အပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကယားပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်နှစ်ဦးအား အောက်ပါအတိုင်း အစားထိုးခန့်အပ် တာဝန်ပေးလိုက်သည်-

(၁) ဦးပေါလူချမ်း (အစား) ဦးစိန်ဦး
(၂) ဒေါ်စူးမြာယဉ်ယဉ်လေး (အစား) ဦးစောဟူးဟူး

အမိန့်အရ

(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင် CCTV သတင်းဌာနမှ Chief Correspondent ဖြစ်သူ Mr. Wang Yu အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်သည် China Central Television (CCTV) သတင်းဌာနမှ Chief Correspondent ဖြစ်သူ Mr. Wang Yu အား ယနေ့မွန်းလွဲ ၂ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် နှစ်နိုင်ငံမီဒီယာကဏ္ဍ ဆက်လက်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် မြန်မာ-တရုတ် ခရီးသွားနှစ်ဆိုင်ရာ အစီအစဉ်များ အပြန်အလှန်ထုတ်လွှင့်ပြသမည့် အကြောင်းအရာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဇော်မင်းထွန်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် ဒုတိယအမြဲတမ်းအတွင်းဝန်တို့ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**



# အချို့နေရာတွေမှာ တပ်မတော်က စစ်ဆေးဖော်ထုတ်ထားတဲ့ မဲစာရင်းတွေထက် စာရင်းများ ပိုမိုနေကြောင်း တွေ့ရ

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပုဒ်မ ၃၉၉ အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရဲ့ တာဝန်များမှာ ရွေးကောက်ပွဲကျင်းပခြင်း၊ ရွေးကောက်ပွဲများကို ကြီးကြပ်ခြင်း၊ ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်ကို ဖွဲ့စည်းခြင်းနှင့် ကြီးကြပ်စေခြင်း၊ မဲစာရင်းများပြုစုခြင်းနှင့် ပြင်ဆင်ခြင်းလို့ အတိအလင်းပြဋ္ဌာန်းပါတယ်။ မဲစာရင်းများပြုစုခြင်းနဲ့ ပြင်ဆင်ခြင်းဟာ UEC ရဲ့ တာဝန်ပဲဖြစ်ပါတယ်။ စစ်ဆေးကြည့်တဲ့အခါ မဲစာရင်းများကို ဖြစ်သလိုပြုလုပ်ထားတာတွေ့ရပါတယ်။ အချို့နေရာတွေမှာ တပ်မတော်က စစ်ဆေးဖော်ထုတ်ထားတဲ့ မဲစာရင်းတွေထက်ကို စာရင်းများ ပိုမိုနေကြောင်း တွေ့ရပါတယ်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၁၁-၂-၂၀၂၁ ရက်နေ့ နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




## ဝန်ထမ်းများအနေဖြင့် မိမိတို့၏တာဝန်များကို နိုင်ငံ့ဝန်ထမ်းပီသစွာဖြင့် တာဝန်ကျေပွန်စွာ ဆက်လက်ကြိုးပမ်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာ့စီးပွားရေးဘဏ် (ရုံးချုပ်) သို့ သွားရောက်၍ ငွေသွင်း/ ငွေထုတ် ဆောင်ရွက်နေမှုများ၊ အစိုးရဌာန အဖွဲ့အစည်းများသို့ လစာထုတ်ပေးနေမှုများနှင့် ဘဏ်လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေး၍ ဘဏ်မှဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာများ၊ မန်နေဂျာများနှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြန်မာ့စီးပွားရေးဘဏ်မန်နေဂျာများကို ဗီဒီယိုကွန်ဖရင့်ဖြင့်တွေ့ဆုံ၍ နိုင်ငံအဝန်း အမြို့မြို့အနယ်နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်များတွင် မိဘပြည်သူများအတွက် ဘဏ်လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများအား အဆင်ပြေစွာ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးက လတ်တလောကာလ အခြေအနေများအတွင်း အခက်အခဲများကြားမှ ဘဏ်ဝန်ထမ်းများ ပင်စင်လစာများနှင့် ဝန်ထမ်းလစာများကို အဆင်ပြေစွာ အချိန်နှင့်တစ်ပြေးညီဖြည့်ဆည်းဆောင်ရွက်ပေးနေမှုများနှင့် ဘဏ်လုပ်ငန်း ပုံမှန်ဆောင်ရွက်နေမှုများအတွက် ဝန်ထမ်းများအား ကျေးဇူးတင်ရှိကြောင်းနှင့် ဝန်ထမ်းများအနေဖြင့် မိမိတို့၏တာဝန်များကို နိုင်ငံ့ဝန်ထမ်းပီသစွာဖြင့် တာဝန်ကျေပွန်စွာ ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်သူသို့ မေတ္တာရပ်ခံချက်

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆ မတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီလူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံ့လူမျိုး အကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

## ပြည်သူအချင်းချင်း သတင်းစကားကောက်နုတ်ချက်

၁။ နိုင်ငံကောင်းကျိုး၊ ပြည်သူလူထုအကျိုးအတွက် တာဝန်ဝတ္တရားများကို လုပ်ခွင်မပျက် ဆက်လက်ထမ်းဆောင်နေကြသော ဝန်ထမ်းကောင်းများကို ခြိမ်းခြောက်ဟန့်တားသူ၊ တားဆီးပိတ်ပင်သူ၊ တာဝန်ဝတ္တရားနှောင့်ယှက်သူများကို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူပါလိမ့်မည်။

၂။ တိုင်းပြည်၊ လူမျိုး၊ ပြည်သူအကျိုးကို အစိုးရအဆက်ဆက် နှစ်ပေါင်းများစွာ အနစ်နာခံလျက် ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းများ၏ လုံခြုံမှုနှင့် ဘေးကင်းမှုကို ဥပဒေဖောက်ဖျက်ကျူးလွန်သူများ စော်ကားခြိမ်းခြောက်ခြင်းမှ ထိရောက်စွာ ကာကွယ်ရန် ဖြစ်ပါသည်။

၃။ ပါတီနိုင်ငံရေး ကင်းရှင်းစွာဖြင့် နိုင်ငံပြည်သူအကျိုးအတွက် နိုင်ငံ့ဝန်ထမ်းများ၏ စေတနာအပြည့်အဝဖြင့် ရိုးသားကြိုးစားမှု မိသားစုလုံခြုံအေးချမ်းရာကြသော ဘဝကို စာနာနားလည်သောအားဖြင့် အနိုင်အထက် မတရားသဖြင့် တားဆီးနှောင့်ယှက်၊ သိက္ခာချခြင်းများကို မပြုလုပ်သင့်ပါကြောင်း ရိုးသားစွာ ဖော်ပြအပ်ပါသည်။

**ဝန်ထမ်းပြည်သူတစ်ဦး**

# နိုင်ငံ့ဝန်ထမ်းနှင့် တာဝန်၊ စည်းကမ်း၊ ကျင့်ဝတ်

## ကိုသံချောင်း-မစာဥ တစ်ခန်းရပ်စကားပြောခန်း (၂)

ဒေါင်

နွေဦးရဲ့ နေ့လယ်ခင်းက တိတ်ဆိတ်၍နေသည်။ ဆယ်အိမ်ခေါင်း ကိုသံချောင်း အွန်လိုင်းကနေ လမ်းပေါ်ဆန္ဒပြသည့်သတင်းများ ကြည့်လိုက်၊ နာမည်ရှေ့တွင် နွေဦးထည့်၍ ခေါ်ကြသည်ကိုကြည့်ရင်း မိမိအမည်ကိုပင် နွေဦးသံချောင်းဟု ပြောင်းလဲချင်လာမိသည့်အခိုက်...။ အတွေးမဆုံးမီ အိမ်အောက်ထပ်မှ ဆူဆူညံညံ အသံများကြောင့် လှမ်း၍နားစွင့်မိသည်။ ညီဖြစ်သူနှင့် စကားလက်ဆုံကျနေသည့်အသံ။

"နိုင်ငံ့ဝန်ထမ်းတွေ CDM မလုပ်တာက နိုင်ငံတော်ကို သစ္စာမရှိတာပဲ။ ကျွန်မကတော့ အဲဒီလို မလုပ်၊ မရှုပ်၊ မပြုတ်ဝန်ထမ်းတွေကို အရှက်ခွဲကို ခွဲရမှ ကျေနပ်တယ်။ ရပ်ကွက်ထဲက အလုပ်ကိုသွားနေတဲ့ ဝန်ထမ်းတွေရှိရင် ကျွန်မကိုပြောနော်။ ဓာတ်ပုံရိုက်ပြီး ဖေ့စ်ဘွတ် (Facebook) တင်ပစ်လိုက်ဦးမယ်"

**"နိုင်ငံတော်နဲ့ နိုင်ငံသားတွေ အကျိုးစီးပွားလည်း ပြောသေး၊ ဆရာဝန်တွေက ဆေးမကုကြတော့ဘူးဆိုရင် လူနာတွေ ဘယ်လောက်ဒုက္ခရောက်ကြမလဲဗျာ။ ဆရာတွေက စာမသင်ကြဘူးဆိုရင် ကလေးတွေ ပညာရေး မတွေးဝံ့ပေါင်ဗျာ။ ဝန်ထမ်းတွေက ရုံးအလုပ်တွေ မလုပ်ကြဘူးဆိုရင်တော့ အတော်လေးထိရောက်တဲ့ ကမ်ပိန်း ပေါ့ဗျာ။ ပြည်သူတွေအတွက် ကောင်းကျိုးမဟုတ်ဘူး။ ဆိုးကျိုးဖြစ်တာပါဗျာ။ အစ်မကြီး နားလည်အောင်ပြောရရင် ဝန်ထမ်းတွေမှာ အလုပ်ချိန်နဲ့ဆိုင်တဲ့ စည်းကမ်းတွေရှိတယ်ဗျ။ လုံလောက်တဲ့အကြောင်းမရှိဘဲ အလုပ်ချိန်နောက်ကျ လို့မရသလို အလုပ်ထဲကလည်း စောပြီးမဆင်းရဘူးဗျ။ ခွင့်စည်းကမ်းဖောက်ပြီး ခွင့်မဲ့ပျက်တာ၊ ခိုင်လုံတဲ့ အကြောင်းမရှိဘဲ ခွင့်ကုန်ဆုံးပြီး အလုပ်ခွင် ပြန်မရောက်တာမျိုး မလုပ်ရဘူးလို့ စည်းကမ်းချက်တွေရှိတယ် ခင်ဗျ"**

အာပေါင်အာရင်းသန်စွာဖြင့် ပြောနေသူကား ဘေးအိမ်မှ ဘွဲ့ရ အပျိုကြီး မစာဥဖြစ်၏။ ကိုသံချောင်းတစ်ယောက် အသည်းအသန် အောက်ကို ပြေးဆင်းရင်း...

"နိုင်ငံ့ဝန်ထမ်းက ရုံးသွားတာကို ဘယ်နဲ့ကြောင့် အရှက်ခွဲရမှာ တုန်း။ ကြံကြံဖန်ဖန်ဗျာ။ အလုပ်ဟူသမျှ ဂုဏ်ရှိစွတို့၊ လုပ်အားဖြင့် နိုင်ငံတည်တို့ပဲ ကြားဖူးတာ။ ခင်ဗျားအလှည့်ကျမှ ရုံးဝန်ထမ်းတွေ ရုံးမသွားဘဲ နေကြရမလားဗျာ"

"ရှင်က ဆယ်အိမ်ခေါင်းဖြစ်ပြီး နိုင်ငံရေးအမြင် အားနည်းတယ်နော်။ CDM လုပ်နေကြတာ ရှင်မသိဘူးလား။ ဝန်ထမ်းအားလုံး CDM မလုပ်ရင် မဖြစ်ဘူး။ ဒါက လုပ်ကိုလုပ်သင့်တာ။ အလုပ်သွားစရာ လုံးဝမလိုဘူး"

"အပျိုကြီး ခင်ဗျားဦးနှောက် အားဆေးဝယ်သောက်လေဗျာ။ ဝန်ထမ်းဆိုတာ ဘယ်အစိုးရတက်တက် နိုင်ငံနဲ့ နိုင်ငံသားတွေအတွက် အလုပ်လုပ်တာဗျ။ ဘယ်အစိုးရအတွက်ဆိုပြီး ရွေးလုပ်လို့ရကောင်း လားဗျာ"

"အို... ရှင်မသိပါဘူး။ ဆရာဝန်တွေ၊ အင်ဂျင်နီယာတွေ၊ ဘဏ် ဝန်ထမ်းတွေကစလို့ နိုင်ငံ့ဝန်ထမ်းတွေ လုပ်နေကြတာ။ သူတို့ကို ထောက်ပံ့ပေးတဲ့ အဖွဲ့အစည်းတွေလည်း အများကြီးပဲ။ နေစရာ၊ စားသောက်စရာနဲ့ လစာတွေတောင် ပေးထားကြတာတဲ့။ ကိုယ်ကြိုက်တဲ့ အစိုးရမတက်မချင်း အလုပ်မဆင်းကြဘူးတဲ့။ ရုံးမတက်နဲ့ ရှန်းထွက်တဲ့။ အလုပ်မသွားကြလို့ အချို့ရုံးတွေဆိုရင် အလုပ်တာဝန်တွေ အခက်အခဲဖြစ်လာကြသတဲ့"

"အဲဒီတော့ တိုင်းပြည်က ကောင်းစားသွားရောလားဗျာ။ ထောက်ပံ့တဲ့ အဖွဲ့အစည်းဆိုတာရော ဘယ်က အဖွဲ့အစည်းတွေလဲဗျ။ ကျွန်တော်ဖြင့် ပေါ်ပေါ်ထင်ထင် မတွေ့ပါဘူး။ မြေအောက်အဖွဲ့အစည်း တွေ ထင်ပါရဲ့။ ဒါနဲ့ ဌာနအကြီးအကဲတွေက ဝန်ထမ်းတွေ အဲဒီလို လုပ်တာကို ဘာမှအရေးမယူဘူးလားဗျ။ နိုင်ငံ့ဝန်ထမ်းတွေမှာ လိုက်နာရမယ့် တာဝန်တွေရှိတယ်ဗျ။ ၂၀၁၇ ခုနှစ်မှာ ဝန်ထမ်းတွေ ဖတ်ရှုဖို့ ထုတ်ဝေထားတဲ့ ဝန်ထမ်းကျင့်ဝတ်စာအုပ်ထဲမှာ ကျွန်တော် ဖတ်ဖူးတယ်။ နိုင်ငံတော်ရဲ့ ကျေးဇူးသစ္စာကို စောင့်သိရိုသေဖို့၊ ဖွဲ့စည်းပုံ အခြေခံဥပဒေနဲ့ တည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်တွေကို လိုက်နာဖို့၊ ပေးအပ်ထားတဲ့ တာဝန်တွေ၊ ဝတ္တရားတွေကို ကျေပွန်အောင် ထမ်းဆောင်ဖို့၊ ပါတီနိုင်ငံရေး ကင်းရှင်းဖို့၊ ပြည်သူကို ရိုသေလေးစား စွာ ဝန်ဆောင်မှုပေးဖို့ စတာတွေပါတယ်လေဗျာ"

"ဒါဆိုရင် မလိုက်နာတဲ့ဝန်ထမ်းတွေကျ တာဝန်ချိုးဖောက်တယ်လို့ ပြောချင်တာလား ကိုသံချောင်းရဲ့။ အခုလှုပ်ရှားမှုက နိုင်ငံတော်နဲ့ နိုင်ငံသားတွေရဲ့ အကျိုးစီးပွားအတွက်ပဲ မဟုတ်လား"

"အပျိုကြီး ဒီတစ်ချက်တော့ အတော်မှားနေပြီဗျာ။ နိုင်ငံတော်နဲ့ နိုင်ငံသားတွေ အကျိုးစီးပွားလည်း ပြောသေး၊ ဆရာဝန်တွေက ဆေးမကုကြတော့ဘူးဆိုရင် လူနာတွေ ဘယ်လောက်ဒုက္ခရောက်ကြ မလဲဗျာ။ ဆရာတွေက စာမသင်ကြဘူးဆိုရင် ကလေးတွေ ပညာရေး မတွေးဝံ့ပေါင်ဗျာ။ ဝန်ထမ်းတွေက ရုံးအလုပ်တွေ မလုပ်ကြဘူးဆိုရင် တော့ အတော်လေးထိရောက်တဲ့ ကမ်ပိန်းပေါ့ဗျာ။ ပြည်သူတွေ အတွက် ကောင်းကျိုးမဟုတ်ဘူး။ ဆိုးကျိုးဖြစ်တာပါဗျာ။ အစ်မကြီး နားလည်အောင်ပြောရရင် ဝန်ထမ်းတွေမှာ အလုပ်ချိန်နဲ့ဆိုင်တဲ့ စည်းကမ်းတွေ ရှိတယ်ဗျ။ လုံလောက်တဲ့အကြောင်းမရှိဘဲ အလုပ်ချိန် နောက်ကျလို့မရသလို အလုပ်ထဲကလည်း စောပြီးမဆင်းရဘူးဗျ။ ခွင့်စည်းကမ်းဖောက်ပြီး ခွင့်မဲ့ပျက်တာ၊ ခိုင်လုံတဲ့အကြောင်းမရှိဘဲ ခွင့်ကုန်ဆုံးပြီး အလုပ်ခွင်ပြန်မရောက်တာမျိုး မလုပ်ရဘူးလို့ စည်းကမ်းချက်တွေ ရှိတယ်ခင်ဗျ"

"စိတ်ဝင်စားစရာပဲရှင့်။ ကျွန်မသိတာတော့ CDM လုပ်ရင် ဝန်ထမ်းတွေကို လစဉ်ထောက်ပံ့တဲ့ ပိုက်ဆံလည်းရမယ်။ အချိန်တန်လို့ ကိုယ့်အစိုးရတက်လာရင် အလုပ်လည်း အရင်အတိုင်းပြန်ရမယ်တဲ့။ အဲဒီကျရင် CDM လုပ်တုန်းက လစာတွေကိုပါ စုဆောင်းပြီးသား ဖြစ်မယ်တဲ့။ ခုတိုင်းဆို ဘယ်လိုဖြစ်မလဲ သိချင်လာပြီ"

"နိုင်ငံ့ဝန်ထမ်းဖြစ်ဖို့ဆိုတာ မလွယ်ဘူး အပျိုကြီးရေ။ စည်းကမ်း ချက်တွေလည်း အများကြီးရှိတာ။ လုပ်ငန်းခွင်ထဲမှာ ပြုမူဆက်ဆံဖို့ အတွက် စည်းကမ်းတွေထဲက အချက်တချို့ကို ကျွန်တော် ပြောပြမယ်။ အလုပ်ခွင် ငြိမ်းချမ်းသာယာမှုကိုဖြစ်စေ၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှုကိုဖြစ်စေ ပျက်ပြားအောင် လှုံ့ဆော်တာ၊ ပြုလုပ်တာ၊ လုပ်သူကို အားပေးတာမျိုး တားမြစ်ထားတယ်ဗျာ။ နိုင်ငံတော်နဲ့ နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်စေမယ့် စာအုပ်စာတမ်းတွေ ရေးသားတာ၊ ဖြန့်ဝေတာမျိုးလည်း လုပ်လို့မရဘူး။ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများထဲက နည်းဥပဒေ ၁၆၃ မှာ နိုင်ငံတော်လုံခြုံရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေတဲ့ လှုပ်ရှားမှုတစ်ခုခုမှာ ပါဝင်တာ၊ လှုံ့ဆော်တာနဲ့ အားပေးကူညီတာမျိုးလည်း မလုပ်ရဘူးဆိုပြီး အတိအလင်း ပြဋ္ဌာန်းထားတယ်ဗျ"

"နိုင်ငံ့ဝန်ထမ်းဖြစ်ရတာလည်း အတော်ကို တင်းကျပ်တာပဲနော်။ ဒီလိုကျင့်ဝတ်တွေ၊ စည်းကမ်းတွေကို ဝန်ထမ်းတွေက မသိကြတာများ လား"

"သိတဲ့သူရှိသလို သေသေချာချာမသိတဲ့သူလည်း ရှိနိုင်တာပေါ့ ဗျာ။ သတိမမူ ဂူမမြင် ဆိုသလို သိသလို မသိသလို ဆိုရင်တော့ မဖြစ်ဘူးဗျ။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၄၁ အရ ဝန်ထမ်းတစ်ဦးဟာ ကျင့်ဝတ်တွေ မလိုက်နာဘူး၊ စည်းကမ်းတွေကို ဖောက်ဖျက်မယ်ဆိုရင် အရေးယူလို့ ရပါတယ်။ ခိုင်လုံတဲ့ အထောက်အထားတွေအရ အပြစ်ရှိ ကြောင်း ထင်ရှားနေတဲ့ ကိစ္စတွေမှာ ဝန်ထမ်းကို ဌာနဆိုင်ရာ စုံစမ်း စစ်ဆေးခြင်း မပြုဘဲတောင် ထိုက်သင့်တဲ့ ဝန်ထမ်းဆိုင်ရာ ပြစ်ဒဏ်ကို ချမှတ်နိုင်တယ်ဆိုပြီး နိုင်ငံ့ဝန်ထမ်း ဥပဒေပုဒ်မ ၄၀ မှာ ဖော်ပြထား တယ်ဗျ"

"ကျွန်မ သိတာက ခွင့်နဲ့ဖြစ်စေ၊ ခွင့်မဲ့ဖြစ်စေ အလုပ်ခွင်ကနေ တစ်ဆက်တည်း ငါးနှစ်နေလို့ရတယ်တဲ့။ ငါးနှစ်ကျော်ပြီးတဲ့ တစ်ရက် ကျတော့မှ ဝန်ထမ်းအဖြစ်က အလိုလိုရပ်ဆိုင်းတာလို့ ဆယ်လီ တစ်ယောက်လိုက်ဖ် (live) လွှင့်ထားတယ်လေ၊ အဲဒါကရောရှင့်"

"အဲဒီပြဋ္ဌာန်းချက်က နိုင်ငံ့ဝန်ထမ်းနည်းဥပဒေ ၁၂ နဲ့ ၁၃ အရ ပြောထားတာဖြစ်ပြီး အဲဒါကို လိုရာဆွဲပြောထားကြတာပါ။ အဲဒီပြဋ္ဌာန်း ချက်က တာဝန်ကနေ ယာယီရပ်ဆိုင်းခြင်းခံရတဲ့အတွက် အလုပ်ခွင် ကနေ ကင်းကွာနေတဲ့ ဝန်ထမ်းတွေနဲ့ မသက်ဆိုင်စေရဆိုပြီး နည်း ဥပဒေမှာ ပါတယ်ခင်ဗျ။ နိုင်ငံ့ဝန်ထမ်းဆိုင်ရာ အရေးယူခြင်းနဲ့ ပြစ်မှု၊ ပြစ်ဒဏ်တွေအကြောင်းကို အသေးစိတ်သိချင်ရင် နိုင်ငံ့ဝန်ထမ်းဥပဒေ နဲ့ နည်းဥပဒေတွေမှာ ကိုယ်တိုင်သာ ရှာဖွေဖတ်ကြည့်ပေါ့။

"ဆက်ပြီးပြောရရင် နိုင်ငံ့ဝန်ထမ်းတွေဆိုတာ နိုင်ငံတော်အစိုးရရဲ့ မူဝါဒ၊ ရည်မှန်းချက်တွေနဲ့ လုပ်ငန်းစဉ်အပေါ် တည်မှီပြီး နိုင်ငံ့ဝန်ထမ်း ဥပဒေနဲ့ နည်းဥပဒေမှာပါတဲ့ ပြဋ္ဌာန်းချက်တွေနဲ့အညီ ပေးအပ်တဲ့ တာဝန်တွေကို ကျရာကဏ္ဍကနေ တာဝန်သိသိ၊ သစ္စာရှိရှိနဲ့ လုပ်သင့်တာ မဟုတ်ဘူးလားဗျာ။ ဝန်ထမ်းတွေကို ခံစားခွင့်တွေ အများကြီး သတ်မှတ်ပေးထားတယ်။ ပင်စင်ခံစားခွင့်၊ မီးဖွားခွင့်၊ ရာထူးတိုးမြှင့်ခံစားခွင့် စသဖြင့် အများကြီးရှိပါတယ်။ ခံစားခွင့်တွေ ရှိသလို ထမ်းဆောင်ရမယ့် တာဝန်၊ လိုက်နာရမယ့် စည်းကမ်း၊ စောင့်ထိန်းရမယ့် ကျင့်ဝတ်တွေကိုလည်း မမှိတ်မသုန်လိုက်နာသင့် တယ်လို့ ကျွန်တော်ကတော့ ထင်ပါတယ်"

"ဟုတ်ပါပြီရှင်။ အဲဒါဆိုရင်တော့ ဥပဒေနဲ့အညီ တာဝန်၊ စည်းကမ်း နဲ့ ကျင့်ဝတ်တွေ လိုက်နာကြတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို အနှောင့်အယှက် မပေးတော့ပါဘူး။ ပြီးခဲ့တဲ့ရက်က ရှင့်ကိုပြောခဲ့သလိုပေါ့။ ကျွန်မက ဒီမိုကရေစီစနစ်ကို ကြိုက်တယ်လေ။ စကားပြောကောင်းနေတာ ပြန်လိုက်ပါဦးမယ်ရှင့်။ ကျွန်မမိတ်ဆွေ CDM လုပ်နေတဲ့ ဝန်ထမ်းတွေ ကို အကျိုးအကြောင်း ပြောပြလိုက်ဦးမယ်။ ဒါမှ သူတို့ ချင့်ချိန်နိုင်အောင် လို့လေ"

"ကောင်းပါပြီဗျာ။ စိတ်မချလို့ လိုက်ပို့ပေးပါရစေ မစာဥရယ်"

"အို...ရှင်ကလည်း ခြံစည်းရိုးလေးတစ်ဖက်ကူးလိုက်တာနဲ့ ကျွန်မ အိမ်ဆီ ရောက်ပြီးသားကို။ မလိုပါဘူးရှင်"

မစာဥ၏ ခြေလှမ်းများက သွက်သည်။ မကြာမီ သူသိသွားသမျှကို ရှဲ (Share) စရာ မလိုဘူး၊ ကော်ပီ (Copy) လုပ်ပြီးတင်ဟူသည့် စာသားဖြင့် ဖေ့စ်ဘွတ်တွင် ပို့စ် (Post) တော့မည် ဟူသည်ကား ဗေဒင်မေးရန်မလိုအောင်ပင် ကိုသံချောင်းက အတပ်သိလိုက်လေ သည်။ ။

**"သိတဲ့သူရှိသလို သေသေချာချာမသိတဲ့သူလည်း ရှိနိုင်တာပေါ့ဗျာ။ သတိမမူ ဂူမမြင် ဆိုသလို သိသလို မသိသလို ဆိုရင်တော့ မဖြစ်ဘူးဗျ။ နိုင်ငံ့ဝန်ထမ်းဥပဒေပုဒ်မ ၄၁ အရ ဝန်ထမ်းတစ်ဦးဟာ ကျင့်ဝတ်တွေ မလိုက်နာဘူး၊ စည်းကမ်းတွေကို ဖောက်ဖျက်မယ်ဆိုရင် အရေးယူလို့ ရပါတယ်။ ခိုင်လုံတဲ့ အထောက်အထားတွေအရ အပြစ်ရှိကြောင်း ထင်ရှားနေတဲ့ ကိစ္စတွေမှာ ဝန်ထမ်းကို ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း မပြုဘဲတောင် ထိုက်သင့်တဲ့ ဝန်ထမ်းဆိုင်ရာပြစ်ဒဏ်ကို ချမှတ်နိုင်တယ်ဆိုပြီး နိုင်ငံ့ဝန်ထမ်း ဥပဒေ ပုဒ်မ ၄၀ မှာ ဖော်ပြထားတယ်ဗျ"**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ရေးသားဖော်ပြခြင်းမပြုသည့် သတင်းစာ/ဂျာနယ်များအား အသိပေးဆောင်ရွက်လျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

သတင်းများ ရေးသားထုတ်လွှင့်ဖော်ပြရာတွင် တည်ဆဲဥပဒေများနှင့်အညီ ဖြစ်စေရန်နှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို အာဏာသိမ်းအစိုးရဟု လည်းကောင်း၊ အာဏာသိမ်းစစ်ကောင်စီဟု လည်းကောင်း မမှန်မကန် သုံးနှုန်းဖော်ပြခြင်းများ မပြုလုပ်ကြပါရန် ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မီဒီယာအဖွဲ့အစည်းများ၊ ထုတ်ဝေနေသော သတင်းစာ/ဂျာနယ်များသို့ အကြောင်းကြားစာ (၃)ကြိမ် ပေးပို့၍ မေတ္တာရပ်ခံ ဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အချို့သော သတင်းမီဒီယာများနှင့် သတင်းအဖွဲ့အစည်းများသည် အာဏာသိမ်း စစ်အစိုးရ၊ အာဏာသိမ်းစစ်ကောင်စီ စသည့် အသုံးအနှုန်းများကို ဆက်လက်ရေးသားဖော်ပြနေခြင်း၊ လူထုဆူပူအုံကြွမှုဖြစ်စေရန် ရည်ရွယ်၍ သတင်းမီဒီယာကျင့်ဝတ်နှင့် သွေဖည်ကာ ရေးသားဖော်ပြခြင်းတို့ကို ဆက်လက်လုပ်ဆောင်ဖော်ပြနေကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ အဆိုပါသတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ရေးသားဖော်ပြခြင်းမပြုသည့် သတင်းစာ/ ဂျာနယ်များအား သတင်းမီဒီယာဥပဒေ အခန်း(၄) ပုဒ်မ(၉)ပါ ပြဋ္ဌာန်းချက်များ၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ အခန်း(၄) ပုဒ်မ(၈)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးသားဖော်ပြပေးနိုင်ရေးအတွက် လိုအပ်သလို ကြီးကြပ်ဆောင်ရွက်ပေးပါရန် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီသို့ ၂၄-၂-၂၀၂၁ ရက်နေ့တွင် ထပ်မံမေတ္တာရပ်ခံအသိပေး အကြောင်းကြားထားကြောင်းနှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# CDM ပြုလုပ်ရန် နည်းအမျိုးမျိုးဖြင့် လှုံ့ဆော်/ဖိအားပေးသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်က အတည်ပြုဖွဲ့စည်းထားသော ဌာနတစ်ရပ်ရပ်၏ ရာထူးနေရာတစ်ခုခုတွင် ခန့်အပ်ခြင်းခံရပြီး နိုင်ငံတော်၏ ရသုံးမှန်းခြေငွေစာရင်းမှ လစာနှင့်စရိတ်ခံစားသူများ ဖြစ်ကြသည်။ သို့ဖြစ်၍ နိုင်ငံ့ဝန်ထမ်းအားလုံးသည် နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးစီးပွားကို ဦးတည်ပြီး ထမ်းရွက်ရမည့်လုပ်ငန်းတာဝန်၊ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းနှင့် စောင့်ထိန်းအပ်သော ကျင့်ဝတ်တို့ကို မပျက်မကွက် လိုက်နာစောင့်ထိန်းရမည်ဖြစ်သည့်အပြင် မည်သို့သော ဘေးပယောဂနှင့် အကျပ်ကိုင်ခြိမ်းခြောက်မှုများ ရှိစေကာမူ အစိုးရအဆက်ဆက်၏ ပေးအပ်သော နိုင်ငံ့တာဝန်များကို တာဝန်သိသိ၊ သစ္စာရှိရှိဖြင့် ထမ်းဆောင်ကြရမည့်သူများ ဖြစ်သည်။

ယခုအခါ နိုင်ငံ့ဝန်ထမ်းများအနက် အချို့မှာ အစိုးရယန္တရား ပျက်ပြားစေရန် ရည်ရွယ်ဆောင်ရွက်နေသည့် ရန်လိုဆန့်ကျင်သူတို့၏ နည်းအမျိုးမျိုးဖြင့် ဟန့်တားခြင်း၊ နှောင့်ယှက်ခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ ဖိအားပေးအကျပ်ကိုင် ခြိမ်းခြောက်ခြင်းများ၊ လူတစ်ဦးချင်း၏ အခွင့်အရေးနှင့်လွတ်လပ်ခွင့်အပေါ် ထိခိုက်စေသည့် ဆိုးရွားသောလုပ်ရပ်များ၊ လူ့တန်ဖိုးနှင့် ဂုဏ်သိက္ခာထိခိုက်စေသော အပြုအမူများကြောင့် နိုင်ငံ့တာဝန်များထမ်းဆောင်ရန် ပျက်ကွက်လျက်ရှိကြောင်း သိရှိရသည်။ ထိုသို့ ပျက်ကွက်သူများအနက် အများစုသည် ကိုယ်တိုင်ဆန္ဒမပါသော်လည်း ခြိမ်းခြောက်အကျပ်ကိုင်မှုများကိုမလွန်ဆန်နိုင်၍ လိုက်ပါဆောင်ရွက်နေရသူများ ဖြစ်ကြောင်း တွေ့ရှိရသည်။

အလားတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် တိုင်းဒေသကြီး၊ ပြည်နယ်မှ ရပ်ကွက်ကျေးရွာများအဆင့်ထိ စီမံအုပ်ချုပ်ရေးအဖွဲ့များ ခန့်အပ်တာဝန်ပေးအပ်ခဲ့ရာ တည်ငြိမ်အေးချမ်းရေးကို မလိုလားသူတို့က အုပ်စုဖွဲ့လျက် သက်ဆိုင်ရာအုပ်ချုပ်ရေးမှူးများအား ဖိအားပေးခြိမ်းခြောက်ခြင်း၊ အသက်အန္တရာယ်ရှိစေသည်အထိ ရန်ပြုခြင်း၊ အုပ်စုဖွဲ့ရမ်းကားဆန္ဒပြခြင်း၊ အုပ်ချုပ်ရေးရုံးများရှိ ဆိုင်းဘုတ်များဖြုတ်ချခြင်း၊ ရုံးမတက်နိုင်စေရန် တားဆီးပိတ်ဆို့မှုများ စသည့်အစိုးရအုပ်ချုပ်ရေးယန္တရားကို တိုက်ရိုက်ထိခိုက်စေသည့် ဥပဒေမဲ့လုပ်ရပ်များကို ထိပ်တိုက်ရင်ဆိုင်သည့်ပုံစံဖြင့် ပြောင်ပြောင်တင်းတင်း ချိုးဖောက်လာကြောင်း တွေ့ရသည်။

အထက်ပါ ဥပဒေမဲ့တရားလက်လွတ်ဆောင်ရွက်မှုများသည် ရာဇသတ်ကြီးပါ ပြဋ္ဌာန်းချက်များအရ အောက်ပါ ပြစ်မှုပြစ်ဒဏ်များဖြင့် ငြိစွန်းနေသည် -

- ရာဇသတ်ကြီးပုဒ်မ ၁၈၉ ပြည်သူ့ဝန်ထမ်းတစ်ဦး၏ အလုပ်ဝတ္တရားဆောင်ရွက်ခြင်းကို ခြိမ်းခြောက်လျှင် ထောင်ဒဏ် ၂ နှစ်ထိ
- ရာဇသတ်ကြီးပုဒ်မ ၁၂၄-ဃ အစိုးရ ရာထမ်းမှုထမ်းများအား တာဝန်ဝတ္တရား ဆောင်ရွက်မှုကို တားမြစ်ခြင်း၊ နှောင့်ယှက်ခြင်းပြုလျှင် ထောင်ဒဏ် ၇ နှစ်ထိ
- ရာဇသတ်ကြီးပုဒ်မ ၅၀၅(က) အစိုးရ ရာထမ်းမှုထမ်းများကို စိတ်ဓာတ်တက်ကြွမှု၊ စည်းကမ်းသေဝပ်မှု၊ ကျန်းမာမှု၊ ကျင့်ဝတ်ကို ပိတ်ပင်တားမြစ်ရန်၊ အနှောင့်အယှက်ပြုရန် ပြုလျှင် ထောင်ဒဏ် ၂ နှစ်ထိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူခဲ့သည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ၂၆ ရက်နေ့အထိ ပုဒ်မ ၁၄၄ ထုတ်ပြန်ထားခဲ့သော်လည်း စိတ်ရှည်သည်းခံစွာဖြင့် စောင့်ကြည့်ခြင်း၊ မေတ္တာရပ်ခံခြင်း၊ သတိပေးခြင်းများ အကြိမ်ကြိမ်ပြုလုပ်ခဲ့ပြီး ဖြစ်ပါသဖြင့် နိုင်ငံတော်၏ အကျိုးစီးပွားနှင့် အများပြည်သူ၏ လူမှုစီးပွားဘဝအပေါ် ထိခိုက်ပျက်စီးမှုမဖြစ်စေရေး ရှေးရှုလျက် ဖော်ပြပါပြဋ္ဌာန်းချက်များကို ချိုးဖောက်လာပါက မလွဲမရှောင်သာ ထိရောက်စွာအရေးယူဆောင်ရွက်ရလိမ့်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# မြဝတီခရိုင်/မြို့နယ်ရဲတပ်ဖွဲ့ဝင်များ မြဝတီမြို့ အထက(၁)ကျောင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

မြဝတီ ဖေဖော်ဝါရီ ၂၆

မြဝတီခရိုင်/မြို့နယ်ရဲတပ်ဖွဲ့ဝင်များ စုပေါင်းပြီး မြဝတီမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် စုပေါင်းသန့်ရှင်းရေးပြုလုပ်ခြင်းကို ယနေ့နံနက် ၇ နာရီက ပြုလုပ်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာ မြဝတီခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်မြင့်ဌေး၊ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်ကျော်အောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မြင့်ဌေး ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မာလာစိုးနှင့် ဆရာ ဆရာမများ စုပေါင်းဆောင်ရွက်ကြသည်။

ကျောင်းဝင်းအတွင်းရှိ အမှိုက်များ၊ ချုံနွယ်များကို ရှင်းလင်းပေးခြင်း၊ စာသင်ခုံများအား ရွှေ့ပြောင်းနေရာချပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်ပေးကြောင်း သိရသည်။

ထိန်လင်းအောင် (ပြန်/ဆက်)

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ အခြေခံပညာကျောင်းများနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်) ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၀) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်း၊ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)တို့သို့ သွားရောက်၍ သက်ဆိုင်ရာ ပညာရေးမှူးများ၊ ကျောင်းအုပ်များ၊ ဆရာ ဆရာမများနှင့်တွေ့ဆုံကာ ကိုဗစ်-၁၉ တားဆီးကာကွယ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ပြင်ဆင်ထားရှိမှုများကို လှည့်လည်ကြည့်ရှုသည်။

### ပညာသင်ယူမှုအခွင့်အလမ်း တူညီစွာရရှိရန်

လှည့်လည်ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက အခြေခံပညာကျောင်းများ၏ အဓိကကျသော စာသင်ဆောင်၊ စာသင်ခန်း၊ စာသင်ခုံ၊ သန့်စင်ခန်း၊ ရေ၊ မီး စသည့် အခြေခံအချက်အလက်များကို အဓိကထား၍ ပြုပြင်ပြင်ဆင်ထားကြရမည်ဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးရှိ အခြေခံပညာကျောင်းများ အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းပတ်ဝန်းကျင် သာယာရေးနှင့် ဝန်ထမ်းအိမ်ရာကဲ့သို့သော အသေးစိတ် လိုအပ်ချက်များကို ဖြည့်ဆည်းပြင်ဆင်ထားကြရန် လိုပါကြောင်း၊ လစ်လပ်နေသည့် ကျောင်းအုပ်များ အမြန်ဆုံး ခန့်ထားဖြည့်ဆည်းပေးသွားရန်ဖြစ်ပြီး သင်ကြားရေး၊ စီမံခန့်ခွဲရေးလုပ်ငန်းစဉ်များ ထိရောက်မြန်ဆန်ရေးအတွက် အလေးထားဆောင်ရွက်ရန်ဖြစ်ပါကြောင်း၊ မိမိကျောင်းအတွက် ဖြည့်ဆည်းရန်လိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြကြစေလိုပါကြောင်း၊ လိုအပ်ချက်အမှန်ကို တင်ပြမှသာ မှန်ကန်သော ဖြည့်ဆည်းမှုဖြင့် ပညာရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ပညာရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် မြို့လယ်ကျောင်း၊ မြို့စွန်ကျောင်း ခွဲခြားမှုမပြုဘဲ ကျောင်းများ၊ ဆရာဆရာမများအားလုံး တန်းတူအခွင့်အရေးရရှိရန် ဘက်လိုက်မှု ကင်းရှင်းစွာဖြင့် ညီမျှစွာဖြည့်ဆည်းဆောင်ရွက်ပေးရမည်ဖြစ်ပါကြောင်း၊ ဆရာဆရာမများအနေဖြင့် နိုင်ငံ၏အနာဂတ်ခေါင်းဆောင်များဖြစ်သည့် ကျောင်းသား ကျောင်းသူများအားလုံးကို ပညာသင်ယူမှုအခွင့်အလမ်း တူညီစွာရရှိရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြစေလိုပါကြောင်း မှာကြားသည်။

ထို့နောက် ဆရာ ဆရာမများက မိမိတို့၏အခက်အခဲများနှင့် သိလိုသည်များကိုတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်) နည်းပညာနှင့် သက်မွေးပညာသင်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိမှုအခြေအနေများ ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ နေပြည်တော် ဇမ္ဗူသီရိမြို့နယ် ခနသိဒ္ဓိရပ်ကွက်ရှိ အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်) သို့ သွားရောက်၍ နည်းပညာနှင့် သက်မွေးပညာသင်တန်းကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

ပြည်ထောင်စုဝန်ကြီးက နည်းပညာနှင့် သက်မွေးပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် သင်ကြားရေးနှင့် စီမံခန့်ခွဲရေးပြင်ဆင်ဆောင်ရွက်မှုများကို သတ်မှတ်ကာလအတွင်း ထိရောက်မြန်ဆန်စွာ ပြီးစီးနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုပါကြောင်းနှင့် လူငယ်လူရွယ်များ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဝင်ငွေရရှိစေရန်အတွက် နိုင်ငံတကာနှင့်ပူးပေါင်း၍ ဒေသထွက် စားသောက်ကုန်ကြမ်းများအသုံးပြုကာ အစားအသောက်နှင့် မုန့်မျိုးစုံထုတ်လုပ်ရေး နည်းပညာသင်တန်းများ ဖွင့်လှစ်ရေးနှင့် လယ်ယာသုံး စက်ကိရိယာများမောင်းနှင်၊ ပြုပြင်ခြင်းဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းများ ဖွင့်လှစ်လေ့ကျင့်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားသည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းအတွင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် မှာကြားသည်။

### သင်တန်းများဖွင့်လှစ်နိုင်ရေး ဆောင်ရွက်

အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)တွင် မြို့ပြအင်ဂျင်နီယာဘာသာရပ် (Civil Engineering)၊ လျှပ်စစ်ဆက်သွယ်ရေးအင်ဂျင်နီယာဘာသာရပ်(Electronic Engineering)၊ လျှပ်စစ်စွမ်းအား အင်ဂျင်နီယာဘာသာရပ် (Electrical Power Engineering)၊ စက်မှုစွမ်းအား အင်ဂျင်နီယာဘာသာရပ် (Mechanical Engineering) နှင့် သုတနည်းပညာ အင်ဂျင်နီယာဘာသာရပ် (Information Techno-logy) စသည့် ပုံမှန် AGTI သင်တန်းများ ဖွင့်လှစ်လျက်ရှိပြီး ဒေသလိုအပ်ချက်နှင့်ကိုက်ညီသည့် ကျွမ်းကျင်မှုဆိုင်ရာ ကာလတိုသင်တန်းများဖွင့်လှစ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

နည်းပညာ၊ သက်မွေးပညာနှင့် လေ့ကျင့်ရေးဦးစီးဌာနအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေတွင် အစိုးရစက်မှုလက်မှုသိပ္ပံ(နေပြည်တော်)၊ အစိုးရနည်းပညာ အထက်တန်းကျောင်း (နေပြည်တော်)နှင့် အင်္ဂလိပ်ဘာသာကျွမ်းကျင်မှု သင်တန်းကျောင်း(နေပြည်တော်)တို့ကို ဖွင့်လှစ်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**

# သက်ကြီးရွယ်အိုများဆိုင်ရာနည်းဥပဒေများ(မူကြမ်း)ရှင်းလင်းတင်ပြ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေများ (မူကြမ်း) ရှင်းလင်းတင်ပြခြင်း အခမ်းအနားကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (အောက်ပုံ)

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယအမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



### အတည်ပြုနိုင်ရေး ဆောင်ရွက်

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများ၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ ပြဋ္ဌာန်းပြီးဖြစ်သည့် ဥပဒေ / နည်းဥပဒေများ၊ ပြဋ္ဌာန်းရန်အတွက် ဆောင်ရွက်လျက်ရှိသည့် ဥပဒေ / နည်းဥပဒေ(မူကြမ်း)များကို မိမိအနေဖြင့် လေ့လာနေဆဲ ကာလဖြစ်ပါကြောင်း၊ ယနေ့ရှင်းလင်းတင်ပြမည့် သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေ (မူကြမ်း)နှင့်ပတ်သက်၍လည်း သက်ဆိုင်ရာဌာနများ၏ သဘောထားမှတ်ချက် ရယူဆောင်ရွက်ခြင်း လုပ်ငန်းစဉ်များပြီးစီးပါက အတည်ပြုနိုင်ရေးအတွက် ဆက်လက် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သက်ကြီးရွယ်အိုများအတွက် လိုအပ်သည့် စောင့်ရှောက်မှုလုပ်ငန်းများ အပြည့်အဝရရှိရေး၊ ကိုယ်၊ စိတ်နှလုံးအေးချမ်းစွာ နေထိုင်နိုင်အောင် စောင့်ရှောက်နိုင်ရေး အရေးကြီးပါကြောင်း၊ မိခင်ဝမ်းတွင်းမှ သက်ကြီးရွယ်အိုအထိ ပြည်သူတို့၏ အကျိုးကို ထမ်းရွက်နေသည့် လုပ်ငန်းဆောင်တာများကို သင်ယူလေ့လာပြီး အကောင်းဆုံး၊ အကျိုးရှိဆုံးဖြစ်အောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ရန်ပုံငွေ ရရှိရေး

ဆက်လက်၍ လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ရှိသူများက သက်ကြီးရွယ်အိုများဆိုင်ရာ နည်းဥပဒေ (မူကြမ်း)ရေးဆွဲထားရှိမှုအခြေအနေများ၊ နည်းဥပဒေ (မူကြမ်း) အတည်ပြုနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံ သက်ကြီးရွယ်အိုများဆိုင်ရာ ကော်မတီဖွဲ့စည်းထားရှိမှု၊ အစည်းအဝေးများကျင်းပဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက သိရှိလိုသည့်အချက်များ၊ မရှင်းလင်းသည့်အချက်များကို မေးမြန်းဆွေးနွေးပြီး တိုင်းဒေသကြီး/ ပြည်နယ်များမှ တာဝန်ရှိသူများ ပါဝင်သည့် ကော်မတီအစည်းအဝေးများ ကျင်းပနိုင်ရေးကိစ္စများ၊ သက်ကြီးရွယ်အိုဆိုင်ရာ ရန်ပုံငွေ ရရှိရေး ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## အများအားဖြင့် သာယာမည်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ကချင်ပြည်နယ်တွင် နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

**မိုး/ဇလ**

# ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

**ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးနှင့် ထာဝရငြိမ်းချမ်းရေးအတွက် ထုတ်ပြန်ချက်**

**(၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်နေ့)**

**(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၆ ရက်)**

၁။ တပ်မတော်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကိုဖွဲ့စည်းပြီး ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ချမှတ်၍ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့် ဘက်ပေါင်းစုံမှ တိုးတက်ကောင်းမွန်လာစေရန် အင်တိုက်အားတိုက်လုပ်ဆောင်လျက်ရှိပါသည်။

၂။ ထို့ပြင် နိုင်ငံတော်အတွက် ထာဝရငြိမ်းချမ်းရေး အောင်မြင်ပြီးဆုံးသည်အထိ ဆောင်ရွက်ရန်မှာ မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်တွင် လက်မှတ်ရေးထိုးပြီးသော လက်နက်ကိုင်အဖွဲ့များ၊ လက်မှတ်ရေးထိုးရန်ကျန်ရှိသည့် ဆက်လက်ဆွေးနွေးဆဲဖြစ်သော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အမြန်ဆုံး ဆက်လက်ဆွေးနွေးနိုင်ရေးအတွက် တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီကိုလည်း ဖွဲ့စည်းထားရှိပြီး ဖြစ်ပါသည်။

၃။ အဆိုပါ တပ်မတော်၏ ငြိမ်းချမ်းရေးဆွေးနွေးမှုကော်မတီနှင့် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) လမ်းကြောင်းအတိုင်း (NCA) လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေး ပိုမိုခိုင်မာအောင် ဆက်လက်ဆွေးနွေးခြင်း၊ (NCA) လက်မှတ်မရေးထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား လက်မှတ်ရေးထိုးနိုင်သည်အထိ ဆက်လက် ဆွေးနွေးခြင်းများပြုလုပ်နိုင်ရေး၊ ထာဝရငြိမ်းချမ်းရေး အောင်မြင်ပြီးဆုံးသည်အထိ လိုအပ်သည်များအား ဆက်လက်ဆွေးနွေးသွားနိုင်ရေးနှင့် ကမ္ဘာတစ်ဝန်းရင်ဆိုင်ရလျက်ရှိသည့် COVID- 19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို လွယ်ကူစွာဆောင်ရွက်နိုင်ရေးတို့အတွက် မြန်မာနိုင်ငံတစ်ဝှမ်းလုံး၌ နိုင်ငံတော်ကာကွယ်ရေးနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များမှအပ တပ်မတော်၏ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်မှ ၃၁ ရက်အထိ ရပ်ဆိုင်းပေးသွားမည် ဖြစ်သည်။

၄။ သို့ဖြစ်ပါ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်နေကြသည့် အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များအားလုံးအနေဖြင့် တိုင်းရင်းသားပြည်သူလူထုအားလုံး၏ လိုအင်ဆန္ဒဖြစ်သည့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီလမ်းစဉ်ကို နည်းမှန်လမ်းမှန် လျှောက်လှမ်းနိုင်ရေးတို့အတွက် တပ်မတော်မှ စစ်ရေးဆိုင်ရာ လှုပ်ရှားမှုများ တိုးမြှင့်ရပ်စဲပေးထားသည့်ကာလများကို ယခင်ကထက် ပိုမို ထိရောက်အကျိုးရှိစွာအသုံးပြု၍ ညှိနှိုင်းဆွေးနွေးမှုများကို ဆက်လက်ဆောင်ရွက်ပြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း တိုက်တွန်းထုတ်ပြန်အပ်ပါသည်။

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး**

---

✻ *ကျောဖုံးမှ*

ကောင်စီက ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်အနက် ပထမလုပ်ငန်းစဉ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အနေဖြင့် ဖေဖော်ဝါရီ ၅ ရက်မှစ၍ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် ပေါ်ပေါက်ခဲ့သည့် မဲမသမာမှုများနှင့်စပ်လျဉ်းပြီး လိုအပ်သည့် စုံစမ်းစစ်ဆေးမှုများကို စတင်ပြုလုပ်လျက်ရှိပါကြောင်း။

**စုံစမ်းစစ်ဆေးမှုများပြုလုပ်**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် သက်ဆိုင်ရာ လွှတ်တော် အသီးသီးအတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ထုတ်ပေးထားသော လွှတ်တော်ကိုယ်စားလှယ်အဖြစ် အသိအမှတ် ပြုလွှာများသည် မဲမသမာမှုများအတွက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေစဉ်ကာလအတွင်း အကျိုးသက်ရောက်မှု တစ်စုံတစ်ရာမရှိကြောင်းကို ဖေဖော်ဝါရီ ၅ ရက်စွဲဖြင့်လည်းကောင်း၊ ရွေးကောက်ပွဲကာလတွင် မဲစာရင်းကောက်ယူပြုစုခြင်း၊ ကြိုတင်မဲပေးခြင်း၊ ရွေးကောက်ပွဲ ကျင်းပသည့်နေ့ မဲရုံတွင် မဲပေးခြင်း စသည့် ရွေးကောက်ပွဲ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ မဲမသမာမှုများ၊ တရားမဲ့ပြုကျင့်မှုများကို သိရှိသည့် ပြည်သူများမှ တိုင်ကြားနိုင်ရန် အသိပေးကြေညာချက်နှင့် မဲစာရင်းကွာဟမှုများကို ရွေးကောက်ပွဲ ကျင်းပသည့်နေ့တွင် အသုံးပြုခဲ့သည့် မဲစာရင်းများ၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ရရှိသည့် လူဦးရေစာရင်းများ၊ မြေပြင်အခြေအနေများနှင့် ကွင်းဆင်းတိုက်ဆိုင် စစ်ဆေးလျက်ရှိပြီး စစ်ဆေး တွေ့ရှိချက်များအား ထုတ်ပြန်သွားမည် ဖြစ်ကြောင်း တို့ကို ဖေဖော်ဝါရီ ၁၁ ရက်စွဲဖြင့်လည်းကောင်း၊ နေပြည်တော်၊ ပြည်ထောင်စုနယ်မြေရှိ မြို့နယ် ၈ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှုများကို ဖေဖော်ဝါရီ ၁၆ ရက်တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းခရိုင်ရှိ ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်တို့၏ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှုများကို ဖေဖော်ဝါရီ ၂၂ ရက်တွင် လည်းကောင်း၊ အထွေထွေ ရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်ရိုက်နှိပ်မှုနှင့် စစ်ဆေးတွေ့ရှိချက်များကို ဖေဖော်ဝါရီ ၂၃ ရက်နှင့် ဖေဖော်ဝါရီ ၂၄ ရက်တို့တွင်လည်းကောင်း၊ လွှတ်တော်ကိုယ်စားပြု ကော်မတီများ ဖွဲ့စည်း ဆောင်ရွက်နေမှုအပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်းကို ဖေဖော်ဝါရီ ၂၅ ရက်တွင်လည်းကောင်း ထုတ်ပြန်ကြေညာခဲ့ပြီး ဖြစ်ပါကြောင်း၊ မဲစာရင်း စိစစ်တွေ့ရှိချက်များနှင့် စပ်လျဉ်း၍ တွေ့ရှိချက်များကို အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်ပါကြောင်း။

**ကျင်းပပေးသွားမည်**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် ၅ ရပ်တွင်ပါရှိသော ပထမလုပ်ငန်းစဉ်ကို ဆောင်ရွက်ပြီးပါက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေ၊ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ကျင်းပပေးသွားမည်ဖြစ်ပါကြောင်း၊ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ဥပဒေနှင့်အညီ ကျင်းပပေးနိုင်ရေးအတွက် မဲဆန္ဒရှင်စာရင်းကို ပြုစုသွားမည်ဖြစ်ပါကြောင်း၊ ဆန္ဒမဲပေးပိုင်ခွင့်ရှိသော မဲဆန္ဒရှင်စာရင်းသည် ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့၌ အသက် ၁၈ နှစ်ပြည့်ပြီး ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့် ရသူများသာ ဖြစ်ရမည် ဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲများကို တည်ငြိမ်အေးချမ်းပြီး အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပိုမိုကောင်းမွန်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံရေးပါတီများနှင့် ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီများမှ အခက်အခဲများ၊ အကြံပြုချက်များရှိပါက အကြံပြုပေးကြပါရန် ပြောကြားသည်။

**တင်ပြ ဆွေးနွေး**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာသည့် နိုင်ငံရေးပါတီများက မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ ရက်ပေါင်း ၉၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပတွင် ရောက်ရှိနေသော မဲဆန္ဒရှင်များအနေဖြင့် ရောက်ရှိနေသည့်နေရာတွင် ဆန္ဒမဲပေးခြင်းဆိုင်ရာများ၊ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာ ရေးဆိုင်ရာများ၊ ရွေးကောက်ပွဲစနစ် ပြင်ဆင်ရေး၊ လွှတ်တော်ကိုယ်စားပြုကော်မတီများ ဖွဲ့စည်းဆောင်ရွက်နေမှုအပေါ် အရေးယူဆောင်ရွက်ရေးနှင့် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကို လွတ်လပ်တရားမျှတပြီး အောင်မြင်စွာ ကျင်းပပေးရေးတို့ကို တင်ပြဆွေးနွေးခဲ့ကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌက ပြန်လည် ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိဂုံးချုပ်စကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

❖*ကျောဖုံးမှ*

အထက်ပါ အကြမ်းဖက်ဆူပူမှုများသည် ထုတ်ပြန်ထားသော ရာဇဝတ် ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ အောက်ပါရာဇသတ်ကြီး ပါပြဋ္ဌာန်းချက်များနှင့် ငြိစွန်းလျက်ရှိသည်-

- ရာဇသတ်ကြီးပုဒ်မ ၁၄၃ ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးတစ်ခုတွင် ပါဝင်သူဖြစ်လျှင် ထောင်ဒဏ် ၆ လထိ
- ရာဇသတ်ကြီးပုဒ်မ ၁၄၄ ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးတွင် သေစေလောက်သော လက်နက်ကို ကိုင်စွဲလျက် ပါဝင်သူဖြစ်လျှင် ထောင်ဒဏ် ၂ နှစ်ထိ
- ရာဇသတ်ကြီး ပုဒ်မ ၁၄၅ ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးကို လူစုခွဲရန် အမိန့်ပေးပြီးကြောင်း သိရှိပါလျက် ဆက်လက်ပါဝင်နေသူဖြစ်လျှင် ထောင်ဒဏ် ၂ နှစ်ထိ
- ရာဇသတ်ကြီး ပုဒ်မ ၁၅၂ ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးကို လူစုခွဲရန် ကြိုးပမ်းနေသော ပြည်သူ့ဝန်ထမ်းကို လက်ရောက်မှု၊ ခြိမ်းခြောက်မှု၊ ဟန့်တားမှု၊ အနိုင်အထက်ပြုမှုကို ပြုလျှင် ထောင်ဒဏ် ၃ နှစ်ထိ
- ရာဇသတ်ကြီးပုဒ်မ ၁၈၈ ပြည်သူ့ဝန်ထမ်းက နည်းလမ်းတကျ ထုတ်ပြန်ကြေညာသောအမိန့်ကို ဖီဆန်လျှင် ထောင်ဒဏ် ၆ လထိ
- ရာဇသတ်ကြီး ပုဒ်မ ၃၃၃ တာဝန်ဝတ္တရားဆောင်ရွက်နေသော ပြည်သူ့ဝန်ထမ်းကို မိမိအလိုအလျောက် အပြင်းအထန် နာကျင်စေလျှင် ထောင်ဒဏ် ၁၀ နှစ်ထိ
- ရာဇသတ်ကြီး ပုဒ်မ ၁၂၄-ဂ နိုင်ငံတော်ငြိမ်ဝပ်ပိပြားရေးကို ထိန်းသိမ်းဆောင်ရွက်ရန် တာဝန်ဝတ္တရားကို ဆောင်ရွက်နေသည့်အဖွဲ့များ၏ ဆောင်ရွက်မှု အောင်မြင်ရေးကို နှောင့်နှေးစေရန်၊ ပျက်ပြားစေရန် ပြုမူဆောင်ရွက်လျှင် ထောင်ဒဏ် ၂၀ နှစ်ထိ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှစတင်၍ အရေးပေါ်ကာလ ၃ ပတ်ကျော် အတွင်း စိတ်ရှည်သည်းခံစွာဖြင့် မေတ္တာရပ်ခံခြင်း၊ သတိပေးခြင်းများ ဆောင်ရွက်ခဲ့သော်လည်း ပြည်သူလူထုအများစု၏ တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုမှုအား ထိခိုက်စေရန် ရည်ရွယ်လုပ်ဆောင်နေကြသည့် ဥပဒေမဲ့အုပ်စုဖွဲ့ မင်းမဲ့စရိုက်ဆန်သော (Anarchy Mob) အသွင်ရောက်ရှိရန် အရှိန်မြှင့်တင်ကြိုးပမ်းလာကြောင်း တွေ့ရှိရသဖြင့် နိုင်ငံတော်၏ အကျိုးစီးပွားနှင့် အများပြည်သူ၏ လူမှုစီးပွားဘဝအပေါ် ထိခိုက်ပျက်စီးမှုမရှိစေရေးတို့အတွက် အထက်ပါပြဋ္ဌာန်းချက်များကို ချိုးဖောက်လာပါက မလွဲမရှောင်သာ ထိရောက်စွာ အရေးယူဆောင်ရွက်သွားရလိမ့်မည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**သတင်းထုတ်ပြန်ရေးအဖွဲ့**

# ဘဝနှင့် ရင်း၍

**အေးငြိမ်းအောင်**

"ဘိုးဘိုး မြို့ထဲက ပြန်လာပြီ....မီးမီးအတွက် ဘာမုန့်ပါလာလဲ ဘိုးဘိုး"

မူလတန်းကျောင်းအုပ်ဆရာကြီး ဦးငြိမ်းမှာ မြို့ထဲသို့သွား၍ ပင်စင်ထုတ်ရာမှ ပြန်အလာ မြေးမငယ်လေးက အိမ်ဝမှ ပြေးဆီးကြို နှုတ်ဆက်ရင်း မုန့်ထုပ်ကို ပြေးယူနေသဖြင့် –

"မီးငယ်ရယ်.... ဘိုးဘိုး အမောဖြေပါစေဦး.... ပင်စင်ထုတ်ရတာ အဆင်ပြေရဲ့လားအဖေ။ ကျွန်တော် ဂျူတီကျနေလို့ လိုက်မပို့နိုင်ပေမယ့် ကြားထားတဲ့ သတင်းတွေကြောင့် အဖေ့ကို စိတ်တွေပူနေတာ"

"အဖေလည်း သွားသာသွားရတာ အရင်လို စိတ်အေးလက်အေးနဲ့ လုပ်ဖော်ကိုင်ဖက်ဟောင်းတွေနဲ့ ဆုံရတဲ့အချိန် လက်ဖက်ရည်ဆိုင်ထိုင်ဖို့ထက် ဘဏ်ကို အစောကြီးရောက်အောင်သွားပြီး မြန်မြန်ထုတ်နိုင်ဖို့ပဲ စိတ်စောနေမိတာ။ သွားတဲ့လမ်းတစ်လျှောက်လုံးလည်း ဖြောင့်ဖြောင့်တန်းတန်းမှ ရောက်နိုင်ပါ့မလား ရင်တမမနဲ့ပေါ့ သားရယ်...."

"ကျွန်တော့် ဂျူတီလဲမရလို့သာ အဖေ့ကို တစ်ယောက်တည်း ခုချိန်မှာ လွှတ်လိုက်ရတာ ခုဂျူတီပြီးလို့ အဖေ့နောက်လိုက်လာတော့မလို့"

"အိမ်က စိတ်ပူနေကြမှာစိုးလို့ ခုဆို စောစောထုတ်ရတာနဲ့ အဖေအိမ်ပဲ တန်းပြန်လာခဲ့တာ သားရဲ့...."

"ကျွန်တော်သာ လိုက်လာရင် လွဲတော့မလို့။ ကျွန်တော်က ဒီအချိန် အဖေပင်စင်ထုတ်လို့ရမှာ မဟုတ်သေးဘူး ထင်နေတာ။ ဒါနဲ့ အဖေတို့ဌာနက ငယ်သူငယ်ချင်းတွေနဲ့ရော ဆုံဖြစ်ခဲ့သေးလား"

### တပျော်တပါးလုပ်ကိုင်ခဲ့ကြ

"ဒီတစ်ခေါက်တော့ မဆုံခဲ့ရပါဘူး သားရယ်၊ အဖေတို့လို သက်ကြီးရွယ်အို ပင်စင်စားတွေက ပင်စင်သာ ယူလိုက်ကြရပေမယ့် ခုချိန်ထိ ကိုယ်လုပ်ကိုင်ခဲ့တဲ့ ဌာနတွေကို ချစ်ခင်မြတ်နိုးစိတ်၊ လုပ်ဖော်ကိုင်ဖက်တွေအပေါ် တန်ဖိုးထားခင်မင်တဲ့ စိတ်ရှိတယ်သား၊ ပြန်ဆုံဖြစ်ကြရင်လည်း အရင်လုပ်ငန်းခွင်ထဲမှာ တပျော်တပါးလုပ်ကိုင်ခဲ့ကြတာတွေကို ပြန်ပြောကြရင်း လွမ်းတဲ့စိတ်တွေ ဖြေနေကြရတာကွယ့်...."

"အဖေတို့ကိုကြည့်ရတာ မသိရင် တကယ့် ညီအစ်ကိုမောင်နှမရင်းချာတွေလိုပဲနော် ...."

"အဖေတို့ရဲ့ မိသားစုဝင်တွေလို့ပဲ အဖေက သတ်မှတ်ထားတယ်သား ...."

ဖခင်ဖြစ်သူ ဦးငြိမ်းလိုပင် သားဖြစ်သည့် ကိုငြိမ်းဦးသည်လည်း သူ့လုပ်ငန်းခွင်၊ သူ့လုပ်ဖော်ကိုင်ဖက်များကို ခင်တွယ်သံယောဇဉ်ကြီးသူဖြစ်သည်။ နာဂစ်မုန်တိုင်းကြောင့် သစ်ပင်များလမ်းပေါ် ပြိုလဲပြီး သွားလာရေး ခက်ခဲနေချိန်တွင် သူတာဝန်ကျရာကျောင်းနှင့် မနီးမဝေးတွင်နေသည့် ကိုငြိမ်းဦးက အိမ်ပင်မပြန်တော့။ သွားလာရေးမလွယ်ကူသော အဝေးတွင်နေကြသည့် လုပ်ဖော်ကိုင်ဖက်များ ကိုယ်စား သူကဒိုင်ခံတာဝန်ယူပေးခဲ့သည်။ သူတို့ကျောင်းတွင် မိဘမဲ့ကလေးငယ် ရာကျော်ရှိနေသဖြင့် ကလေးများအတွက် စားရေးသောက်တာက အစ နေမှု၊ ထိုင်မှုစသည့် ကိစ္စမျိုးစုံကိုဆောင်ရွက်ပေးရန် နေမကောင်းလျှင်ပင် ခွင့်မယူဘဲ အနွေးထည်ဝတ်၊ ဆေးသောက်ပြီး တာဝန်ကျသည့် လုပ်ငန်းခွင်တွင် ပျက်ရက်မရှိ ထမ်းဆောင်နေစမြဲ။

### သားကို နားလည်ပေးပါ

"အမေရယ်.... သားအလုပ်က သက်ရှိလူသားလေးတွေကို တာဝန်ယူဆောင်ရွက်ပေးနေရတာ ဖြစ်လို့ သား သူတို့အနားမှာရှိနေမှ ဖြစ်မှာမလို့ပါ။ အိမ်မပြန်ဖြစ်တာကြာလည်း သားကို နားလည်ပေးပါနော်...."

ကိုငြိမ်းဦးက အိမ်က မိဘနှစ်ပါး၊ ဇနီးသည်နှင့် သားတို့ကို သူ့လုပ်ငန်းခွင်အကြောင်း ပြောပြထားသဖြင့် လွမ်းလျှင်မိသားစုက သူရှိရာသို့ လိုက်လာတွေ့ကြရသည်။ ဖခင်ဖြစ်သူဦးငြိမ်းကိုယ်တိုင်က–

"သား ခုလို အလုပ်ကို ကိုယ်ရောစိတ်ပါနှစ်ပြီး ကလေးတွေအပေါ် မေတ္တာ၊ စေတနာပါထည့် လုပ်ပေးနေတာမြင်ရတော့ သိပ်ဝမ်းသာတယ်သား၊ သားကို လိုအပ်နေတဲ့ ကလေးတွေအတွက် သား ဘဝနဲ့ ရင်းနှီးပေးဆပ်ပေးခဲ့တဲ့ အချိန်တွေက ဘယ်တော့မှ မေ့ပျောက်မသွားနိုင်မယ့် အမှတ်တရတွေပဲပေါ့ကွယ်...."

### အားပေးနှစ်သိမ့်

"သားအဖေတုန်းကလည်း ပညာရေးဝန်ထမ်းအဖြစ် နယ်အနှံ့ တာဝန်ထမ်းဆောင်ခဲ့တုန်းက ဘယ်လောက်ကြီးဝေးတဲ့ နယ်စွန်နယ်ဖျားဖြစ်ဖြစ် သွားရောက် တာဝန်ထမ်းဆောင်ပြီး ကျောင်းသူ၊ ကျောင်းသားလေးတွေ ပညာတတ်မြောက်ပြီး အနာဂတ်နိုင်ငံတော်ကြီးအတွက် ခေါင်းဆောင်ကောင်းတွေ၊ အသိပညာရှင်၊ အတတ်ပညာရှင်တွေ ဖြစ်လာရလေအောင် ကျရာတာဝန်ကို ဘယ်တော့မှ မငြင်းဘဲ ကျေပွန်စွာထမ်းဆောင်ခဲ့တယ်။ ခုလို သူပင်စင်စားကြီးဘဝ ရောက်ရှိနေချိန်မှာ ဘယ်တုန်းက တပည့်က ဘယ်မှာဘယ်ရာထူးတွေနဲ့ စီးပွားရေးလုပ်တဲ့သူတွေဆိုလည်း ဘယ်လောက်အောင်မြင်ကြီးပွားချမ်းသာနေကြပြီး နယ်ပယ်အလိုက် အရေးပါ အရာရောက်သူတွေ ဖြစ်နေပြီဆိုတဲ့ သတင်းကြားနေရတာနဲ့တင် ပီတိဖြစ်နေရှာတာလေ။ ဘဝခရီးကို ရှုံးနိမ့်မှုတွေနဲ့ ဖြတ်သန်းနေကြရရှာတဲ့ တပည့်တွေအတွက်လည်း ဆုမွန်ကောင်းတွေတောင်းပေးရင်း ပြန်နာလန်ထူနိုင်အောင် အောင်မြင်မှုတွေ အသစ်တစ်ဖန်ပြန်ရနိုင်အောင် တိုက်တွန်း အားပေးနှစ်သိမ့်ပေးနေရတာပေါ့ကွယ် ...."

"အစ်ကို စိတ်ဖြောင့်ဖြောင့်နဲ့သာ လုပ်ပါ။ ကျွန်မ အနီးကပ်စောင့်ရှောက်ပေးနေလို့ အဖေနဲ့ အမေ့ ကျန်းမာရေးအတွက်လည်း မပူနဲ့နော်။ အစ်ကို့သားကိုလည်း နားလည်အောင် ကျွန်မသေချာပြောပြထားပါတယ်။ သားမှာ ပြုစုစောင့်ရှောက်ပေးမယ့် အဘိုး၊ အဘွားနဲ့ အမေပါ ရှိနေတာပဲလေ။ ဒီက ကလေးတွေထဲမှာ နာဂစ်ကြောင့် မိဘကို ရုတ်တရက် ဆုံးရှုံးသွားရရှာတဲ့ ကလေးတွေပါ ရောက်လာတယ်ကြားလို့ သူတို့လေးတွေ စိတ်ဒဏ်ရာ သက်သာအောင်သာ သေချာဂရုစိုက်ပေး လိုက်ပါနော်...."

မိဘနှစ်ပါးနှင့် ဇနီးသည်က နားလည်စာနာတတ်ကြသူများဖြစ်၍ သူတို့ကျောင်းရောက်လာသည်နှင့် တတ်နိုင်သည့်ဘက်မှ ဝိုင်းကူပေးကြသည်။ သားကတော့ ကလေးပီပီ ရွယ်တူလေးများနှင့် တွေ့သည်နှင့် ကစားကြ၊ ဘောလုံးကန်ကြနှင့် အိမ်ပြန်ဖို့ခေါ်သည်ကိုပင် ပြန်မလိုက်ချင်။

* * * * * * * * * * * * * * * * * * * * * * * * * * * * * * *

မူလတန်းကျောင်းအုပ်ဆရာကြီး ဦးငြိမ်း၏သားဆိုသည်ကို သိလိုက်ရသည်နှင့် ဖခင်ကြီး၏ တပည့်ဟောင်းများက သူ့အပေါ် ညီအစ်ကိုရင်းချာလို တရင်းတနှီးဆက်ဆံကြသဖြင့် ပညာရေးဝန်ထမ်းတစ်ဦး၏ သားဖြစ်ခွင့်ရခြင်းကို ကိုငြိမ်းဦး ဂုဏ်ယူနေမိသည်။ ဖခင်ဦးငြိမ်းက နိုင်ငံ့ဝန်ထမ်းဖြစ်သည့် သားဖြစ်သူကို–

"သားအနေနဲ့ နိုင်ငံ့ဝန်ထမ်းပီပီ ဝန်ထမ်းကျင့်ဝတ်၊ စည်းကမ်းကို ဘယ်တော့မှမဖောက်လေနဲ့ ငါ့သား၊ နာမည်ကောင်းတစ်လုံးရဖို့ နှစ်ပေါင်းများစွာ ရင်းနှီးတည်ဆောက်ယူကြရပေမယ့် အဲဒီ နာမည်ကောင်းကို ဆက်ထိန်းသိမ်းမထားနိုင်ရင် တစ်ခဏအတွင်းမှာပဲ ပျက်စီးသွားတတ်တယ်...."

"သားမှာ အဖေ့သွေးအပြည့်ပါဗျာ၊ ငွေနဲ့ ဂုဏ်သိက္ခာကို လုံးဝမလဲခဲ့တဲ့ အဖေ့လိုစိတ်မျိုး သားမှာလည်း ရှိပါတယ်။ ကိုယ်လုပ်ခဲ့မိတဲ့ အရိပ်မည်းကြီးက ကိုယ့်ဘဝတစ်လျှောက်လုံး နောက်ကနေ တကောက်ကောက်လိုက်နေမှာမျိုး သား ဘယ်တော့မှ အဖြစ်မခံပါဘူး။ သားကို စိတ်ချပါ အဖေ...."

ကိုငြိမ်းဦးက ဖခင်ဦးငြိမ်းလို စိတ်မျိုးထပ်တူဖြစ်ခဲ့သော်လည်း ခေတ်လူငယ်ဖြစ်နေသည့် ကိုငြိမ်းဦး၏သား ငြိမ်းချမ်းကတော့ ဖခင်နှင့် အဘိုးလို စိတ်မဟုတ်။

"ဖေဖေရေ၊ ကိုကြီးငြိမ်းချမ်း အလုပ်မသွားဘဲ သူငယ်ချင်းတွေ လာခေါ်တဲ့နောက် လိုက်သွားမလို့တဲ့။ ကိုကြီး ဖုန်းပြောနေတာ ကြားလိုက်တယ် ဖေဖေ...."

"တယ်...ဒီကောင်မလေး၊ ဝင်ရှုပ်ပြန်ပြီ...."

ငြိမ်းချမ်း ဒေါသဖြစ်သွားရကာ အသက်အရွယ်ကွာသည့် ညီမခေါင်းကို ထုသည်။

"အား...နာတယ်... နာတယ်...၊ ဘိုးဘိုးရေ၊ မီးမီးကို ကိုကြီးအနိုင်ကျင့်နေတယ် ဘိုးဘိုး......"

ငြိမ်းချမ်းမှာ ညီမငယ်အော်သံကြောင့် စိုးရိမ်တကြီးပြေးလာကြသည့် အဘိုးနှင့် ဖခင်ကို–

"ဘာမှမဟုတ်ပါဘူး...ဒီကောင်မလေး အလကား လျှောက်ပြောနေတာပါ...."

"ဒါဆို သား ခုဘယ်သွားမှာလဲ ဖေဖေကို ပြောပြစမ်းပါဦး ...."

ဖခင်အမေးကို ရုတ်တရက် ငြိမ်းချမ်း ပြန်မဖြေနိုင်။

"သား ဘယ်သွားမယ်ဆိုတာ ဘိုးဘိုးရော ဖေဖေပါ သိနေတယ်သား ...."

### တာဝန်မဲ့တဲ့သူ ဖြစ်သွားလိမ့်မယ်

"ငါ့မြေးက ခုရေသန့်ကုမ္ပဏီမှာ အော်ဒါတွေ လက်ခံပေးပြီး ရောင်းချဖို့ ချိတ်ဆက်ဆောင်ရွက်ပေးနေရတဲ့ နေရာမှာ တာဝန်ယူထားရတာနော်။ ဒါဆို ငါ့မြေးမရှိရင် အော်ဒါတွေ ဘယ်သူလက်ခံပေးမလဲ။ လူဆိုတာ ကိုယ်တာဝန်ယူထားရင် မျက်နှာလွှဲခဲပစ် ထားပစ်ခဲ့လို့ မသင့်တော်ဘူးလေ။ ရေလိုနေတဲ့သူတွေကို ဖြည့်ဆည်းပေးရတာ သား အလုပ်လုပ်နေရင်း ကုသိုလ်ပါရနေတာလို့ ဘိုးဘိုး ပြောခဲ့ဖူးတယ်နော်၊ ယူတတ်ရင် ကုသိုလ်ဖြစ်ပေမယ့် ခုလို ငါ့မြေးက တာဝန်ကို မျက်ကွယ်ပြုသွားခဲ့မယ်ဆိုရင် တာဝန်မဲ့တဲ့သူ ဖြစ်သွားလိမ့်မယ် ...."

"ကိုယ်တာဝန်ယူထားရတဲ့ အလုပ်အပေါ် အမြဲတာဝန်ကျေဖို့ သားကို ဖေဖေဆုံးမထားတယ်နော်။ ဒီအလုပ်က သားကိုယ်တိုင် ကိုယ်ပိုင်ဆုံးဖြတ်ချက်နဲ့ရွေးချယ်ခဲ့တဲ့ အလုပ်နော်။ သား ကုမ္ပဏီမှာ အလုပ်မဝင်ခင်တုန်းက ဘိုးဘိုးရော ဖေဖေပါ သားကို အတန်အတန်သတိပေးခဲ့တာ မှတ်မိလား။ သားတို့ အရွယ်က စိတ်အပြောင်းအလဲ မြန်တတ်လို့ သားကိုယ်သား ဒီအလုပ်ကို တကယ်စိတ်ပါဝင်စားရဲ့လား၊ ရေရှည်လုပ်နိုင်ပါ့မလားဆိုတော့ သား ဘာပြောခဲ့လဲ...."

"သားအဲဒီတုန်းက အလုပ်လုပ်ချင်တာပဲ သိတယ်။ သားနဲ့ ကိုက်ညီမယ့် အလုပ်လို့လည်း ထင်ခဲ့မိလို့ပါ...."

"လောကမှာ လူတိုင်း လူတိုင်း ကိုယ်ဆန္ဒနဲ့ ထပ်တူကျတဲ့ အလုပ်တွေကိုပဲ လုပ်နေကြရတယ်လို့ သား ထင်လား ...."

"အဲဒီလိုတော့ မဖြစ်နိုင်ဘူးဆိုတာ သားသိပါတယ် ဖေဖေ ...."

"လူတိုင်း ဆန္ဒနဲ့ဘဝ ထပ်တူကျဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ကြဘူးဆိုတာ ငါ့မြေးသိနေတာပဲလေ။ ငါ့မြေးက ငယ်သေးတော့ လူ့လောကအကြောင်း ကောင်းကောင်းသိပ်မသိသေးဘူး။ ဘိုးဘိုးကတော့ ခေတ်အဆက်ဆက် ဖြတ်သန်းလာခဲ့ရတဲ့သူဆိုတော့ ကောင်းတဲ့အမွေတွေကိုပဲ ကမ္ဘာမြေပေါ်မှာချန်ထားရစ်ခဲ့ချင်တယ်။ ဘိုးဘိုးကြုံခဲ့ရတဲ့ ခေတ်တွေအကြောင်းကို သားငယ်ငယ်ကလေးတည်းက ပြောပြထားပြီးသားပဲလေ။ သားတို့လို လူငယ်လေးတွေကို ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးအကြောင်း ကိုယ်ကိုယ်တိုင်လည်း သိအောင် လေ့လာဖတ်မှတ်စေချင်တယ်၊ စာပေဖတ်မှတ်ကြတဲ့ အခါမှာ အမှားနဲ့အမှန်ကို ဝေဖန်ပိုင်းခြားနိုင်စွမ်း ရှိလာလိမ့်မယ်။ ဒါကြောင့် ငါ့မြေးကို စာဖတ်တဲ့ အလေ့အကျင့် ငယ်စဉ်ကတည်းကရအောင် ဘိုးဘိုး ပျိုးထောင်ပေးခဲ့တာပါ...."

### ပညာဗဟုသုတပြည့်စုံနေဖို့လို

"ဒါမှ သူများပါးစပ်မှာ လမ်းမဆုံးတော့ဘဲ ဒါကအမှန်၊ ဒါကအမှားပါလားဆိုတာကို သား ကောင်းကောင်း သိလာလိမ့်မယ်။ တချို့က မစူးစမ်း၊ မဆင်ခြင်ဘဲ လွယ်လွယ်နဲ့ ယုံတတ်ကြတော့ အမှား၊ အမှန်တောင် မဝေခွဲနိုင်ကြတော့ဘူး။ ဒီတော့ အသိဉာဏ်ပညာနဲ့ လေ့လာသုံးသပ်၊ ဆုံးဖြတ်နိုင်ဖို့အတွက် ပညာဗဟုသုတပြည့်စုံနေဖို့ လိုတယ်သား...."

*စာမျက်နှာ ၁၁ သို့*

> **❑ "သားအနေနဲ့ နိုင်ငံ့ဝန်ထမ်းပီပီ ဝန်ထမ်းကျင့်ဝတ်၊ စည်းကမ်းကို ဘယ်တော့မှမဖောက်လေနဲ့ ငါ့သား၊ နာမည်ကောင်းတစ်လုံးရဖို့ နှစ်ပေါင်းများစွာ ရင်းနှီးတည်ဆောက်ယူကြရပေမယ့် အဲဒီ နာမည်ကောင်းကို ဆက်ထိန်းသိမ်းမထားနိုင်ရင် တခဏအတွင်းမှာပဲ ပျက်စီးသွားတတ်တယ်...."**
>
> **❑ "သားမှာ အဖေ့သွေးအပြည့်ပါဗျာ၊ ငွေနဲ့ ဂုဏ်သိက္ခာကို လုံးဝမလဲခဲ့တဲ့ အဖေ့လိုစိတ်မျိုး သားမှာလည်း ရှိပါတယ်။ ကိုယ်လုပ်ခဲ့မိတဲ့ အရိပ်မည်းကြီးက ကိုယ့်ဘဝတစ်လျှောက်လုံး နောက်ကနေ တကောက်ကောက်လိုက်နေမှာမျိုး သားဘယ်တော့မှ အဖြစ်မခံပါဘူး။ သားကို စိတ်ချပါ အဖေ...."**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ (၈) ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အရှေ့) မြို့နယ်နှင့် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်တို့၏ ဆန္ဒမဲပေးမှုများကို စစ်ဆေးခဲ့သည်။

၂။ စစ်ဆေးတွေ့ရှိချက်များအရ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်တွင် ယခင်ရွေးကောက်ပွဲ ကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၁၀၇၂၃၂ ဦး ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ စာရင်းအရ အသက် (၁၈)နှစ် ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၁၇၄၅၁ ဦး ဖြစ်သည်။ မဲဆန္ဒရှင် စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၂၁၉၁၄ ဦး၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် (၃) ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၁၅၁၅ ဦး၊ (၂) ကြိမ် ပါဝင်နေသူများမှာ ၁၁၉၄၂ ဦး ဖြစ်သည်။

၃။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာ (အရှေ့) မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၃၆၂၅၈၅ ဦးဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် (၁၈) နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၁၂၂၅၄၆ ဦး ဖြစ်သည်။ မဲဆန္ဒရှင် စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၇၂၂၈၈ ဦး၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် (၃) ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၃၇၂ ဦး၊ (၂) ကြိမ် ပါဝင်နေသူများမှာ ၁၃၃၇၈ ဦး ဖြစ်သည်။

၄။ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၃၂၄၉၁၃ ဦး ဖြစ်ပြီး၊ စိစစ်တွေ့ရှိရသည့်စာရင်းမှာ ၃၂၈၅၉၇ ဦး ဖြစ်သဖြင့် ၃၆၈၄ ဦး ကွာခြားလျက်ရှိသည်။ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် (၁၈) နှစ်ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၂၇၉၃၁၅ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၂၃၃၁၈ ဦး၊ နိုင်ငံသား စိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် (၃) ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၂၇၅၁ ဦး၊ (၂) ကြိမ် ပါဝင်နေသူများမှာ ၃၄၆၆၄ ဦး ဖြစ်သည်။

၅။ မြို့နယ်အလိုက် စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင် နေသူများ |
|---|---|---|---|---|---|---|
| ၁ | ရခိုင်ပြည်နယ် စစ်တွေမြို့နယ် မဲရုံပေါင်း ၁၀၈ ရုံ | ၁၀၇၂၃၂ | ၁၁၇၄၅၁ | ၂၁၉၁၄ | ၁၅၁၅ | ၁၁၉၄၂ |
| ၂ | ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့) မြို့နယ် မဲရုံပေါင်း ၃၄၉ ရုံ | ၃၆၂၅၈၅ | ၁၂၂၅၄၆ | ၇၂၂၈၈ | ၃၇၂ | ၁၃၃၇၈ |
| ၃ | ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် မဲရုံပေါင်း ၂၄၅ ရုံ | ၃၂၄၉၁၃ | ၂၇၉၃၁၅ | ၂၃၃၁၈ | ၂၇၅၁ | ၃၄၆၆၄ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၏ တတိယအကြိမ် ထမနဲထိုးပွဲ ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ဝန်ထမ်းများအချင်းချင်း စည်းလုံးညီညွတ်မှု၊ ချစ်ကြည်ရင်းနှီးမှုနှင့် အသင်းအဖွဲ့ စိတ်ဓာတ်ပိုမိုရရှိစေရန်ရည်ရွယ်၍ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၏ တတိယအကြိမ် ထမနဲထိုးပြိုင်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ စည်ကားသိုက်မြိုက်စွာ ကျင်းပရာ ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများပါဝင်သည့် ပြိုင်ပွဲဝင်အဖွဲ့သုံးဖွဲ့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

**ဆုများချီးမြှင့်**

အဆိုပါ ထမနဲပြိုင်ပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး တက်ရောက်အားပေးစကားပြောကြားခဲ့ပြီး ပြိုင်ပွဲတွင် အနိုင်ရရှိသော အဖွဲ့များကို ဆုများချီးမြှင့်သည်။ **သတင်းစဉ်**

## ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ရုံးအုပ်နှင့် ဌာနခွဲစာရေးများ လုပ်ငန်းကျွမ်းကျင်မှုသင်တန်းဆင်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ရုံးအုပ်နှင့် ဌာနခွဲစာရေးများ လုပ်ငန်းကျွမ်းကျင်မှု သင်တန်း အမှတ်စဉ် ၁/၂၀၂၁ သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီက ပြည်ထောင်စုရှေ့နေချုပ်ရုံး မြေညီထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်း အနားတွင် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာသီတာဦးက သင်တန်းကာလမှာ ၁၅ ရက်ဖြစ်၍ သင်တန်းပို့ချချိန် ၄၂ ချိန်တွင် စာတွေ့၊ လက်တွေ့ သင်ကြားပို့ချပေးခဲ့ပြီးဖြစ်၍ အရည်အသွေးပြည့်ဝသော ဝန်ထမ်းကောင်းများ ဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း၊ ဤသင်တန်းမှ တန်ဖိုးမဖြတ်နိုင်သော လုပ်ငန်းအတွေ့အကြုံများနှင့် ဗဟုသုတများ ရရှိမည်ဟု ယုံကြည်ပါကြောင်း၊ မိမိတို့ ဘဝတစ်လျှောက်လုံး အသုံးချသွားနိုင်မည့် ပညာများဖြစ်ကြောင်း၊ မိမိတို့ လက်အောက်အမှုထမ်းများကို ရှေ့ဆောင်လမ်းပြ သွန်သင်ပြသပေးကြရန် လိုအပ်သည့်အပြင် မိမိအထက်အရာရှိများအပေါ် လေးစားခြင်း၊ အမိန့်နာခံခြင်းများရှိကြရန် လိုမည်ဖြစ်ပါကြောင်း မှာကြားသည်။

ထို့နောက် သင်တန်းမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်စန္ဒာလွင်က သင်တန်းဆင်း အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းတင်ပြကာ ပြည်ထောင်စုရှေ့နေချုပ်က သင်တန်းတွင် ဆုရရှိသူအသီးသီးအား ဆုများပေးအပ် ချီးမြှင့်သည်။

အခမ်းအနားသို့ ပြည်ထောင်စုရှေ့နေချုပ်ရုံး ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ် များ၊ ညွှန်ကြားရေးမှူးများနှင့် သင်တန်းဆရာ/ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၀ မှ*

"လူဆိုတာ မိမိကိုယ်ပိုင် လွတ်လပ်ခွင့်နဲ့ သူတစ်ပါးကို နစ်နာဆုံးရှုံးမှု မဖြစ်စေဘူးဆိုရင် ဆန္ဒရှိရာကို လုပ်ကိုင်ဆောင်ရွက်နိုင်ပါတယ်။ ငါ့မြေး သိထားရမှာက ကိုယ့်ကြောင့် တစ်ပါးသူ ထိခိုက် နစ်နာဆုံးရှုံးမှု ဘယ်တော့မှမဖြစ်စေပါနဲ့။ ဝဋ်ဆိုတာ လည်တတ်ပါတယ်ကွယ်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မလွဲမသွေ ပြန်ခံကြရမှာပါပဲ ..."

အဘိုးနှင့် ဖခင်ဖြစ်သူမှာ ငြိမ်းချမ်းနားလည်သဘောပေါက်လာအောင် အချိန်ယူ၍ ဝိုင်းပြောပြပေးကြရသည်။ ကုမ္ပဏီကလည်း ဖုန်းတဂွမ်ဂွမ် ဆက်ခေါ်နေလေပြီ။

"သူခေါ်နေတုန်းမှာ သွားလိုက်ပါသား။ ကိုယ့်ကို လိုအပ်နေချိန်မှာ သွားပေးလိုက်ရင် နှစ်ဦးနှစ်ဖက် အကျိုးရှိပါတယ်ကွယ်။ တချို့က တလွဲမာနထားတတ်ကြတယ်။ မထားသင့်တဲ့မာနကြောင့် ကိုယ့်နေရာမှာ တခြားသူကို အစားထိုးလိုက်ပြီဆိုမှ ကိုယ်ကပြန်သွားချင်လည်း မဖြစ်နိုင်တော့ဘူးလေ။ ပစ္စည်းဆိုရင်တောင် ဝယ်ချင်တဲ့သူက သိပ်လိုချင်နေလို့ လာဝယ်တာတောင် တန်ဖိုးရှိနေတဲ့အချိန်မှာ မရောင်းဘဲထားလိုက်တော့ အချိန်တွေကြာလာရင် တန်ဖိုးက ကျသွားမှာဖြစ်သလို ရောင်းချင်ရင်တောင် ဝယ်ချင်တဲ့သူ မရှိတော့ဘူးဆိုရင် ရောင်းထွက်မှာ မဟုတ်တော့ပါဘူး။ ဒါကြောင့် ခုချိန်မှာ သားဆုံးဖြတ်ချက်က သိပ်အရေးကြီးပါတယ်။ ကိုယ်ပိုင်လွတ်လပ်ခွင့်ရှိတဲ့ သားက စိတ်ကြိုက်ဆုံးဖြတ်နိုင်ပါတယ်။ သားယုံကြည်ပြီး လုပ်နေတာကို ဘိုးဘိုးနဲ့ ဖေဖေက အပြစ်မဆိုခဲ့သလို သားဆန္ဒကိုလည်း ဘိုးဘိုးနဲ့ ဖေဖေက ဘယ်တုန်းကမှ မကန့်ကွက်ခဲ့ဘူးနော်။ သားအနာဂတ်ကို သားဘဝနဲ့ ရင်းပြီး ဆုံးဖြတ်ရမယ့်အချိန်မှာ ကိုယ့်ဆုံးဖြတ်ချက်အတွက် နောင်တစ်ချိန်မှာ ကိုယ်ကိုယ်တိုင် နောင်တမရနေဖို့ပဲ လိုပါတယ်ကွယ် ...."

"သားဘဝအတွက် ဘာကအရေးအကြီးဆုံးလဲ ဆိုတာ သား ခုသေသေချာချာ သဘောပေါက်သွားပါပြီ...."

ကုမ္ပဏီဝတ်စုံလေးကို ပြန်လဲဝတ်ပြီး အားမာန်အပြည့်ဖြင့် ပြုံးရွှင်စွာထွက်ခွာသွားသော ငြိမ်းချမ်း၏ ကျောပြင်ကို ငေးကြည့်ရင်း အဘိုးနှင့် ဖခင်ဖြစ်သူတို့၏ရင်တွင်းမှ စိုးရိမ်သောကများသည်လည်း လွင့်ပြယ်သွားကြရလေပြီဖြစ်သည်။

# ဆီးရီးယားရှိ အီရန်ကျောထောက်နောက်ခံပေးထားသည့် စစ်သွေးကြွများကို အမေရိကန်လေကြောင်းမှ တိုက်ခိုက်



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်။

ဒမတ်စကတ် ဖေဖော်ဝါရီ ၂၆

**အမေရိကန်ပြည်ထောင်စုသည် ဆီးရီးယားနိုင်ငံရှိ အီရန်က ကျောထောက်နောက်ခံပြုထားသည့် စစ်သွေးကြွများကို ပစ်မှတ်ထားကာ လေကြောင်းတိုက်ခိုက်မှုပြုလုပ်ခဲ့သည်ဟု ပြောသည်။**

အမေရိကန်နှင့် အီရတ်ရှိ မဟာမိတ်များကို တိုက်ခိုက်ခဲ့သည့်အတွက် ပြန်လည်တုံ့ပြန် တိုက်ခိုက်ခြင်း ဖြစ်သည်ဟု အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အဆိုပါ တိုက်ခိုက်မှုကို ခွင့်ပြုခဲ့သည်။ စစ်သွေးကြွအုပ်စုနှစ်စု အသုံးပြုသည့် နေရာအတော်များများကို ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ စစ်ဆင်ရေးမှာ သင့်လျော်သည့် တုံ့ပြန်မှုတစ်ခုဟု ပင်တဂွန်က ဖော်ပြခဲ့သည်။ ယခုလအစောပိုင်းအတွင်း အာဘယ်မြို့ရှိ အမေရိကန် စစ်အခြေစိုက်စခန်းတွင် ဒုံးကျည်ထိမှန်ခဲ့သည်။ လူတစ်ဦးသေဆုံးပြီး လူအချို့ဒဏ်ရာရကာ ဒဏ်ရာရရှိသူများထဲတွင် အမေရိကန်တပ်ဖွဲ့ဝင်များလည်း ပါဝင်ကြောင်း သိရသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်က တိုက်ခိုက်မှုကြောင့် မည်သည့်နေရာတွင် ထိခိုက်မှုရှိကြောင်း သိထားပြီးဖြစ်ကြောင်း ပြောကြားခဲ့သည်။ အမေရိကန်နှင့် အီရန်နိုင်ငံတို့ကြား တင်းမာမှုများ ပေါ်ပေါက်ပြီးနောက် ယခုလို လှုပ်ရှားမှုပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်နှင့် ပတ်သက်ပြီး နှစ်ဖက်စလုံးတွင် ထွက်ပေါက်မရဘဲ ပိတ်မိနေသည့် အနေအထားတွင် ရှိသည်။

အင်န်အိတ်ချ်ကေ

## ခရီးသွားလာခွင့် ကန့်သတ်မှုများ ဆက်လက်ပြုလုပ်ထားရန် အီးယူခေါင်းဆောင်များ သဘောတူ

**ဘရပ်ဆဲလ် ဖေဖော်ဝါရီ ၂၆**

ခရီးသွားလာခွင့် ကန့်သတ်ချက်များ ဆက်လက်ထားရှိသွားရန် အီးယူခေါင်းဆောင်များ သဘောတူထားကြောင်း သိရသည်။ ဥရောပသမဂ္ဂ(အီးယူ )အဖွဲ့ဝင်နိုင်ငံများ ခေါင်းဆောင်များသည် ခရီးသွားလာခွင့်ကန့်သတ်မှုကို ဆက်လက်ထားရှိရန် သဘောတူထားပြီး အဖွဲ့ကြီးအတွင်း အခြားသော ကိုဗစ်–၁၉ ကန့်သတ်ချက်များကိုလည်း လက်ရှိတွင် ထားရှိဦးမည်ဟု သိရသည်။

ဖေဖော်ဝါရီ ၂၅ ရက်က အွန်လိုင်းဆွေးနွေးပွဲကို ပြုလုပ်ခဲ့ပြီး ဗီဇပြောင်း ကိုဗစ် –၁၉ မှာလည်း ဥရောပအပါအဝင် ကမ္ဘာ့နေရာအနှံ့အပြားတွင် ထောက်လှမ်းတွေ့ရှိနေရသည်။ ဗီဇပြောင်းကိုဗစ်–၁၉ ကြောင့် စိန်ခေါ်မှုများ ရှိလာနိုင်သည့်အတွက် ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းကို အရှိန်မြှင့်တင်ကြရန် အီးယူခေါင်းဆောင်များက သဘောတူခဲ့ကြသည်။

မလိုအပ်ဘဲ အဖွဲ့ဝင်နိုင်ငံများအတွင်း ခရီးထွက်ခြင်းနှင့် ညဘက်သတ်မှတ်ချိန်အတွင်း အပြင်မထွက်ရအမိန့် အပါအဝင် အဖွဲ့ဝင်နိုင်ငံများ ထုတ်ပြန်ထားသည့် အခြားသော စည်းကမ်းချက်များကိုလည်း ဆက်လက်ထားရှိရန် သဘောတူခဲ့ကြသည်။ ပြီးခဲ့သည့်သီတင်းပတ်အတွင်း ဥရောပကော်မရှင်က ချမှတ်ထားသည့် အရေးယူလုပ်ဆောင်ရေးအစီအစဉ်အတိုင်း ဗိုင်းရပ်စ်နှိမ်နင်းရေးကို အရှိန်တိုးမြှင့်လုပ်ဆောင်သွားမည်ဟု ခေါင်းဆောင်များက သဘောတူထားသည်။ အစည်းအဝေးအပြီး သတင်းထောက်များနှင့် ပြောကြားရာတွင် လာမည့်သီတင်းပတ်များအတွင်း အခြေအနေများ ဆက်လက်ခက်ခဲနေဦးမည်ဖြစ်ကြောင်း ဥရောပကောင်စီဥက္ကဋ္ဌ ချားလ်မီရှယ်က ပြောသည်။ မျှော်မှန်းထားသည့်ထက် အချိန်နှေးကွေးစွာ ကာကွယ်ဆေးထိုးနေရသည့်အခြေအနေအပေါ် မူတည်ကာ ပြောကြားခဲ့ခြင်းဖြစ်သည်။

အင်န်အိတ်ချ်ကေ

## ပေါ်တူဂီနိုင်ငံ၌ ကိုဗစ် - ၁၉ အရေးပေါ်အခြေအနေထုတ်ပြန်မှုကို သက်တမ်းတိုး

**လစ္စဘွန်း ဖေဖော်ဝါရီ ၂၆**



လစ္စဘွန်းမြို့တွင် ပါးစပ်နှာခေါင်းစည်း တပ်ဆင်ကာ သွားလာနေကြသူများကို တွေ့ရစဉ်။

ပေါ်တူဂီနိုင်ငံတွင် မတ်လ ၁၆ ရက်မတိုင်မီအထိ ကိုဗစ် – ၁၉ ကာလ အရေးပေါ် အခြေအနေ ထုတ်ပြန်မှုကို သက်တမ်းတိုးရန် သမ္မတ မာဆီလိုရက်ဘီလိုဒီဆောဆာ၏ အဆိုပြုချက်ကို ပေါ်တူဂီလွှတ်တော်က အတည်ပြုခဲ့သည်။

ကိုဗစ် – ၁၉ ကပ်ရောဂါကာလအတွင်း အသွားအလာပိတ်ဆို့ကန့်သတ်မှုများကို ဆက်လက်ထားရှိရန် သဘောတူခဲ့သည်။ တိုင်းပြည်အတွင်း အသွားအလာကန့်သတ်မှုများ ပြန်ဖွင့်ပေးရန် စောနိုင်သမျှ စောစောလုပ်နိုင်လျှင် ကောင်းသော်လည်း အလျင်စလို ပြုလုပ်ခြင်းကြောင့် ကျန်းမာရေး အကျပ်အတည်းအတွင်းသို့ နောက်တစ်ကြိမ် ထပ်မရောက်ရန်လည်း အရေးကြီးကြောင်း သမ္မတက ဖေဖော်ဝါရီ ၂၅ ရက်တွင် ပြောကြားသည်။

ပေါ်တူဂီနိုင်ငံအတွင်း မကြာသေးမီရက်များအတွင်း ကူးစက်မှုများ လျော့ကျလာသော်လည်း ဆေးရုံတက်ရောက်ကာ ကုသမှုခံယူနေရသည့် အရေအတွက်မှာ ဆက်လက်များပြားနေဆဲ ဖြစ်သည်။

ပေါ်တူဂီကျန်းမာရေးဌာန၏ နောက်ဆုံးထုတ်ပြန်ထားသော အချက်အလက်များအရ နိုင်ငံအတွင်း ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးပြီးသူ ၇၅၂၃၁၇ ဦးရှိပြီး ၎င်းတို့ထဲမှ ပထမအကြိမ် ကာကွယ်ဆေး ထိုးပြီးသူ ၄၉၇၀၄၀ ရှိပြီး ဒုတိယအကြိမ်ထိုးပြီးသူမှာ ၂၅၅၂၇၇ ဦးရှိကြောင်း သိရသည်။

ဆင်ဟွာ

# ကိုဗစ် – ၁၉ ကာကွယ်ဆေးများ လျင်လျင်မြန်မြန် ထုတ်လုပ်နိုင်ရေး အီးယူတောင်းဆို

**ဘရပ်ဆဲလ် ဖေဖော်ဝါရီ ၂၆**



ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာဗွန်ဒါလီယန်နှင့် ဥရောပကောင်စီဥက္ကဋ္ဌ ချားလ်မီရှယ်

ဥရောပသမဂ္ဂအဖွဲ့ကြီးအတွင်း ကာကွယ်ဆေးထောက်ပံ့ပေးမှုပြတ်တောက်မှုနှင့် ရင်ဆိုင်နေရသည့်အတွက် ကိုဗစ် –၁၉ ကာကွယ်ဆေး ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းတို့တွင် အင်တိုက်အားတိုက် လုပ်ဆောင်ကြရန် ဥရောပသမဂ္ဂခေါင်းဆောင်များက တောင်းဆိုထားသည်။

ယခုလက်ရှိ ဦးစားပေးလုပ်ကိုင်ရမည့် အလုပ်မှာ ကိုဗစ်– ၁၉ ကာကွယ်ဆေးထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းများဖြစ်ကြောင်း ဥရောပကောင်စီဥက္ကဋ္ဌ ချားလ်မီရှယ်က သတင်းထောက်များကို ပြောသည်။

ကာကွယ်ဆေးအတွက် နှောင့်နှေးကြန့်ကြာနေသည့် အရာများကို ဖြေရှင်းရန်၊ ပစ္စည်းထောက်ပံ့ရေးအတွက် အာမခံချက်ရှိရေးနှင့် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီကြီးများဘက်မှလည်း ၎င်းတို့၏ ကတိပြုချက်များအတိုင်း လုပ်ဆောင်ရန် တိုက်တွန်းခဲ့သည်။

ဥရောပသမဂ္ဂသည် ဗြိတိန်ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် အက်စ်ထရာဇနီကာနှင့် အချင်းများလျက်ရှိပြီး အက်စ်ထရာဇနီကာမှ မူလက သဘောတူထားသည့်အတိုင်း ကာကွယ်ဆေးပမာဏ မပေးနိုင်သည့်အတွက် အချင်းများရခြင်းဖြစ်သည်။ ကုမ္ပဏီမှ သူဌေးက ၎င်းတို့ သဘောတူထားသည့် ဆေးပမာဏကို ဒုတိယနှစ်ဝက်ကာလအတွင်း ပြည့်မီအောင် ပေးနိုင်ရေးအတွက် ထုတ်လုပ်မှုအရှိန်တိုးမြှင့်သွားမည်ဟု ပြောကြားခဲ့သည်။

စက်တင်ဘာ ၂၁ ရက် ရောက်လျှင် အဖွဲ့ကြီးအတွင်း လူဦးရေ ၇၀ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရေးအတွက် ရည်မှန်းချက်ချမှတ်ထားသည်။ ဥရောပသမဂ္ဂအတွင်း ကာကွယ်ဆေးသန်း ၅၀ ရောက်ရှိပြီး ၂၉ သန်းကို ကာကွယ်ဆေးထိုးပြီးပြီဖြစ်ကြောင်း ဥရောပကော်မရှင်ဥက္ကဋ္ဌ အာဆူလာ ဗွန်ဒါလီယန်က ပြောသည်။

ဆင်ဟွာ

# ကယ်လီဖိုးနီးယားတွင် ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ ၅၀၀၀၀ ကျော် ရောက်ရှိလာ




အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်ရှိ မြို့တော်ခန်းမရှေ့တွင် အမေရိကန်အလံကို တိုင်တစ်ဝက်လွှင့်ထူထားသည်ကိုတွေ့ရစဉ်။

လော့စ်အိန်ဂျလိစ် ဖေဖော်ဝါရီ ၂၆

**အမေရိကန်ပြည်ထောင်စု၏ လူဦးရေအများဆုံး ပြည်နယ်တွင် ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ ၅၀၉၉၁ ဦး ရှိခဲ့ကြောင်း ကယ်လီဖိုးနီးယားအာဏာပိုင်များက ဖေဖော်ဝါရီ ၂၅ ရက်က သတင်းပေးပို့ဖော်ပြခဲ့သည်။ အဆိုပါပမာဏသည် အမေရိကန်ပြည်ထောင်စုတွင် ဖြစ်ပွားနေသော ကိုဗစ်- ၁၉ ဖြစ်ပွားသူပေါင်း၏ ဆယ်ပုံ တစ်ပုံခန့်ရှိသည်။**

ပြည်နယ်အစိုးရ၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များအရ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ ၁၁၁၄ ဦး ရှိခဲ့ကြောင်း သိရသည်။ ပြည်နယ်အတွင်း ဖေဖော်ဝါရီ ၂၅ ရက်အထိ စုစုပေါင်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၃၄၆၀၂၆ ဦး ရှိခဲ့သည်။

လူဦးရေသန်း ၄၀ နေထိုင်သော အဆိုပါပြည်နယ်၏ စိတ်မကောင်းစရာအချက်မှာ ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၅၀၀၀၀ ကျော်လာခြင်းဖြစ်သည်။ ပြည်နယ်အတွင်း နှစ်သစ်ကူးချိန်အထိ ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၂၅၀၀၀ ဦးအထိရှိရန် အချိန် ၁၀ လကြာခဲ့သော်လည်း ၎င်း၏ နှစ်ဆသို့ ရောက်ရှိရန် အချိန်နှစ်လ မကြာကြောင်း သိရသည်။

ကယ်လီဖိုးနီးယားသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် သေဆုံးမှုအမြင့်ဆုံးဖြစ်လာသလို ၎င်း၏ များပြားလှသော လူဦးရေကြောင့် ကိုဗစ်-၁၉ တစ်ဦးချင်း ကူးစက်မှုအနေအထားတွင်လည်း နိုင်ငံအတွင်း ၂၅ နေရာမြောက်သို့ ရောက်ရှိလာသည်။

လော့စ်အိန်ဂျလိစ်တွင်လည်း ဖေဖော်ဝါရီ ၂၄ ရက်အထိ ကိုဗစ်-၁၉ ကြောင့် နောက်ထပ်သေဆုံးသူ ၈၀၀ ကျော် ရှိခဲ့သည့်အတွက် စုစုပေါင်းသေဆုံးသူ ၂၀၀၀၀ ဖြစ်လာခဲ့သည်။

ဆင်ဟွာ



## တောင်ကိုရီးယားနိုင်ငံ၏ အဆင့်ငါးဆင့်ရှိသည့် လူမှုဝေးကွာစည်းမျဉ်းစည်းကမ်းများအနက် တတိယအမြင့်ဆုံးအဆင့်သို့ သီတင်းပတ်နှစ်ပတ်ကြာ ထပ်မံရက်တိုး သတ်မှတ်သွားမည်

**ဆိုးလ် ဖေဖော်ဝါရီ ၂၆**

တောင်ကိုရီးယားနိုင်ငံ၏ အဆင့်ငါးဆင့်ရှိသည့် လူမှုဝေးကွာစည်းမျဉ်းစည်းကမ်းများအနက် တတိယအမြင့်ဆုံးအဆင့်သို့ သီတင်းပတ်နှစ်ပတ်ကြာ ထပ်မံရက်တိုးသတ်မှတ်သွားမည်ဖြစ်ကြောင်း သီးသန့်အသွားအလာကန့်သတ်စောင့်ကြည့်ရေးဆိုင်ရာ အာဏာပိုင်များက ဖေဖော်ဝါရီ ၂၆ ရက်က ပြောကြားလိုက်သည်။

တတိယအမြင့်ဆုံးဖြစ်သည့် အဆင့်(၂) လူမှုဝေးကွာ စည်းမျဉ်းစည်းကမ်းများကို နောက်ထပ် သီတင်းပတ်နှစ်ပတ်ကြာ မတ် ၁၄ ရက်အထိ ဆိုးလ်မြို့ဒေသတွင် ချမှတ်သွားမည်ဖြစ်ကြောင်း ဘေးဒုက္ခနှင့် လုံခြုံရေးဆိုင်ရာ တန်ပြန်ဆောင်ရွက်ချက်များဆိုင်ရာ ဗဟိုဌာနချုပ်၏ သတင်းထုတ်ပြန်ဖော်ပြချက်အရ သိရသည်။

ဆိုးလ်နှင့် ပတ်ဝန်းကျင်ဒေသများနှင့် ချုံဂျီပြည်နယ်တွင် လူများသည့် လုပ်ငန်းများဖြစ်သည့် ကော်ဖီဆိုင်၊ စားသောက်ဆိုင်နှင့် ကျန်းမာရေးစင်တာများကို ဆိုးလ်စံတော်ချိန် ည ၁၀ နာရီအထိ ဖွင့်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ရုပ်ရှင်ရုံများ၊ အင်တာနက်ကော်ဖီဆိုင်များ၊ စာသင်ခန်းများ၊ ပျော်ပွဲရွှင်ပွဲပန်းခြံများ၊ အလှပြင်ဆိုင်များနှင့် လျှော့စျေးပေးသည့် တခြားနေရာများတွင် ကန့်သတ်ချက်များကို ဖြေလျှော့ပေးထားပေးမည်ဖြစ်ကြောင်း သိရသည်။

လူအလွန်မစည်ကားသည့်နေရာများတွင် လူမှုဝေးကွာစည်းမျဉ်းစည်းကမ်းများကို အဆင့်(၁)ဆင့်ခွဲအထိ နှစ်ပတ်ကျော်ကြာ ပြဋ္ဌာန်းထားကြောင်း သိရသည်။

ဆင်ဟွာ

## အိန္ဒိယနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ ၁၁၀၆၃၄၉၁ ဦးရှိလာ

**နယူးဒေလီ ဖေဖော်ဝါရီ ၂၆**

အိန္ဒိယနိုင်ငံတွင် ဖေဖော်ဝါရီ ၂၅ ရက်က ကိုဗစ်-၁၉ ထပ်မံ ကူးစက်ဖြစ်ပွားသူ ၁၆၅၇၇ ဦး ရှိလာမှုနှင့်အတူ ဖေဖော်ဝါရီ ၂၆ ရက်အထိ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၁၀၆၃၄၉၁ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက နောက်ဆုံးထုတ်ပြန်သော စာရင်းများအရ သိရသည်။

တရားဝင် စာရင်းများအရ ဖေဖော်ဝါရီ ၂၅ ရက် နံနက်ပိုင်းကတည်းက ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၁၂၀ ရှိလာမှုနှင့်အတူ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူပေါင်းမှာ ၁၅၆၈၂၅ ဦး ရှိလာခဲ့သည်။

နိုင်ငံအတွင်း လတ်တလော ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားနေသူပေါင်းမှာ ၁၅၅၉၈၆ ဦးရှိပြီး ၁၀၇၅၀၆၈၀ မှာ ဆေးကုသမှုခံယူပြီးနောက် ဆေးရုံမှပြန်ဆင်းသွားပြီဖြစ်သည်။

ဖေဖော် ဝါရီ ၂၅ ရက် က ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားနေသူ ၄၂၇၈ ဦး ရှိခဲ့သည်။ လွန်ခဲ့သော ရက်အနည်းငယ်က အိန္ဒိယနိုင်ငံတွင် ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူများ တိုးလာခဲ့သည်။ ဇန်နဝါရီ ၁၆ ရက်သည် အိန္ဒိယနိုင်ငံ၏ ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ဖျက်သည့် အရေးပါသော နေ့တစ်နေ့ဖြစ်ခဲ့ပြီး အဆိုပါနေ့တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးဆောင်ရွက်မှုများကို စတင်ခဲ့သည်။ ယနေ့အချိန်အထိ နိုင်ငံတစ်ဝန်းရှိ အဓိကအားဖြင့် ကျန်းမာရေးဝန်ထမ်းများ အပါအဝင် လူပေါင်း ၁၃ ဒသမ ၅ သန်းနီးပါး ကာကွယ်ဆေးထိုးနှံခဲ့ပြီးဖြစ်သည်။

အိန္ဒိယအစိုးရသည် နိုင်ငံတစ်ဝန်း ကိုဗစ်- ၁၉ စစ်ဆေးမှုများကို အရှိန်မြှင့်တင် လုပ်ဆောင်လျက်ရှိရာ ယခုအချိန်အထိ ကိုဗစ်-၁၉ စစ်ဆေးမှုပေါင်း ၂၁၄ သန်း ပြုလုပ်ခဲ့ပြီးဖြစ်သည်။

ဖေဖော်ဝါရီ ၂၅ ရက် အထိ ကိုဗစ်- ၁၉ စစ်ဆေးမှုပေါင်း ၂၁၄၆၆၁၄၆၅ ခု ပြုလုပ်ခဲ့ရာ ၎င်းအနက် ၈၃၁၈၀၇ ခုကို ဖေဖော်ဝါရီ ၂၅ ရက်တစ်ရက်တည်း စစ်ဆေးခဲ့ကြောင်း အိန္ဒိယဆေးသုတေသနကောင်စီက ဖေဖော်ဝါရီ ၂၆ ရက်က ပြောကြားလိုက်သည်။

အိန္ဒိယနိုင်ငံမြို့တော် ဒေလီသည် နိုင်ငံအတွင်း ကိုဗစ်- ၁၉ ကူးစက်မှုအမြင့်ဆုံး မြို့တော်တစ်ခု ဖြစ်သည်။ သို့သော်လည်း လွန်ခဲ့သော လများနှင့် နှိုင်းယှဉ်ကြည့်ပါက ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူ လျော့နည်းလာကြောင်း သိရသည်။ ဖေဖော်ဝါရီ ၂၅ ရက်က မြို့တော်ဒေလီတွင် ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၂၂၀ ရှိခဲ့သော်လည်း သေဆုံးသူမရှိခဲ့ပေ။ အခုချိန်အထိ မြို့တော်ဒေလီတွင် ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ ၁၀၉၀၅ ဦး ရှိခဲ့ကြောင်း ဒေလီကျန်းမာရေးဌာနက ပြောကြားလိုက်သည်။

ဆင်ဟွာ



အိန္ဒိယနိုင်ငံတွင် ရဲအရာရှိတစ်ဦးကို ကိုဗစ်- ၁၉ ကာကွယ်ဆေး ထိုးပေးနေသည်ကို တွေ့ရစဉ်။

# ကိုဗစ်- ၁၉ ကာကွယ်ဆေးနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေအတွက် ဘဏ္ဍာငွေ ပိုမိုသုံးစွဲမယ့် အာဖရိက

*လင်းဟန်သစ်*

တောင်အာဖရိကအစိုးရဟာ ဖေဖော်ဝါရီ ၂၄ ရက်က ကိုဗစ်-၁၉ ကာကွယ်ဆေးဝယ်ယူဖို့ အမေရိကန်ဒေါ်လာ ၆၈၈ သန်း ခွဲဝေသုံးစွဲဖို့ စီစဉ်ခဲ့တယ်လို့ ကြေညာခဲ့ပါတယ်။ ပြီးတော့ လူငယ်တွေ အလုပ်အကိုင်ရရှိဖို့အတွက်လည်း အမေရိကန်ဒေါ်လာ ၇၅၆ သန်းကို ရင်းနှီးသွားမယ်လို့ လွှတ်တော်ကိုပြောတဲ့ ၂၀၂၁ ဘဏ္ဍာငွေသုံးစွဲရေးဆိုင်ရာ နှစ်စဉ်အမျိုးသားဘတ်ဂျက်မိန့်ခွန်းမှာ ဘဏ္ဍာရေးဝန်ကြီး တီတိုဘိုဝီနီက ပြောကြားခဲ့ပါတယ်။ ဒါဟာ ကိုဗစ်-၁၉ ကြောင့် အထိနာနေတဲ့ နိုင်ငံရဲ့ စီးပွားရေးကို ပြန်လည်ကျားကန်ရာမှာ ကောင်းမွန်တဲ့လုပ်ဆောင်ချက် ဖြစ်ပါတယ်။



တောင်အာဖရိက ဘဏ္ဍာရေးဝန်ကြီး တီတိုဘိုဝီနီ

## ဘဏ္ဍာငွေကျပ်တည်းမှုတွေရှိ

ဘဏ္ဍာငွေနဲ့ ပတ်သက်ပြီး ဒီနှစ်မှာ တောင်အာဖရိကအစိုးရဟာ ခက်ခဲကျပ်တည်းမှုတွေရှိပါတယ်။ အာဖရိကတိုက်ရဲ့ စက်မှုစီးပွားဖွံ့ဖြိုးဆုံးနိုင်ငံဟာ ကိုဗစ်- ၁၉ ကပ်ရောဂါရဲ့ နှိပ်စက်ကလူပြုမှုမှုကြောင့် စီးပွားရေးမှာ အတော်လေး အထိနာခဲ့ရသလို အတော်လေးလည်း ရုန်းကန်နေရပါတယ်။

စံချိန်တင်ရတဲ့ အကြီးဆုံး အခွန်လိုငွေပြမှုကို ဖြည့်ဆည်းပေးဖို့မြင့်မားတဲ့ အခွန်အကောက်တွေကိုလည်း ကြေညာခဲ့ရသလို ၂၀၂၁- ၂၀၂၂ ဘဏ္ဍာနှစ်အတွက် အမေရိကန်ဒေါ်လာ ၉၃ ဘီလီယံကိုလည်း မတည်ခဲ့ရပါတယ်။

## ရန်ပုံငွေတိုးမြှင့်ထူထောင်

မိမိတို့ဟာ လာမယ့်နှစ်နှစ်မှာ ကိုဗစ်-၁၉ ကာကွယ်ဆေး ဝယ်ယူပို့ဆောင်မှုတွေ လုပ်ဖို့အတွက် အမေရိကန်ဒေါ်လာ ၆၈၈ သန်း ခွဲဝေချထားခဲ့တယ်လို့ ဘိုဝီနီက ပြောကြားခဲ့ပါတယ်။ ဒီပမာဏဟာ တောင်အာဖရိက ငွေကြေးရန် (Rand) နဲ့ဆိုရင် ၁၀ ဘီလီယံ ရှိပါတယ်။

နောက်ထပ် ကိုဗစ်-၁၉ ကာကွယ်ဆေးတွေကို ထပ်ဝယ်ဖို့နဲ့ အခြားအရေးပေါ် အခြေအနေတွေအတွက် အရေးပေါ်အရန်ငွေကြေးကို ရန်ငွေ ငါးဘီလီယံမှ ၁၂ ဘီလီယံအထိ ရန်ပုံငွေ တိုးမြှင့်ထူထောင်ထားပါတယ်။

နောက်ထပ် ရန်ငွေ ၁၁ ဘီလီယံကိုလည်း လူငယ်တွေ အလုပ်အကိုင် ဖွံ့ဖြိုးတိုးတက်ဖို့ ရှိရင်းစွဲ ရန် ၁၀၀ ဘီလီယံထဲကို အပိုထပ်ထည့်ထားပါတယ်။

## အလုပ်လက်မဲ့ အမြင့်ဆုံးဖြစ်

တောင်အာဖရိကရဲ့ စီးပွားရေး ကြံ့ကြံ့ခံနိုင်တဲ့ သင်္ကေတအဖြစ် မိုးခေါင်ရေရှားမှုကို ကောင်းစွာခံနိုင်တဲ့ ရှားစောင်းလက်ပပ်စိုက်ဖို့နဲ့အတူ နှစ်စဉ်အမျိုးသားဘတ်ဂျက်မိန့်ခွန်းမှာ ဘိုဝီနီက အခုလို အနာဂတ်အစီအစဉ်တွေကို ပြောကြားခဲ့တာပါ။ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုကို ဖြတ်တောက်ဖို့ စီးပွားရေးနဲ့ လှုပ်ရှားသွားလာမှု ကန့်သတ်ချက်တွေ တဖြည်းဖြည်း လွန်မြောက်လာပြီးတဲ့နောက်မှာ ဒါဟာ လိုအပ်လာပါလိမ့်မယ်လို့လည်း သူက ဆက်လက်ပြောကြားခဲ့ပါတယ်။

တောင်အာဖရိကရဲ့ အလုပ်လက်မဲ့နှုန်းဟာ လွန်ခဲ့တဲ့နှစ် စတုတ္ထသုံးလပတ်ကာလမှာ ၃၂ ဒသမ ၅ ရာခိုင်နှုန်းအထိ မြင့်တက်လာခဲ့ပါတယ်။ ၂၀၀၈ ခုနှစ်ကတည်းကဆိုရင်တော့ ဒါဟာ အမြင့်ဆုံးပမာဏဖြစ်ပါတယ်။ အသက် ၂၅ နှစ်နဲ့ ၃၄ နှစ်ကြား အလုပ်သမားတွေ အလုပ်လက်မဲ့ ဖြစ်ပွားမှုဟာ အများဆုံးဖြစ်ပါတယ်။ အဲဒီနောက် အသက် ၁၅ နှစ်နဲ့ ၂၄ နှစ်ကြားအုပ်စု ဖြစ်ပါတယ်။

## ဒုက္ခတွင်းဆုံးကျ

ကိုဗစ်- ၁၉ ကြောင့် ပေါ်ပေါက်လာတဲ့ ပျက်စီးမှုတွေဟာ များသထက်များ၊ နက်သထက် နက်လာပြီး ဒုက္ခတွင်းဆုံးကျနေတဲ့ အခြေအနေ ဖြစ်ပါတယ်။ အလုပ်အကိုင်တွေ ဆုံးရှုံးသွားတဲ့ တောင်အာဖရိကနိုင်ငံသားတွေရဲ့ နာကျင်မှုတွေကို မျှဝေပါတယ်လို့လည်း ဝန်ကြီးက ဆက်လက်ပြောကြားခဲ့ပါတယ်။ အာဖရိကမှာဆိုရင် တောင်အာဖရိကနိုင်ငံဟာကိုဗစ်-၁၉ ရဲ့ ရိုက်ခတ်မှုဒဏ်ကို အဆိုးဆုံးခံစားခဲ့ရပါတယ်။

## အတင်းကျပ်ဆုံးပိတ်ဆို့မှုကို အာဖရိကမှာ ကျင့်သုံး

ကိုဗစ်- ၁၉ ကူးစက်ပျံ့နှံ့မှုကို နိုင်ငံချုပ်ဖို့ လွန်ခဲ့တဲ့ မတ်လက ကမ္ဘာကြီးရဲ့ အတင်းကျပ်ဆုံးလို့ ပြောရမယ့် အသွားအလာ ကန့်သတ်ပိတ်ဆို့မှုတွေကို တောင်အာဖရိကမှာ ချမှတ်ကျင့်သုံးခဲ့ရပါတယ်။ အဲဒီလိုကျင့်သုံးရာမှာ နယ်စပ်တွေကို ခြောက်လကြာ ပိတ်ဆို့ခြင်း၊ နိုင်ငံခြားသားခရီးသွားတွေကို ပိတ်ဆို့ခြင်းနဲ့ နိုင်ငံခြားဈေးကွက်ပိတ်ဆို့ခြင်းတွေလည်း ပါဝင်ပါတယ်။

ကိုဗစ်- ၁၉ ကြောင့် ကမ္ဘာ့စီးပွားရေးအကျဘက်သို့ ရောက်ရှိလာသလို အစိုးရရဲ့ အခွန်ဘဏ္ဍာရရှိမှုကို ကျပ်တည်းမှုတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။ ထို့အတူ ဈေးကွက်စီးပွားရေး ဖော်ဆောင်မှုမှာလည်း အဆင်မပြေ မွန်းကျပ်မှုတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။ ဒါတွေဟာ တစ်ပူပေါ် နှစ်ပူဆင့် ဆိုသလိုပါပဲ။ တောင်အာဖရိကရဲ့ ရှိရင်းစွဲ ဘေးဒုက္ခတွေကို ပိုပြီး ချဲ့ကားလိုက်သလိုပါပဲ။

## အရင်ကတည်းက စီးပွားရေးပျက်ကပ်နဲ့ကြုံ

တောင်အာဖရိကနိုင်ငံဟာ ကိုဗစ်- ၁၉ ကပ်မဆိုက်မီကတည်းက စီးပွားရေးပျက်ကပ်နဲ့ ကြုံတွေ့နေခဲ့တာ ဖြစ်ပါတယ်။ သူ့ရဲ့ ပြည်သူ့ကြွေးမြီဟာ အခုဆိုရင် အသားတင်ထုတ်လုပ်မှုတန်ဖိုး (ဂျီဒီပီ)ရဲ့ ၈၀ ရာခိုင်နှုန်းကျော် ရှိလာမယ်လို့ ခန့်မှန်းထားရပါတယ်။

မိမိတို့ရဲ့ ပြည်သူ့ဘဏ္ဍာရေးအခြေအနေဟာ အန္တရာယ်တောထဲ ကျရောက်နေတယ်လို့ ဘိုဝီနီက သတိပေးထားပါတယ်။ အလားတူ အစိုးရဟာ ၂၀၂၄ ခုနှစ်အထိ ရန်ငွေ ၅၀၀ ဘီလီယံအထက်ကို ထပ်မံချေးရဦးမယ်လို့လည်း သူက ပြောပါတယ်။

## ပြန်လည်ကောင်းမွန်လာမယ်လို့ ခန့်မှန်း

သို့သော်လည်း ၂၀၂၁ ဘတ်ဂျက်မူဘောင်အရ တောင်အာဖရိကကို အဓိက ပိုလျှံမှုတွေ ရှိလာအောင် လုပ်ဆောင်ပေးနိုင်လိမ့်မယ်လို့လည်း ဝန်ကြီးက ပြောကြားထားပါသေးတယ်။ ဒါပေမယ့် အဲဒီပိုလျှံမှုမှာတော့ အစိုးရကြွေးမြီတွေအတွက် ပေးရမယ့်အတိုးနှုန်းကို ဖယ်ထားပါတယ်။ ၂၀၂၅ ခုနှစ်မှာ ပြည်သူ့ကြွေးမြီဟာ ဂျီဒီပီရဲ့ ၈၈ ဒသမ ၉ ရာခိုင်နှုန်းမှာ ရှိနေမှာဖြစ်ပါတယ်။

၂၀၂၀ ပြည့်နှစ်မှာ ၇ ဒသမ ၂ ရာခိုင်နှုန်းခန့် စီးပွားရေးကျုံ့လာပြီးနောက်မှာတော့ တောင်အာဖရိကရဲ့ စီးပွားရေးဟာ ဒီနှစ်မှာ ၃ ဒသမ ၃ ရာခိုင်နှုန်းခန့် ပြန်လည်ကောင်းမွန်လာမယ်လို့ ခန့်မှန်းရပါတယ်။

## သပိတ်မှောက်ခဲ့ကြ

ဘတ်ဂျက်မိန့်ခွန်း မပြောကြားမီမှာ ကုန်သွယ်ရေးသမဂ္ဂက အလုပ်လက်မဲ့နှုန်း မြင့်မားလာခြင်းနဲ့ ရှည်ကြာစွာ စွဲလမ်းဖြစ်ပေါ်နေတဲ့ အကျင့်ပျက်ခြစားခြင်းတွေကို ဆန့်ကျင်ကန့်ကွက်တဲ့ သပိတ်ကို မှောက်ခဲ့ကြပါတယ်။

ဂျိုဟန်နစ္စဘာ့ဂ်ရဲ့ ဆိုဝီတိုမြို့နယ်မှာရှိတဲ့ ခရစ်ဟန်နီဘာရက်ဝါနက်သ်ဆေးရုံရဲ့ဂိတ်မှာ တောင်အာဖရိက ကုန်သွယ်ရေးသမဂ္ဂအဖွဲ့ဟာ ဆေးဝန်ထမ်းတွေကို ဝန်နဲ့အား မမျှအောင်ခိုင်းခြင်း၊ မတန်ကြေး တန်ကြေးပေးခြင်းတွေနဲ့ ပတ်သက်ပြီး ဆန္ဒပြခဲ့ကြပါတယ်။

ဘဏ္ဍာရေးဝန်ကြီးဌာနဟာ တစ်ဦးချင်းဝင်ငွေခွန်တွေကိုလည်း တိုးကောက်မယ်လို့ အဆိုပြုထားသလို အရက်၊ လောင်စာဆီနဲ့ ဆေးရွက်ကြီး ထုတ်ကုန်တွေပေါ်မှာ အခွန်အကောက်တွေ တိုးမြှင့်ကောက်ခံသွားမယ်လို့ ဆိုထားပါတယ်။ ဒီလိုမျိုး အခြေအနေတွေဟာ အခုလို ကိုဗစ်- ၁၉ ဘေးဒုက္ခအကျပ်အတည်းကာလမှာ ရေနစ်သူဝါးကူထိုးဆိုသလို ဖြစ်နေပါတယ်။ တောင်အာဖရိကနိုင်ငံဟာ အရင်ကတည်းက စီးပွားရေးအခြေအနေ ချည့်နဲ့နေတဲ့ကြားက အခုလို ကိုဗစ်-၁၉ ဖြစ်ပွားချိန်မှာဆိုတော့ နိုင်ငံရဲ့စီးပွားရေးဟာ ချွတ်ခြုံကျမယ့်အခြေအနေ ဖြစ်ပါတယ်။ ။

**ကိုးကား- အေအက်ဖ်ပီ**

> “တောင်အာဖရိကရဲ့ စီးပွားရေးကြံ့ကြံ့ခံနိုင်တဲ့ သင်္ကေတအဖြစ် မိုးခေါင်ရေရှားမှုကို ကောင်းစွာခံနိုင်တဲ့ ရှားစောင်းလက်ပပ်စိုက်ဖို့နဲ့အတူ နှစ်စဉ် အမျိုးသားဘတ်ဂျက်မိန့်ခွန်းမှာ ဘိုဝီနီက အခုလို အနာဂတ်အစီအစဉ်တွေကို ပြောကြားခဲ့တာပါ။ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုကို ဖြတ်တောက်ဖို့ စီးပွားရေးနဲ့ လှုပ်ရှားသွားလာမှု ကန့်သတ်ချက်တွေ တဖြည်းဖြည်း လွန်မြောက်လာပြီးတဲ့နောက်မှာ ဒါဟာ လိုအပ်လာပါလိမ့်မယ်”

# COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ် (နေပြည်တော်) တွင် ဖွင့်လှစ်ထားရှိသော COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID–19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ ဖေဖော်ဝါရီ ၁၉ ရက်မှ ၂၅ ရက်အထိ ပြည်တွင်း / ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ ငွေကျပ် ၄ ဒသမ ၉၄၉ သန်း ဖြစ်သည်။ ဖေဖော်ဝါရီ ၂၅ ရက်အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်သည်–

### COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA–013733 စာရင်း

| | ငွေကျပ် |
|---|---:|
| ၁၉–၂–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၃၀,၁၁၀,၁၅၈,၁၁၅.၃၉ |
| (+) ၁၉–၂–၂၀၂၁ မှ ၂၅–၂–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၄,၉၄၉,၀၀၀.၀၀ |
| ၂၅–၂–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၃၀,၁၁၅,၁၀၇,၁၁၅.၃၉ |

### COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း

| | အမေရိကန်ဒေါ်လာ |
|---|---:|
| ၁၉–၂–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |
| (+)၁၉–၂–၂၀၂၁ မှ ၂၅–၂–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | – |
| ၂၅–၂–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |

### COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ(COVID–19 Vaccination Fund) OA 013733 သို့ အများပြည်သူများမှ လှူဒါန်းငွေစာရင်း (၁၉–၂–၂၀၂၁ ရက်နေ့မှ ၂၅–၂–၂၀၂၁ ရက်နေ့အထိ)

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---:|
| | ၁၉-၂-၂၀၂၁ | ၃,၀၇၆,၀၀၀ |
| ၁ | ဒုရဲအုပ်လောင်းများ အမှတ်စဉ်(၁၉/၉၄) သူငယ်ချင်းများ (နေပြည်တော်) | ၅၀၀,၀၀၀ |
| ၂ | မောင်ဝေလင်းမောင် (တောင်ကြီးမြို့) | ၇၆,၀၀၀ |
| ၃ | မောင်ပြည့်ဖြိုးအောင်၊ အိမွန်ဟန် (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၄ | ဦးထွန်းထွန်းဝင်း(ပြည်မြို့) | ၃၀,၀၀၀ |
| ၅ | ဦးစောမြင့်လွင်၊ ပြည်နယ်ဦးစီးမှူး (ဟားခါးမြို့) | ၁၀၀,၀၀၀ |
| ၆ | ကိုဝင်းမောင်၊ မမြင့်မြင့်အေး (မုံရွာမြို့) | ၁,၀၀၀,၀၀၀ |
| ၇ | ဦးညွန့်မောင်၊ ဒေါ်သန်းအေး(ရန်ကုန်မြို့) | ၅၀၀,၀၀၀ |
| ၈ | ဦးအောင်သန်း(မန္တလေးမြို့) | ၅၀၀,၀၀၀ |
| ၉ | ဒေါ်မြတ်ကေခိုင်(ရန်ကုန်မြို့) | ၅၀,၀၀၀ |
| ၁၀ | ဒေါ်ခင်အေး မိသားစု (ပုသိမ်မြို့) | ၅၀,၀၀၀ |
| ၁၁ | ဒေါ်ခင်လှချစ် မိသားစု (ရန်ကုန်မြို့) | ၁၀၀,၀၀၀ |
| ၁၂ | ဒေါ်သက်သက်ခိုင် (ကျိုက်ထိုမြို့) | ၇၀,၀၀၀ |
| | | |
| | ၂၂-၂-၂၀၂၁ | ၁၀၃,၀၀၀ |
| ၁ | ပြည်သိန်းစိုး (လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၁,၀၀၀ |
| ၂ | တင်မေလင်း(လိပ်စာဖော်ပြထားခြင်းမရှိပါ) | ၂,၀၀၀ |
| ၃ | ဦးအောင်မိုး(ကန်ကြီးတောင့်မြို့) | ၁၀၀,၀၀၀ |
| | | |
| | ၂၃-၂-၂၀၂၁ | ၁,၇၀၀,၀၀၀ |
| ၁ | တက်နေဝင်း (လားရှိုးမြို့) | ၅၀၀,၀၀၀ |
| ၂ | PACT Co.,Ltd | ၁,၂၀၀,၀၀၀ |
| | | |
| | ၂၄-၂-၂၀၂၁ | ၁၀,၀၀၀ |
| ၁ | မောင်ဝေဖြိုးထွန်း(ဝမ်းတွင်းမြို့) | ၁၀,၀၀၀ |
| | | |
| | ၂၅-၂-၂၀၂၁ | ၆၀,၀၀၀ |
| ၁ | ဦးမျိုးညွှာ၊ ဒေါ်ဝင်းဝင်းငွေး (မုဒုံမြို့) | ၃၀,၀၀၀ |
| ၂ | ဒေါ်ချိုချို၊ သား-သူရိန်ဦး (နေပြည်တော်) | ၂၀,၀၀၀ |
| ၃ | ဦးကိုကိုလေး ၊ ဒေါက်တာခင်မြတ်နိုင်၊ သမီး-ခင်ခင်လေး (နေပြည်တော်) | ၁၀,၀၀၀ |
| | | |
| | (၁၉-၂-၂၀၂၁ ရက်နေ့မှ ၂၅-၂-၂၀၂၁ ရက်နေ့ထိ)စုစုပေါင်း | ၄,၉၄၉,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာ ဖော်ပြထားခြင်းဖြစ်ပါသည်။
(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့် နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

## ၂၆-၂ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---:|---:|---:|
| ၁။ | အမေရိကန် | ၂၉၀၅၉၅၃၁ | ၁၉၄၃၇၁၁၉ | ၅၂၀၉၈၀ |
| ၂။ | အိန္ဒိယ | ၁၁၀၆၈၅၂၁ | ၁၀၇၅၄၄၉၇ | ၁၅၆၈၉၀ |
| ၃။ | ဘရာဇီး | ၁၀၃၉၃၈၈၆ | ၉၃၂၃၆၉၆ | ၂၅၁၆၆၁ |
| ၄။ | ရုရှား | ၄၂၂၃၁၈၆ | ၃၇၈၃၃၈၆ | ၈၅၃၀၄ |
| ၅။ | ဗြိတိန် | ၄၁၅၄၅၆၂ | ၂၇၂၇၄၆၆ | ၁၂၂၀၇၀ |
| ၆။ | ပြင်သစ် | ၃၆၈၆၈၁၃ | ၂၅၄၈၆၈ | ၈၅၅၈၂ |
| ၇။ | စပိန် | ၃၁၈၀၂၁၂ | ၂၆၁၇၂၃၉ | ၆၈၈၁၃ |
| ၈။ | အီတလီ | ၂၈၆၈၄၃၅ | ၂၃၇၅၃၁၈ | ၉၆၉၇၄ |
| ၉။ | တူရကီ | ၂၆၇၄၇၆၆ | ၂၅၄၆၅၀၃ | ၂၈၃၅၈ |
| ၁၀။ | ဂျာမနီ | ၂၄၂၉၇၈၉ | ၂၂၃၅၇၀၀ | ၇၀၁၅၆ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၆ – ၂ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---:|---:|---:|
| အင်ဒိုနီးရှား | ၁၃၂၂၈၆၆ | ၁၁၂၈၆၇၂ | ၃၅၇၈၆ |
| ဖိလစ်ပိုင် | ၅၇၁၃၂၇ | ၅၂၄၅၈၂ | ၁၂၂၄၇ |
| မလေးရှား | ၂၉၅၉၅၁ | ၂၆၆၈၄၆ | ၁၁၁၁ |
| မြန်မာ | ၁၄၁၈၇၅ | ၁၃၁၄၃၅ | ၃၁၉၈ |
| စင်ကာပူ | ၅၉၉၁၃ | ၅၉၇၈၅ | ၂၉ |
| ထိုင်း | ၂၅၈၀၉ | ၂၄၉၅၂ | ၈၃ |
| ဗီယက်နမ် | ၂၄၂၆ | ၁၈၃၉ | ၃၅ |
| ကမ္ဘောဒီးယား | ၇၄၁ | ၄၇၇ | ၀ |
| ဘရူနိုင်း | ၁၈၅ | ၁၇၈ | ၃ |
| လာအို | ၄၅ | ၄၂ | ၀ |

# နိုင်ငံတစ်ဝန်း၌ ကုန်စည်စီးဆင်းမှုများ၊ ဈေးများနှင့် ဘဏ်များ ပုံမှန်အတိုင်းလုပ်ငန်းလည်ပတ်လျက်ရှိ



ပြည်ပသို့တင်ပို့မည့် ဆန်များကို သင်္ဘောပေါ်သို့ တင်ဆောင်နေစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်မြို့ရှိ သီလဝါဆိပ်ကမ်း ဒေသတွင် စက်သုံးဆီ တင်ချ ပြုလုပ်နိုင်သည့် ဆိပ်ခံတံတား စုစုပေါင်း ခြောက်စင်းရှိပြီး အဆိုပါ ဆိပ်ခံတံတားများရှိ သိုလှောင်ကန်များတွင် ဒီဇယ်ဆီ ဂါလန် သန်းပေါင်း ၆၁ ဒသမ ၉၆၄ နှင့် ဓာတ်ဆီဂါလန်သန်းပေါင်း ၈၃ ဒသမ ၇၀၀ တို့ကို ထိန်းသိမ်း ထားနိုင်သည်။

**ဆက်လက်ဆောင်ရွက်**

အဆိုပါ စက်သုံးဆီသိုလှောင် ကန်များတွင် ယနေ့အထိ ထိန်းသိမ်းထားရှိသည့် ပမာဏ အနေဖြင့် ဒီဇယ်ဂါလန်သန်းပေါင်း ၃၈ ဒသမ ၈၇၈ နှင့် ဓာတ်ဆီ ဂါလန်သန်းပေါင်း ၃၅ ဒသမ ၆၅၆ ထိန်းသိမ်းထားရှိပြီး နေ့စဉ် ဆီတင်သင်္ဘောများမှ ကုန်ချ ခြင်း လုပ်ငန်းများကို အရှိန် အဟုန်မပြတ် ဆက်လက် ဆောင်ရွက်လျက်ရှိကာ ပြည်တွင်းသို့ ပြန်လည်ဖြန့်ဖြူးခြင်းလုပ်ငန်း များကိုလည်း ဆောင်ရွက်လျက် ရှိသည်။ မကြာမီ ရက်ပိုင်း အတွင်း စက်သုံးဆီတင်သင်္ဘော ငါးစင်းဖြင့် စက်သုံးဆီတန်ချိန် ၈၄၆၀၀ ခန့်ကို တံတားများ၌ ဆိုက်ကပ်၍ ကုန်ချခြင်းလုပ်ငန်း များ ဆက်လက်ဆောင်ရွက်သွား ရန်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့နှင့် သီလဝါ ကမ်းနားဒေသတို့တွင် စားအုန်း ဆီ အတင်အချပြုလုပ်နိုင်သည့် ဆိပ်ခံတံတား စုစုပေါင်း လေးစင်း ရှိပြီး သိုလှောင်ကန်များတွင် စားအုန်းဆီ စုစုပေါင်း ၇၅၀၀၀ မက်ထရစ်တန်ကို သိုလှောင် ထားနိုင်ကြောင်းနှင့် ယနေ့အထိ စားအုန်းဆီ စုစုပေါင်း ၂၂၀၀၀ မတ်ဒရစ်တန်ကို သိုလှောင်ထား ရှိကာ နေ့စဉ် ပြန်လည်ဖြန့်ဖြူး ခြင်းလုပ်ငန်းများကို ဆောင်ရွက် လျက်ရှိပါသည်။ မကြာမီရက်ပိုင်း အတွင်း စားအုန်းဆီတင် သင်္ဘော လေးစင်းဖြင့် စားအုန်းဆီ တန်ချိန် ၃၂၄၅၀ ခန့်ကို အဆိုပါတံတား များတွင်ဆိုက်ကပ်၍ ကုန်ချခြင်း လုပ်ငန်းများကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်သည်။

**ကုန်ချခြင်းလုပ်ငန်းများ ဆောင်ရွက်သွားရန်ရှိ**

ရန်ကုန်မြို့ရှိ အထွေထွေ ကုန်ပစ္စည်းများ အတင်အချ ပြုလုပ်နိုင်သော ဆိပ်ခံတံတား များသို့ သံထည်ပစ္စည်းစုစုပေါင်း တန်ချိန် ၆၀၇၅၃ ကို သယ်ဆောင် လာသည့် သင်္ဘောလေးစင်းသည် လည်း ဝင်ရောက်ဆိုက်ကပ်၍ ကုန်ချခြင်းလုပ်ငန်းများ ဆောင် ရွက်သွားရန်ရှိသည်။

၎င်းအပြင် ပြည်ပမှ တင်သွင်း လာသည့် လူသုံးကုန်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ ဆောက် လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ နှင့် အထွေထွေ ကုန်ပစ္စည်း များအား ဆိပ်ကမ်းအသီးသီးမှ ထုတ်ယူရှင်းလင်းခြင်းများ ပုံမှန် ဆောင်ရွက်လျက်ရှိပြီး အထွေထွေ ကုန်ပစ္စည်းတန်ချိန် ၆၀၇၅၃ ထပ်မံဝင်ရောက်ရန် ရှိကြောင်း သိရှိရသည်။ ပြည်ပပို့ကုန်များ ဖြစ်သည့် ဆန်၊ ပဲ၊ ပြောင်း၊ နှမ်း စသည့် ပြည်ပပို့ကုန်တင်ပို့ခြင်း လုပ်ငန်းများကိုလည်း နေ့ည မပြတ် ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

**ရောင်းဝယ်ဖောက်ကားလျက်ရှိ**

CDM ပါဝင်လှုပ်ရှားသူများနှင့် အဖျက်အမှောင့်များ လုပ်ကိုင် လုပ်ဆောင်နေသူ လူတစ်စုက နိုင်ငံတစ်ဝန်းလုံး မြို့နယ်အသီး သီးရှိ ဈေးများ၊ စတိုးဆိုင်ခန်း များ၊ ဘဏ်များ ပိတ်ထားကြောင်း ကောလာဟလ သတင်းများ ထုတ်လွှင့်လျက်ရှိသည်။ ထိုသို့ ကောလာဟလ သတင်းများ ထွက်ပေါ်ခဲ့သော်လည်း နိုင်ငံ တစ်ဝန်းလုံး မြို့နယ်အသီးသီးရှိ ဈေးများ၊ စတိုးဆိုင်ခန်းများမှာ မိမိတို့၏ မိသားစုစားဝတ်နေရေး အတွက် ပုံမှန်အတိုင်း အေးချမ်း စွာ ရောင်းဝယ်ဖောက်ကားလျက် ရှိကြသည်။

ထို့ပြင် မြန်မာ့စီးပွားရေး ဘဏ်များနှင့် ဘဏ်ခွဲများတွင် ပင်စင်လာရောက် ထုတ်ယူကြ မည့် အငြိမ်းစားဝန်ထမ်းများ လွယ်ကူချောမွေ့စွာ ထုတ်ယူ နိုင်စေရန်အတွက် သက်ဆိုင်ရာ ဘဏ်များ၌ လုံခြုံရေးများဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး နိုင်ငံ့ ဝန်ထမ်းများ၏ လုပ်ခလစာ ထုတ်ယူရက် ဖြစ်သဖြင့် အငြိမ်းစား ဝန်ထမ်းများအပြင် နိုင်ငံ့ဝန်ထမ်းများပါ သက်ဆိုင်ရာ ဘဏ်အသီးသီး၌ ၎င်းတို့၏လုပ်ခ လစာများ အဆင်ပြေချောမွေ့စွာ လာရောက်ထုတ်ယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




ကွန်တိန်နာဆိပ်ကမ်း၌ ကွန်တိန်နာများကို သယ်ဆောင်နေစဉ်။

## သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

## အယ်ဒီတာ့ထံ ပေးစာ

**အယ်ဒီတာခင်ဗျား**

ကျွန်တော်သည် နိုင်ငံ့ဝန်ထမ်း ပြည်သူတစ်ဦး ဖြစ်ပါသည်။ ကျွန်တော့်တွင် မိသားစု ၆ ယောက်ရှိကာ အသက်အရွယ် ကြီးရင့်သော မိအို၊ ဖအိုနှင့် ဇနီးသားသမီးတို့သည် ကျွန်တော်၏ နိုင်ငံ့ဝန်ထမ်းလစာ ၂ သိန်း ၃ သောင်းကိုသာ မျှော်ကိုး၍ စားသောက်နေထိုင်ကြရပါသည်။ ကျွန်တော်သည် နိုင်ငံ့ဝန်ထမ်းတစ်လျှောက် နိုင်ငံတော်အစိုးရ၏ အလုပ်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်သူတစ်ဦးဖြစ်ပြီး နိုင်ငံတော်၏ ပစ္စည်းများနှင့် သူတစ်ပါး၏ပစ္စည်းများကို အပ်တိုတစ်ချောင်းမျှ ယူခဲ့ခြင်းလည်းမရှိဖူးကြောင်း ကိုယ့်ကိုယ်ကိုယ် ကျိန်ပြောရဲသည့် သတ္တိရှိပါသည်။ ဝန်ထမ်းလုပ်သက်သည်လည်း နှစ် ၂၀ ကျော်ရှိခဲ့ပြီး ဖြစ်ပါသည်။

၁-၂-၂၀၂၂ ရက်နေ့မှ စတင်၍ တပ်မတော်မှ နိုင်ငံတော်အာဏာကို ထိန်းခဲ့မှုကြောင့် ပြည်သူများသည် လမ်းမပေါ်ထွက်ကာ ဆန္ဒထုတ်ဖော်ကြပါသည်။ ၎င်းတို့ ဆန္ဒပြကြွေးကြော်ရာတွင် ဝန်ထမ်းများအား ရုံးမတက်နဲ့ ရုန်းထွက်ကြဆိုသည့် ကြွေးကြော်သံများလည်း ထွက်ပေါ်ခဲ့ပါသည်။ ကျွန်တော်သည် ပြည်သူထဲက ပြည်သူတစ်ဦးဖြစ်၍ ဆန္ဒပြပြည်သူများ၏ ကြွေးကြော်သံကို ကြားရ၍ ညဘက်အိပ်မရသည်အထိ အကြိမ်ကြိမ်စဉ်းစားဆုံးဖြတ်ခဲ့ပါသည်။

ကျွန်တော်စဉ်းစားမိသမျှကို ပထမ မိအို၊ ဖအိုနှင့် ဒုတိယ ဇနီးသားသမီးတို့၏မျက်နှာအားမြင်ယောင်လာမိပြီး မနက်ရောက်တော့ တိုင်ပင်ကြည့်ရာ အဖေက မင်းရဲ့ဆန္ဒကို မတားပါဘူး။ မင်းရဲ့ဇနီးနဲ့ သားသမီးတွေကို ဘယ်သူက လာကျွေးမွေးကြမလဲ။ ဘယ်သူက လာပြီးပြုစုပျိုးထောင်မလဲ။ ဒါကိုတော့ သားသိဖို့လိုတယ်နော်တဲ့။ ကျွန်တော်လည်း ဘေးမှာထိုင်နေတဲ့ ဇနီး၊ သားသမီးတွေကို ကြည့်ပြီး ကျွန်တော့်စိတ်ကို ဆုံးဖြတ်ကာ ငါ နိုင်ငံ့ဝန်ထမ်းတစ်ယောက်၊ ရုံးတက်မှ ငါ့မိသားစု စားဝတ်နေရေး ပြဿနာ အဆင်ပြေမယ်လို့ တွေးတောပြီး ရုံးတက်ဖို့ ဆုံးဖြတ်ခဲ့ပါသည်။

ရုံးတက်ဖို့ ကျွန်တော်အိမ်ကနေ ထွက်တုန်းရှိသေး၊ ရပ်ကွက်အိမ်နီးနားချင်းများက ကျွန်တော့်ကိုကြည့်ပြီး ဘယ်သွားမလို့လဲဟု မေးမြန်းကြ၍ ဘယ်သူ့ကိုမှ လိမ်ပြောချင်စိတ်မရှိသော ကျွန်တော်က မြို့ထဲသွားမလို့ဟုသာ ဖြေဆိုပြီး ထွက်လာခဲ့ပါသည်။

ရုံးရှေ့ရောက်တော့လည်း ဆန္ဒပြလူအုပ်စုက ကျွန်တော်တို့အား အော်ဟစ်ဆဲဆိုမှုများ ပြုလုပ်ကြပါသည်။ ရုံးဆင်းချိန်တွင် ဆန္ဒပြသူတချို့က အိမ်ပြန်ရန် ရုံးကထွက်ခွာလာကြသည့် ဝန်ထမ်းများအား ဖုန်းများဖြင့် ဓာတ်ပုံရိုက်ခြင်း၊ ကြမ်းတမ်းသောစကားများဖြင့် ပြောဆိုနေကြသောကြောင့် မိန်းမပျိုလေးများမှာ ရှက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်းများဖြစ်နေသဖြင့် စိတ်ထဲတွင် ကသိကအောက်ခံစားရ၍ ဆန္ဒပြပြည်သူများကို တစ်ခုလောက် မေးလိုက်ချင်သည့်စကားက ငါတို့နိုင်ငံ့ဝန်ထမ်းတွေကို မှီခိုနေတဲ့ မိသားစုရဲ့ စားဝတ်နေရေးကို ဘယ်သူကများ လာဖြေရှင်းပေးမလဲဟု စိတ်ထဲတွင် မေးလိုက်မိလေသည်။ အိမ်ပြန်ရောက်တော့လည်း ရပ်ကွက်အိမ်နီးနားချင်းများက ဈေးသွားဝယ်တာ ကြာလှချည်လားဟု မေးခံခဲ့ရသည်။

နောက်ရက်များတွင် ကျွန်တော် ရုံးသွားနေသည်ကို သိသွားကြသော ရပ်ကွက် အိမ်နီးနားချင်းများသည် ကျွန်တော်တို့ မိသားစုအား ခေါ်ပြောခြင်းမရှိတော့သည်ကို သိသိသာသာကြီး တွေ့မြင်ရပါသည်။

ဒါကြောင့် မိန်းမအား သူတို့ မခေါ်ရင်လည်း စိတ်မဆိုးရဘူး၊ အမြင်ချင်းမတူရင် ရန်သူအဖြစ် သတ်မှတ်ချင်လည်း သတ်မှတ်ကြပါလေ့စေဟု အားပေးစကားပြောခဲ့ရသည်။ ညီအစ်ကို မောင်နှမတွေလိုနေပြီး သူ့အိမ်ထမင်းသွားစား၊ ငါ့အိမ်ထမင်းလာစား လုပ်နေခဲ့ရာမှ ယခုဆိုစောင်းမြောင်းပြောဆိုကြသည်အထိ လုပ်လာကြသည်ကို တွေ့မြင်ရပါသည်။ ကျွန်တော်တို့လို CDM မလုပ်သော ဝန်ထမ်းများကို အကာအကွယ်များ ယခုထက် ပိုမိုပေးနိုင်ပါရန် အယ်ဒီတာမှတစ်ဆင့် တင်ပြလိုက်ရပါသည်။ **နိုင်ငံ့ဝန်ထမ်း ပြည်သူတစ်ဦး**

### အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ ပေးစာများပေးပို့နိုင်

မြန်မာ့အလင်း သတင်းစာဖတ်ရှုသူ ပြည်သူများအနေဖြင့် မိမိတို့ ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများ၊ သက်ဆိုင်ရာအဖွဲ့အစည်းများသို့ သိရှိစေလိုသော အပြုသဘောဖြင့်ရေးသားသော ပေးစာများကို မြန်မာ့အလင်းသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့်ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ်ပြည်သူများအား အသိပေးဖိတ်ခေါ်လိုက်ပါသည်။

**စာတည်းအဖွဲ့**

## မော်လမြိုင်မြို့ ကျိုက်သလွံစေတီတော်မြတ်ကြီးရှိ နောင်တော်ကြီးစေတီတော် စိန်ဖူးတော်တင်လှူပူဇော်ခြင်းနှင့် ပဋ္ဌာန်းသိမ်းအောင်ပွဲမင်္ဂလာကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၂၆



မွန်ပြည်နယ် မော်လမြိုင်မြို့ ကျက်သရေဆောင် သမိုင်းဝင် ကျိုက်သလွံ စေတီတော်မြတ်ကြီးရှိ နောင်တော်ကြီးစေတီတော် စိန်ဖူးတော် တင်လှူပူဇော်ခြင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ခြင်းနှင့် ပဋ္ဌာန်းသိမ်းအောင်ပွဲမင်္ဂလာကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်ကြီးရှိ သီရိမင်္ဂလာ ပဋ္ဌာန်းဓမ္မာရုံ၌ ပြုလုပ်ရာ မော်လမြိုင်မြို့ မောင်ငံရပ် နတ်မှော်ကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သုမန အမှူးပြုသောသံဃာတော်များ ကြွရောက်တော်မူကြသည်။

ဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တက်ရောက် လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်ပြီး နတ်မှော်ကျောင်းတိုက် ဆရာတော်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက နောင်တော်ကြီးစေတီတော်တွင် တင်လှူပူဇော်မည့် ရတနာစိန်ဖူးတော်ကို နတ်မှော်ကျောင်းတိုက် ဆရာတော်ထံသို့ ဆက်ကပ်လှူဒါန်းပြီးနောက် **(အပေါ်ပုံ)** တိုင်းမှူးက ပင့်ဆောင်ကာ စေတီတော်မြတ်ကြီးအား လက်ယာရစ်သုံးပတ် လှည့်လည်ပူဇော်ကြည်ညိုပြီး စေတီတော်အထွတ်သို့ တင်လှူပူဇော်ကာအမွှေးနံ့သာရည်များ ပက်ဖျန်းကာ ဇယန္တော ဗောဓိယာမူလေ အစချီ အောင်ဂါထာတော်များကို ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ဆက်လက်၍ နတ်မှော်ကျောင်းတိုက်ဆရာတော် အမှူးပြုသော သံဃာတော်များက စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေကအနေကဇာတင် ပူဇော်ကြည်ညိုကြသည်။ ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး မော်လမြိုင်မြို့ ဇောတိကာရုံ ကျောင်းတိုက် ဆရာတော် နိုင်ငံတော် သံဃနာယကအဖွဲ့ဝင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ စန္ဒောဘာသထံမှ အနုမောဒနာတရားနာယူ၍ လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့သည်။

ထို့နောက် ပဋ္ဌာန်းသိမ်းအောင်ဂါထာတော်များ ရွတ်ဖတ်ပူဇော်ကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်း၍ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံသားများ တင်ဆောင်၍ ခေါ်ဆောင်လာသော တပ်မတော်စစ်ရေယာဉ်များ မြန်မာ့ရေပြင်နယ်နိမိတ်အတွင်း ရောက်ရှိခုတ်မောင်းလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၂၆

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်ချက်အရ မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသား ၁၀၈၆ ဦးအား ပြန်လည်ခေါ်ဆောင်လာသော တပ်မတော်စစ်ရေယာဉ်များသည် ဖေဖော်ဝါရီ ၂၅ ရက်တွင် မြန်မာ့ရေပိုင်နက်အတွင်း ရောက်ရှိခဲ့ပြီး မလေးရှားနိုင်ငံသို့ အသွား/အပြန် ရေမိုင်ပေါင်း ၁၈၀၀ မိုင် ခုတ်မောင်း ခဲ့ကာ ရန်ကုန်ဆိပ်ကမ်းသို့ ဆိုက်ကပ်ပို့ဆောင်နိုင်ရေး ဆက်လက် ခုတ်မောင်းလျက်ရှိသည်။

စစ်ရေယာဉ်များပေါ်တွင် လိုက်ပါလာသော မြန်မာနိုင်ငံသားများအား လမ်းခရီးတစ်လျှောက် ကျန်းမာရေးအထောက်အကူပြုစေရန် ကိုယ်လက်လေ့ကျင့်ခန်းများ ဆောင်ရွက်ခြင်း၊ အားကစားပြိုင်ပွဲများ ပြုလုပ်ပေးခြင်းနှင့် ကျန်းမာရေးဆိုင်ရာ ဗဟုသုတ ဟောပြောပွဲများ ပြုလုပ်ပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည့်အပြင် ဖျော်ဖြေရေးနှင့် ရုပ်ရှင်ပြသခြင်းတို့အား ရေယာဉ်များပေါ်တွင် ဆောင်ရွက်ပေးခဲ့သည်။ ထို့ပြင် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများကလည်း ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုများ အနီးကပ်ဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပါက ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ကျန်းမာရေးဆိုင်ရာ စောင့်ကြည့်စစ်ဆေးခြင်း၊ နေရပ်ပြန်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်းနှင့် အလုပ်အကိုင်အခွင့်အလမ်းရရှိရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနတို့ဖြင့် ပူးပေါင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိုင်းစစ်ဌာနချုပ်များ၌ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲနှင့် ဆုပေးပွဲပြုလုပ်



နေပြည်တော် ဖေဖော်ဝါရီ ၂၆

မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်နှင့် ယနေ့တို့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်များရှိ သတ်မှတ်နေရာအသီးသီး၌ပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်၊ တိုင်းမှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဒိုင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်၊ တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်အသင်းများ၏ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ဆုရရှိသော အသင်းများအား ဒုတိယဗိုလ်ချုပ်ကြီး တေဇကျော်၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်သည်။

အဆိုပါ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ ကွပ်ကဲမှုအောက် တပ်ရင်း၊ တပ်ဖွဲ့များမှ ပြိုင်ပွဲဝင်အသင်းများ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## COVID-19 ရောဂါ ခါတ်ခွဲအတည်ပြုလူနာသစ် ၃၄ ဦး တွေ့ရှိ

### COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၆-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၅-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၆-၂-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၂၅၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၃၄) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၄၈၈,၇၇၄) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၈၇၅) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁၈) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၄၃၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့် အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည် ဖြစ်ပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ပြည်သူများ စိတ်အေးချမ်းစွာ နေထိုင်အိပ်စက်နိုင်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၂၆

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့်ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးကို ပြည့်ဝစွာဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့်ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရားစေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

COVID-19 ရောဂါ ဖြစ်ပေါ်မှုအခြေအနေများကြောင့် ဗုဒ္ဓဘာသာ ဘုရားစေတီများ အပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီ ရပ်ဆိုင်းထားရှိရာမှ COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညိုတရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှ စတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့သည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံ စေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော် ကောင်စီနယ်မြေ၊ ပုဗ္ဗသီရိမြို့နယ် အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေးကျောင်းများ၊ ခရစ်ယာန် ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာဘာသာများအလိုက် အများပြည်သူ ဝတ်ပြုကြည်ညိုနိုင်ရေးအတွက် COVID-19 စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာဘာသာဝင်များက စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက် ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ဒေသခံတောင်သူများရောင်းချရန် အခက်အခဲ ဖြစ်ပေါ်လျက်ရှိသည့် ရာသီသီးနှံများကို တပ်မတော်က ဆက်လက်ဝယ်ယူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ကူးသန်းသွားလာမှုများ ရပ်ဆိုင်းကာ သီးနှံများ ဝယ်ယူသူနည်းပါးပြီး ဒေသခံတောင်သူများအနေဖြင့် ရောင်းချရန် အခက်အခဲဖြစ်ပေါ်၍ သီးနှံများ ပျက်စီးဆုံးရှုံးနိုင်သည့် အခြေအနေများ ဖြစ်ပေါ်နေသောကြောင့် နယ်မြေခံတပ်မတော်သားများက စိုက်ခင်းများသို့ သွားရောက်၍ ဒေသခံတောင်သူများ ရောင်းချပေးနိုင်သည့် ဈေးနှုန်းဖြင့် ရာသီ သီးနှံများကို ဝယ်ယူပေးလျက်ရှိသည်။



ထိုသို့ ဝယ်ယူပေးလျက်ရှိရာ ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် တောတွင်လှကျေးရွာအုပ်စု ရွာသစ်ကြီးကျေးရွာရှိ ဒေသခံတောင်သူများထံမှ ကြက်သွန်နီပိဿာ ၅၇၅၀ ကို ဒေသခံတောင်သူများ ရောင်းချပေးနိုင်သည့်ဈေးနှုန်းဖြင့် ထပ်မံဝယ်ယူပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တပ်မတော်ထောက်ခံပွဲများ ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် မြန်မာ့တပ်မတော်အား ထောက်ခံပွဲကို ယနေ့တွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းပျဉ်းမြို့တွင် အင်အား ၁၂၀၀ ခန့်ဖြင့်လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် အင်အား ၃၅၀၀ ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ကွမ်းသီးပင်အုပ်စု တံခွန်တိုက်ကျေးရွာတွင် အင်အား ၃၅၀ ခန့် ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့ ဘီလင်းကျေးရွာတွင် အင်အား ၁၂၀၀ ခန့်ဖြင့် လည်းကောင်း အသီးသီး ပြုလုပ်ခဲ့ကြပြီး ဆန္ဒဖော်ထုတ်ရာတွင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲမသမာမှု၊ မဲခိုးမှုများ အမြန်ဖော်ထုတ်ပေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ ဆောင်ရွက်လျက်ရှိသည့် မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသစ်အား ကြိုဆိုထောက်ခံပါသည်၊ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် UEC အသစ်အား ကြိုဆိုပါသည်၊ ပြည်ပအားကိုးပုဆိန်ရိုး အမျိုးသားရေးသစ္စာဖောက်များအား အလိုမရှိ၊ မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေ၊ မြန်မာပြည်ကြီး အေးချမ်းပါစေ၊ ဥပဒေနှင့်မညီသော ရွေးကောက်ပွဲရလဒ် အလိုမရှိ၊ အမျိုးဘာသာသာသနာကို စောင့်ရှောက်ပေးသော မြန်မာ့တပ်မတော်အား ထောက်ခံပါသည်၊ တပ်မတော်နှင့် ပြည်သူသွေးခွဲသူ ဒို့ရန်သူ၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ပေးမည့် တပ်မတော်အား ထောက်ခံပါသည် စသားပါ ဆိုင်းဘုတ်များကို ကိုင်ဆောင်ကြွေးကြော်ခဲ့ကြသည်။

အများပြည်သူများအနေဖြင့် တပ်မတော်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ မဲမသမာမှုဖြစ်စဉ်များအပေါ် ရွေးကောက်ပွဲ ကော်မရှင်တစ်ရပ်အား ဖွဲ့စည်းကာ စိစစ်နိုင်ရေး ဆောင်ရွက်နေမှုများကို အများပြည်သူများမှ ထောက်ခံသည့် ဆန္ဒဖော်ထုတ်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ် ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် သပိတ်ကျင်းမြို့နယ် တကောင်းမြို့ ပြည်သူ့ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျောက်တံခါး ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) မန်တုံပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံမှုကြောင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့်သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အား စေလွှတ်၍ ရောဂါဝေဒနာ ခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ ဆေးရုံများ၌ တပ်မတော် ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ဒေသခံပြည်သူများအနေဖြင့်လည်း အထူးပင်ကျေးဇူးတင် ဝမ်းမြောက်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှု အခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်သည်။ ထို့နောက် ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပြင်ဆင်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏နေရပ်ဒေသများသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် ယနေ့တွင် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများက မိုင်း ရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် အမ်း-စစ်တွေ ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက် နယ်မြေခံ တပ်မတော်သားများက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ မိန့်ခွန်းပါ အချက်အလက်များအား ပြည်ထောင်စုစာရင်းစစ်ချုပ်က အရာထမ်း၊ အမှုထမ်းများသို့ ထပ်ဆင့်ရှင်းလင်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**




ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် စာရင်းစစ်ချုပ်ရုံးရှိ အရာထမ်း၊ အမှုထမ်းများတွေ့ဆုံပွဲနှင့် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ ဖေဖော်ဝါရီလ ၈ ရက်နေ့တွင် နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားခဲ့သည့် မိန့်ခွန်းပါ အချက်အလက်များအား ထုတ်နုတ်ပြီး ဝန်ထမ်းအဆင့်ဆင့်သို့ ထပ်ဆင့်ရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး စုပေါင်းခန်းမ၌ ကိုဗစ် -၁၉ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စု စာရင်းစစ်ချုပ် ဒေါက်တာကံဇော်က နိုင်ငံ့ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းကျင့်ဝတ်၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများကို လိုက်နာရန်နှင့် နိုင်ငံ့ဝန်ထမ်း၏ တာဝန်၊ ဝတ္တရားများကို လိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း၊ နိုင်ငံ့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်လျက်ရှိသည့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ ဝန်ထမ်းများကို ကျေးဇူးတင်ပါကြောင်း၊ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးသည် နိုင်ငံ၏ နားနှင့် မျက်စိဖြစ်သလို ဖြောင့်မတ်၊ မှန်ကန်၊ တိကျမှုတို့ဖြင့် တာဝန်များဆောင်ရွက်ရသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ ဝန်ထမ်းကျင့်ဝတ်၊ စည်းမျဉ်းများနှင့်အညီ မိမိတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်သူများအား မှတ်တမ်းတင်ပါကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၏ နိုင်ငံတော်၏အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ၈-၂-၂၀၂၁ ရက်နေ့တွင် ပြောကြားသည့် မိန့်ခွန်းကို ပြည်ထောင်စုစာရင်းစစ်ချုပ်က ဝန်ထမ်းများအား ရှင်းလင်းပြောကြားသည်။

**သတင်းစဉ်**




# ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများ စုပေါင်းထမနဲထိုးပွဲကျင်းပ၍ အလှူဒါနပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**



ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ဝန်ထမ်းများအချင်းချင်း၊ ချစ်ခင်စည်းလုံးမှု၊ တစ်ဦးအပေါ်တစ်ဦး နားလည်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဖြစ်ပေါ်စေရေးအတွက် မြန်မာ့ရိုးရာ ထမနဲထိုးပွဲများကို နှစ်စဉ်ကျင်းပခဲ့ရာ ဖေဖော်ဝါရီ ၂၆ ရက် (တပို့တွဲလပြည့်နေ့) တွင် ရိုးရာမပျက် ထမနဲထိုးပွဲကျင်းပ၍ ပျော်ရွှင်ကြည်နူးလျက်ရှိသည်။

အဆိုပါ ထမနဲများအား ဘုရားပုထိုးစေတီများတွင် ဆွမ်းကပ်လှူဒါန်းခြင်း၊ ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းဆက်ကပ်ခြင်း၊ ဝန်ထမ်းမိသားစုများသို့ ဝေငှပေးခြင်းတို့ကို စုပေါင်းဆောင်ရွက်၍ အလှူဒါနပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရန်ကုန်) မိသားစုဝင်များ ထမနဲထိုးပြိုင်ပွဲ ကျင်းပ



သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရန်ကုန်)မိသားစုဝင်များ စုပေါင်းထမနဲထိုးပြိုင်ပွဲ ကျင်းပနေစဉ်။

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအောက်ရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း (ရန်ကုန်)၊ ကြေးမုံသတင်းစာတိုက်နှင့် မြန်မာ့အလင်းသတင်းစာတိုက် ဝန်ထမ်းမိသားစုများသည် ဖေဖော်ဝါရီ ၂၆ ရက် (တပို့တွဲလပြည့်နေ့) မွန်းလွဲပိုင်းတွင် စုပေါင်းထမနဲထိုးပြိုင်ပွဲကို ဗဟန်းမြို့နယ်အတွင်းရှိ မြန်မာ့အလင်းသတင်းစာတိုက်၌ ကျင်းပသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲတွင် ဝန်ထမ်းမိသားစုဝင် ၅၀ ကျော်က ပျော်ရွှင်စွာ ထမနဲထိုးခဲ့ပြီး လာရောက်အားပေးသော ဝန်ထမ်းမိသားစုဝင်များကို ထမနဲဘူးများ ဝေငှပေးခဲ့ကြောင်း သိရသည်။

**သတင်း- ထိုက်အောင်ဝင်း**

**ဓာတ်ပုံ- မင်းထက်**

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်းသတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်းသတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး |
| ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm



# မြန်မာသမိုင်းစာပေ

မောင်ခင်မင် (ဓနုဖြူ)

“သူငယ်ချင်းအောင်အောင် နေကောင်းတယ်နော်”

“ဟာ၊ ကျော်ကျော်ပါလား။ ဝမ်းသာလိုက်တာကွာ။ တို့သူငယ်ချင်းတွေ မတွေ့ရတာကြာပြီ။ သြော်၊ ညှော့သည်တွေလဲ ပါတာကိုး။ လာကြပါ၊ ထိုင်ကြပါ”

“ကဲ... ဒါဆရာ့သူငယ်ချင်း အောင်အောင်လေ။ မြန်မာစာ ပါမောက္ခအငြိမ်းစားပေါ့။ ဆရာလမ်းမှာ ပြောပြီးပါပြီ။ ကဲ...သားနဲ့ သမီးက ကိုယ့်ကိုယ်ကိုယ် အရင်မိတ်ဆက်လိုက်ကြပါလား”

“ဟုတ်ကဲ့။ ကျွန်တော်က မြန်မာစာမဟာဝိဇ္ဇာတန်း တက်နေပါတယ်။ ရှေ့နှစ်မှာ ကျမ်းပြုရပါမယ် ဆရာ”

“သမီးကတော့ ဆရာဦးကျော်ကျော်ရဲ့တပည့်ပါ။ သမိုင်းမဟာဝိဇ္ဇာ တက်နေပါတယ်။ သမီးလည်း ရှေ့နှစ်ကျမ်းပြုရပါမယ် ဆရာ”

“သူတို့နဲ့တွေ့ပြီး မကြာခဏ ပြောဖြစ် ဆိုဖြစ်တာ၊ ဒီတစ်ခါတော့ မြန်မာစာ အကြောင်းရော၊ မြန်မာသမိုင်းအကြောင်းရော ပြောကြရင်းနဲ့သူတို့ ကျမ်းအတွက်လဲ စဉ်းစားစရာရအောင် မင်းနဲ့ပါ ပြောကြဆိုကြဖို့ စိတ်ကူးပေါ်လာတာနဲ့ သူတို့ကို ခေါ်လာတာပဲ သူငယ်ချင်း”

“ဟုတ်ပါပြီ။ ပြောကြ ဆိုကြတာပေါ့။ ကဲ...သားတို့ သမီးတို့က စပြောကြလေ။ ဘာပြောဖို့ စဉ်းစားလာကြသလဲ”

“သူတို့နှစ်ယောက်က ငါ့ကိုမေးတယ်ကွ။ ‘သမိုင်းစာပေ’ နဲ့ ‘စာပေသမိုင်း’ နဲ့ တူသလား၊ မတူဘူးလားတဲ့”

“မင်းက ဘယ်လိုဖြေလိုက်သလဲ”

“ငါက မဖြေရသေးပါဘူး။ မင်းနဲ့တွေ့မှ ပြောကြတာပေါ့လို့ပဲ ပြောထားတာ”

“ကဲ...သားတို့ သမီးတို့က ဘယ်လိုထင်သလဲ။ တူတယ်ထင်သလား၊ မတူဘူးထင်သလား”

“မတူဘူးလို့တော့ ထင်ပါတယ် ဆရာ။ ဒါပေမဲ့ ဘယ်လိုမတူတာလဲ ဆိုတာ သဲသဲကွဲကွဲ ရှင်းမပြတတ်ပါဘူး”

“ဟုတ်ကဲ့၊ သမိုင်းဆိုတာ အချိန်ကာလတစ်လျှောက် ဖြစ်ပေါ်ပြောင်းလဲလာတဲ့ ဖြစ်စဉ်ကို ဆိုနိုင်မယ်ထင်ပါတယ် ဆရာ”

“ဟုတ်ပါပြီ။ ဒီတော့ စာပေသမိုင်းဆိုတာ စာပေတွေ အချိန်ကာလတစ်လျှောက် ဖြစ်ပေါ်ပြောင်းလဲလာတဲ့ ဖြစ်စဉ်ကို လေ့လာတာလို့ ဆိုနိုင်မှာပေါ့”

“ဟုတ်ကဲ့ပါ”

“ဒီလိုဆိုရင် ‘စာပေ’ ဆိုတာကရော ဘယ်လို အဓိပ္ပာယ်ဖွင့်မလဲ။ သားက ပြောပါအုံး”

“ဟုတ်ကဲ့၊ စာပေဆိုတာကတော့ အကြောင်းအရာတစ်ခုခုကို စာဖတ်သူရဲ့ စိတ်ထဲမှာ နှစ်သက်သွားအောင် ရေးဖွဲ့တဲ့စာကို ခေါ်တယ်လို့ ဖွင့်ဆိုကြပါတယ်”

“ဟုတ်ပါပြီ။ စာပေလို့ ပြောနိုင်ဖို့က နှစ်သက်စရာကောင်းဖို့ တစ်နည်းအားဖြင့် အရသာပေါ်ဖို့ လိုတာပေါ့။ အကြောင်းအရာကြောင့်ပဲဖြစ်ဖြစ်၊ အရေးအဖွဲ့ကြောင့်ပဲ ဖြစ်ဖြစ် စာဖတ်သူနှစ်သက်ခံစားရတဲ့ စာမျိုးဖြစ်ရမှာပေါ့”

“ဒီတော့ သမိုင်းစာပေဆိုတာကို ဘယ်လိုဖွင့်မလဲကွယ်”

“ဟုတ်ကဲ့၊ သမိုင်းဖြစ်ရပ်တွေကို စာဖတ်သူရဲ့ စိတ်ထဲမှာ နှစ်သက်စရာ ဖြစ်အောင်ရေးတဲ့ စာပေကို သမိုင်းစာပေလို့ ခေါ်နိုင်မယ် ထင်ပါတယ် ဆရာ”

“ဟုတ်ပြီ အောင်အောင်ရေ၊ သူတို့နဲ့ ပြောကြ ဆိုကြရင်း ‘မြန်မာသမိုင်းစာပေ’ ဆိုတဲ့ ခေါင်းစဉ် စိတ်ထဲမှာပေါ်လာတာလေ။ ‘မြန်မာစာပေသမိုင်း’ ကတော့ စာအုပ် စာတမ်းတွေရှိပြီးသားမို့ တို့ရင်းနှီးနေပြီ မဟုတ်လား။ ‘မြန်မာသမိုင်းစာပေ’ ကိုတော့ သိပ်မရင်းနှီးသေးဘူးလေ။ ဒါကြောင့် အဲဒီခေါင်းစဉ်နဲ့ ဆွေးနွေးဖို့ စိတ်ကူးရတာပါ”

“အခု ဆရာဦးကျော်ကျော်ပြောတဲ့ ခေါင်းစဉ်က မြန်မာစာပေ သတ်မှတ်နိုင်မှာပါ”

“သူငယ်ချင်းပြောတာ အကျိုးအကြောင်းသင့်ပါတယ်။ ကဲ-မင်းတို့လဲ မှတ်ထားနော်။ ရသအနည်းနဲ့အများပါတဲ့ ကျောက်စာတွေကို ရွေးပြီး စဉ်းစားကြတာပေါ့”

“တစ်ခုတော့ ရှိတာပေါ့ကွာ။ ပုဂံခေတ်က အလှူရှင်တွေကတော့ သူတို့အလှူကို ရေရှည်တည်တံ့အောင် မှတ်တမ်းတင်တာပဲ။ စာပေဖြစ်ဖို့ ရည်ရွယ်ပြီး ရေးတာတော့ မဟုတ်ဘူးပေါ့။ ဒါပေမဲ့ အလှူကို မှတ်တမ်းတင်ရင်း စိတ်ခံစားမှုကို ထင်ဟပ်ပြတဲ့ အရေးအသားမျိုးတွေလဲ ကြိုကြားကြိုကြား ပါသွားနိုင်တာပေါ့”

“ဟုတ်ပါတယ်။ ကဲ-ဒီလိုဆိုရင် သက္ကရာဇ် အခိုင်အမာပါတဲ့ အစောဆုံး မြန်မာစာကို ပညာရှင်တွေသတ်မှတ်တဲ့ ရာဇကုမာရ်ကျောက်စာ၊ အဲ-မြစေတီကျောက်စာပေါ့။ အဲဒီကျောက်စာကို ပုဂံခေတ် မြန်မာသမိုင်းစာပေအစလို့ ခေါ်နိုင်မယ်ထင်တယ်”

“ကျော်ကျော် ပြောသလိုပါပဲ။ ဒီကျောက်စာဟာ ရာဇကုမာရ်ရဲ့ အလှူကို မှတ်တမ်းတင်တဲ့ အလှူမှတ်တမ်းဖြစ်ပေမဲ့ ဝတ္ထုဇာတ်လမ်းတစ်ပုဒ်လို၊ အတ္ထုပ္ပတ္တိတစ်ခုလို ဇာတ်လမ်းဖြစ်ရပ်ကလေးက နှစ်သက်စရာကောင်းတယ်လေ။ အထူးသဖြင့် ဘဝကူးခါနီးဆဲဆဲ ကျွန်စစ်သားမင်းကြီးအတွက် ရွှေဘုရားတစ်ဆူသွန်းပြီး သံဃာတော်တွေကို ရေစက်ချ လှူဒါန်းဖို့ စီစဉ်ပေးတဲ့ ရာဇကုမာရ် ကျေးဇူးဆပ်ပုံဟာ သိပ်ပီတိဖြစ်စရာ ကောင်းတယ်။ ဆရာကြီး ဦးဖေမောင်တင်က ဒီကျောက်စာကို ရည်ညွှန်းပြီး ‘မြန်မာစာပေဟာ ကျေးဇူးတရားသိတတ်မှုနဲ့ စတင်ခဲ့တယ်’လို့ မိန့်ဆိုခဲ့တာလေ။ ဒီတော့ ရာဇကုမာရ်ကျောက်စာကို မြန်မာသမိုင်းစာပေအစလို့ ဆိုနိုင်တာပေါ့”

“အောင်အောင် ပြောတာ မှတ်သားစရာပါ။ အဲ သမိုင်းစာပေလို့ ဆိုရတာကတော့ အကြောင်းအရာက မင်း၊ မိဖုရား၊ မင်းသား ဆိုတဲ့ ရာဇဝင်အကြောင်း ဖြစ်နေလို့လေ။ သမိုင်းကို အရင်က ရာဇဝင်လို့ခေါ်တယ် မဟုတ်လား”

“ဟုတ်ပါတယ်။ ရှေးကရေးခဲ့တဲ့ ရာဇဝင်တွေဟာ မြန်မာသမိုင်းစာပေတွေပါပဲ။ ရှေးကတော့ ထီးနန်းဝန်းကျင်က မင်း၊ မိဖုရား၊ မင်းညီ မင်းသား၊ မင်းသမီးတွေ၊ မှူးမတ်တွေအကြောင်း ပဓာနထားပြီး ရေးတာကို အရင်အသုံးနဲ့ ဆိုရင်တော့ ‘မြန်မာရာဇဝင်စာပေ’လို့ ခေါ်နိုင်မှာပေါ့”

“ဟုတ်ကဲ့၊ သမီးတို့ မှတ်ထားပါ့မယ် ဆရာ”

“တစ်ခုရှိတာက ရာဇကုမာရ်ကျောက်စာမှာ ကျွန်စစ်သားမင်းကြီးနဲ့ မိသားစုအကြောင်း ပဓာနရေးထားတယ်ဆိုပေမဲ့ အဲဒီခေတ်က သာသနာရေး အခြေအနေ၊ ယဉ်ကျေးမှု အနုပညာ အဆင့်အတန်း၊ ဘုရားကျွန်တွေလှူတဲ့ လူမှုရေး ဓလေ့တွေလဲ ထင်ဟပ်နေတာလေ။ ဒါတွေဟာ သမိုင်းဖြစ်ရပ်တွေ ပဲပေါ့။ အဲဒီလိုဖြန့်ကြက် ကြည့်လို့ရပါတယ်”

“ဟုတ်ပါတယ်။ ရာဇကုမာရ်ကျောက်စာဟာ စာဖတ်သူတွေကို နှစ်သက်စရာခံစားမှုပေးတဲ့ အလှူမှတ်တမ်းပါပဲ”

“ဒါဆိုရင် ပုဂံကျောက်စာတွေထဲက သမိုင်းဖြစ်ရပ်ပါတဲ့ အကြောင်းအရာကို ဖတ်ချင်စဖွယ်ကောင်းအောင် ရေးထားတဲ့ ကျောက်စာတွေကို မြန်မာသမိုင်းစာပေအဖြစ် ရွေးထုတ်ပြီး လေ့လာနိုင်တာပေါ့ကွယ်”

“ရာဇကုမာရ်ကျောက်စာရဲ့ အကြောင်းအရာက မိသားစုရဲ့ မေတ္တာနဲ့ ကျေးဇူးတရားအကြောင်းဆိုတော့ နှစ်သက်စရာ ကောင်းပါတယ်။ အဲဒီလိုပဲ အရေးအသားအနေနဲ့ ကြည့်ရင်လဲ ဖြစ်ရပ်ကို အစကအဆုံး အစီအစဉ်တကျ ရေးထားပုံဟာ သေသေသပ်သပ်ရှိတယ်။ ဒီဖြစ်ရပ်ဖြစ်တဲ့ အချိန်ရယ်၊ နေရာရယ် ပါဝင်တဲ့ ပုဂ္ဂိုလ်သုံးယောက်ရယ်၊ အစီအစဉ်အတိုင်းပြောပြီးမှ သူတို့ရဲ့ ဇာတ်လမ်းဖြစ်ရပ်ကို ဆက်ပြောတယ်။ ပြီးတော့ ဘုရားတည်ပုံ၊ ဆုတောင်းပုံ၊ ကျိန်စာဆိုပုံတွေကို ရေးပြတယ်။ အစီအစဉ်တကျ ရှိတယ်။ ဒါကြောင့် မြန်မာစာပေပညာရှင် ဆရာကြီးဒေါက်တာလှဘေက ဒီကျောက်စာဟာ ၁၂ ရာစုမှာ ရေးခဲ့တာဖြစ်ပေမဲ့ ၂၀ ရာစုအမြင်နဲ့ ကြည့်ရင်လဲ အစီအစဉ်ကျပြီး ခေတ်မီနေတယ်လို့ သုံးသပ်တယ်”

“မြန်မာစကားမှာ စကားနှစ်လုံးတွဲပြီး၊ ကဲ... ပိုသေချာအောင်ပြောရင် နာမ်နှစ်လုံးတွဲပြီး တစ်လုံးကတစ်လုံးကို အထူးပြုတဲ့အခါ ရှေ့က နာမ်က နောက်ကနာမ်ကို အထူးပြုတာများတယ်”

“ဟုတ်ကဲ့ ဆရာ”

“ဆိုပါတော့။ ‘ရေခွက်’ ဆိုရင် ‘ခွက်’ ကပဓာနပဲ။ ‘ရေ’ က ခွက်ကို အထူးပြုတာလေ။ ဒီတော့ ရေထည့်တဲ့ခွက်လို့ အဓိပ္ပာယ်ရတာပေါ့”

“ဟုတ်ကဲ့”

“ဒီလိုဆိုရင် ‘စာပေသမိုင်း’ မှာ ဘယ်နာမ်က ဘယ်နာမ်ကို အထူးပြုတာလဲ”

“ ‘စာပေ’ ဆိုတဲ့ ရှေ့နာမ်က ‘သမိုင်း’ ဆိုတဲ့ နောက်နာမ်ကို အထူးပြုပါတယ် ဆရာ။ အဓိပ္ပာယ်က ‘စာပေအကြောင်း ရေးထားတဲ့သမိုင်း’ ပါ”

“ဟုတ်ပြီ။ ဒီလိုဆိုရင် ‘သမိုင်းစာပေ’ ကျတော့ကော”

“ ‘သမိုင်း’ ဆိုတဲ့ ရှေ့နာမ်က ‘စာပေ’ ဆိုတဲ့ နောက်နာမ်ကို အထူးပြုပါတယ် ဆရာ။ ‘သမိုင်းအကြောင်း ရေးထားတဲ့စာပေ’ လို့ အဓိပ္ပာယ်ရပါတယ်”

“ဒီတော့ ထပ်ချဲ့ရရင် စာပေသမိုင်းဆိုတဲ့ စကားမှာ ‘သမိုင်း’ က ပဓာနပဲ။ ကဲ ‘သမိုင်း’ ဆိုတာ ဘာလဲ၊ သမီးက အချုပ်ပြောပြပါ”

“မြန်မာစာ စပေါ်တဲ့ ပုဂံခေတ်ကပဲ စကြတာပေါ့။ စာအရေးအသား အထောက်အထားရှိတော့ မြင်သာတယ်လေ”

“ဟုတ်ပါပြီ။ ပုဂံခေတ်ဆိုတော့ ကျောက်စာတွေ အကြောင်းက စမှာပေါ့။ ဟုတ်လား”

“အေးပေါ့။ ပုဂံကျောက်စာတွေက အလှူမှတ်တမ်းတွေပဲလေ။ ခေတ်ပြိုင် အထောက်အထားတွေမို့ သမိုင်းတန်ဖိုး ရှိတာပေါ့။ ဒါပေမဲ့ ပုဂံကျောက်စာအားလုံးကို မြန်မာသမိုင်းစာပေလို့ ခေါ်နိုင်ပါ့မလား။ မြန်မာစာဆရာကြီးက ပြောပါအုံး”

“အင်း စာပေဆိုတာ အက္ခရာတင်ထားတဲ့ စာအားလုံးကို ဆိုလိုတာ မဟုတ်ဘူးလေ။ နှစ်သက်စရာခံစားမှုတစ်ခုခု၊ တစ်နည်းပြောရရင် ရသတစ်မျိုးမျိုး အနည်းနဲ့အများပေးနိုင်တဲ့ စာကိုတော့ စာပေလို့ သတ်မှတ်နိုင်မှာပေါ့။ ပုဂံကျောက်စာတွေထဲမှာလဲ စာပေလို့ သတ်မှတ်နိုင်တဲ့ အလှူမှတ်တမ်းတွေရှိပါတယ်။ အဲဒီကျောက်စာတွေကိုတော့ ‘ပုဂံခေတ် မြန်မာသမိုင်းစာပေ’အဖြစ် နဲ့ရော၊ မြန်မာသမိုင်းနဲ့ရော ဆိုင်တာမို့ သမီးတို့နှစ်ယောက်စလုံး အတွက်လဲ အထောက်အကူဖြစ်မှာပါ ဆရာ”

“ဟုတ်ပါပြီ။ ဒီတော့ သမိုင်းပါမောက္ခ လုပ်ခဲ့တဲ့ သူငယ်ချင်းကပဲ စပြောပါလား...။ ‘မြန်မာသမိုင်း’ စာပေကို ဘယ်ကစ ပြောရင်ကောင်းမလဲဆိုတာလေ”

## လေးမျက်နှာမြို့နယ် အောင်မင်္ဂလာဈေးအတွင်း မီးဘေးကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်

**လေးမျက်နှာ ဖေဖော်ဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် အောင်မင်္ဂလာဈေးအတွင်း၌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စည်ပင်သာယာရေးကော်မတီ၊ မြို့နယ်လှျပ်စစ်တို့မှ တာဝန်ရှိသူများက မီးဘေးအန္တရာယ် ကြုံတွေ့လာပါက ကြိုတင်ကာကွယ်နိုင်ရန် သရုပ်ပြလေ့ကျင့်ခြင်းကို ယမန်နေ့က မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သည်။



ထိုသို့ သရုပ်ပြလေ့ကျင့်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဒုဦးစီးမှူး ဦးရဲနောင်ဝင်းက မီးလောင်မှု ဖြစ်ပေါ်လာပါက မီးငြှိမ်းသတ်ရန် နည်းလမ်းများ၊ မီးဘေးအန္တရာယ် ကင်းဝေးစေရန်ဆောင်ရန်၊ ရှောင်ရန်နည်းလမ်းကောင်းများကို ပြောကြားပြီး မီးဘေးကြိုတင် ကာကွယ်ရေး ပစ္စည်းများ စစ်ဆေးခြင်း၊ မီးသတ်တပ်ဖွဲ့ဝင်များက ဈေးသူ/ဈေးသားများအား အရေးပေါ်မီးငြှိမ်းသတ်နည်းများကို မီးသတ်ယာဉ်ဖြင့် လက်တွေ့ သရုပ်ပြပေးကြောင်း သိရသည်။

**ဝေဝေ(လေးမျက်နှာ)**

## ဘန်းယဉ်ဈေး ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ဆီဆိုင် ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် ဘန်းယဉ်ကျေးရွာအုပ်စု ဘန်းယဉ်ဈေး ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၂၄ ရက်ကတာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ စစ်ဆေးရာတွင် မြို့နယ်စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးထန်ဒေါင့်တွန်၊ မြို့နယ်လမ်းဦးစီးဌာန ဦးစီးအရာရှိ (မြို့ပြ)ဦးဘဆန်းလှနှင့် တာဝန်ရှိသူများက မြို့နယ်စည်ပင်သာယာရေး ဌာန၏ ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်ခွင့်ပြုရန်ပုံငွေဖြင့် အရှည် ၄၂၇ ပေ၊ အကျယ် ၂၇ ပေ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကွင်းဆင်းစစ်ဆေးသည်။ **ခွန်ရဲထွေး(ပြန်/ဆက်)**

## ဒလမြို့ မြန်မာ့စီးပွားရေးဘဏ်မှ ဘဏ်လုပ်ငန်းများ ပုံမှန်ဆောင်ရွက်ပေးလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ဒလမြို့နယ်တွင် ဖွင့်လှစ်ထားသည့် မြန်မာ့စီးပွားရေးဘဏ်တွင် ဘဏ်နှင့်သက်ဆိုင်သည့်လုပ်ငန်းများကို ပုံမှန်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ကိုဗစ်-၁၉ ကာကွယ်ရေးစည်းကမ်းချက်များဖြစ်သည့် ရုံးတွင်းဝင်ရောက်ပါက ဘဏ်ဝန်ထမ်းများက ကိုယ်အပူချိန်တိုင်းပေးခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ဆေးစေခြင်း၊ နှာခေါင်းစည်းတပ်စေခြင်း၊ မျက်နှာအုပ်ကာဗာတပ်ဆင်စေခြင်းများ အပါအဝင်ဘဏ်အတွင်း တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာ နေစေ၍ အလှည့်ကျစနစ်တကျ ငွေသွင်း ငွေထုတ်ခြင်းလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိသည်။

ဒလမြို့နယ်မြန်မာ့စီးပွားရေးဘဏ်ခွဲတွင် အငြိမ်းစားဝန်ထမ်းများသို့ ပင်စင်လစာထုတ်ပေးခြင်းကို ဖေဖော်ဝါရီ ၂၂ ရက်မှ စတင်ကာ ထုတ်ပေးလျက်ရှိကြောင်း၊ လာရောက်ထုတ်ယူသူ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားနှင့် ငွေသွင်း ငွေထုတ် လာရောက်ဆောင်ရွက်ကြသူများ အဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဒလမြို့နယ်တွင် နိုင်ငံရေးပင်စင်၊ ကာကွယ်ရေးပင်စင်၊ မြို့ပြပင်စင် ထုတ်ယူသူ ၇၀ ခန့်ရှိကြောင်းလည်း သိရသည်။ ဒလမြို့နယ်ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲသည် ဒလ-တွံတေးကားလမ်းမကြီးဘေး ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးပညာကုသဌာနရှေ့ ကျန်စစ်သားရပ်ကွက်တွင် တည်ရှိပြီး ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်က ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

ဒလမြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်မဖွင့်လှစ်မီက နိုင်ငံ့ဝန်ထမ်းလစာများ၊ နိုင်ငံ့ဝန်ထမ်းအငြိမ်းစားလစာများ၊ အစိုးရဘဏ်နှင့် ချိတ်ဆက်ဆောင်ရွက်ရသည့် လုပ်ငန်းများကို ရန်ကုန်မြို့နှင့် အခြားသောမြို့နယ်များရှိဘဏ်များသို့သွားရောက်ထုတ်ယူဆောင်ရွက်ရသဖြင့် အခက်အခဲများစွာရှိကြောင်း၊ ယခုကဲ့သို့ ဒလမြို့နယ်တွင် မြန်မာ့စီးပွားရေးဘဏ်ဖွင့်လှစ်ပေးပြီး ဘဏ်ဝန်ထမ်းများက ဘဏ်လုပ်ငန်းများကို ပုံမှန်ဆောင်ရွက်ပေးနေသည့်အတွက် ဒေသနေပြည်သူများ များစွာ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**မောင်ယဉ်ဦး(ဒလ)**

### နိုင်ငံတကာအနုပညာ သတင်းပဒေသာ

## နှင်းမုန်တိုင်းကြောင့် ပျက်စီးသွားတဲ့ဂေဟာကို ပြုပြင်ရန် မင်းသားဟယ်ရီနှင့် ဇနီးတို့ လှူဒါန်းမှုပြုလုပ်

တက္ကဆက်မှာရှိတဲ့ ခိုလှုံရာနေရာဂေဟာတစ်ခုဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း နှင်းမုန်တိုင်းကြောင့် ဆိုးဆိုးရွားရွားပျက်စီးသွားခဲ့ပြီးနောက် မမျှော်လင့်တဲ့အလှူရှင် ထွက်ပေါ်လာခဲ့ပါတယ်။

မင်းသားဟယ်ရီနဲ့ ဇနီးဖြစ်သူ မီဂန်မာကယ်တို့ဟာ ဂျန်နက်ဆစ်အမျိုးသမီးခိုလှုံရာ ဂေဟာမှာ နှင်းမုန်တိုင်းကြောင့် အမိုးပျက်စီးသွားတာကို ပြင်ဆင်ဖို့အကူအညီပေးခဲ့ပြီး အခြားလိုအပ်တဲ့ အကူအညီတွေကိုလည်း ချက်ချင်းပေးခဲ့ပါတယ်။



ဟယ်ရီနှင့် မီဂန်မာကယ်။

ဆာဆက်နဲ့ဆာဆက်မြို့စားကတော်တို့ရဲ့ ကိုယ်ကျိုးမဖက် Archewell ဖောင်ဒေးရှင်းကနေ လှူဒါန်းမှုတွေ ပြုလုပ်ခဲ့တာလို့ သိရပါတယ်။

“ဟယ်ရီတို့ဇနီးမောင်နှံရဲ့ အလှူဟာ အခုချက်ချင်းလိုအပ်နေတဲ့ အကူအညီတွေတင် သာမကဘဲ အမျိုးသမီးနဲ့ ကလေးတွေအပေါ် အကြမ်းဖက်ခံရမှုကို အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းကနေ သတိထားမိလာအောင် လုပ်ဆောင်ပေးသလိုပါပဲ။ အကြမ်းဖက်မှုခံရသူတွေအတွက် သူတို့တစ်ဦးတစ်ယောက်တည်း ရပ်တည်နေတာမဟုတ်ဘူးလို့ ပြသရာ ရောက်ပါတယ်” လို့ ဂေဟာရဲ့ စီအီးအိုဖြစ်သူ ဂျန်လန်ဘိုင်က ပြောပါတယ်။

နှင်းမုန်တိုင်းကြောင့် အမိုးပျက်စီးသွားစဉ်အတွင်း ဂေဟာမှာ နေထိုင်ကြတဲ့ အမျိုးသမီးနဲ့ကလေးတွေကို လျင်မြန်စွာ ရွှေ့ပြောင်းပေးနိုင်ပြီး ထိခိုက်ဒဏ်ရာရရှိသူ မရှိဘူးလို့ သိရပါတယ်။

တက္ကဆက်ပြည်နယ်က ပြည်သူတွေဟာ နှင်းမုန်တိုင်းကြောင့် လူဦးရေသန်းနဲ့ချီပြီး လျှပ်စစ်ဓာတ်အားပြတ်တောက်မှုနဲ့ ရေပြတ်တောက်မှုတို့ ကြုံတွေ့ခဲ့ရတယ်လို့ သိရပါတယ်။

**စကိုင်းနယူးစ်**

ခြူး



Spider-Man ဇာတ်ဝင်ခန်းတစ်ခန်းကို တွေ့ရစဉ်။

## Spider –Man **တတိယမြောက်ရုပ်ရှင်ကားအတွက် နာမည်ပေးပြီးဖြစ်**

ဖေဖော်ဝါရီ ၂၄ ရက်မတိုင်မီအချိန်အထိ တတိယမြောက်ထွက်ရှိမည့် Spider–Man ရုပ်ရှင်ကားနာမည်နဲ့ပတ်သက်ပြီး ကောလာဟလတွေ အများကြီး ထွက်ပေါ်ခဲ့ပါတယ်။ ဒါပေမယ့်လည်း အခုအချိန်မှာတော့ တတိယမြောက် Spider – Man ရုပ်ရှင်ကားအတွက် အမည်အမှန်တကယ်ပဲ ထွက်ရှိလာပါပြီ။

တွမ်ဟော်လန်ပါဝင်ထားတဲ့ Spider –Man ဇာတ်ကားကို ဒီဇင်ဘာလမှာ ပြသမှာဖြစ်ပြီး Spider – Man: No Way Home လို့အမည်ပေးထားကြောင်း မာဗယ်စတူဒီယိုက အတည်ပြုထားပါတယ်။ ဒီဇာတ်ကားဟာ တွမ်ဟော်လန် စပိုက်ဒါမန်းအဖြစ် ပါဝင်ထားတဲ့ သုံးကားမြောက်ဇာတ်ကားဖြစ်ပြီး တွမ်ဟော်လန်ပဲ ပါဝင်သရုပ်ဆောင်ထားတဲ့ အရင်နှစ်ကားကတော့ Spider –Man: Homecoming နဲ့ Spider –Man:Far From Home တို့ပဲ ဖြစ်ပါတယ်။ ပထမနှစ်ကားမှာ ဒါရိုက်တာလုပ်ခဲ့တဲ့ ဂျွန်ဝတ်ကပဲ ယခုကားမှာ ဒါရိုက်တာအဖြစ် ဆက်လက်လုပ်ကိုင်မယ်လို့ သိရပါတယ်။ ယခု သီတင်းပတ်အစောပိုင်းမှာပဲ ဟော်လန်အပါအဝင် အခြားသောသရုပ်ဆောင်တွေဟာ တတိယမြောက်ကားအတွက် ဖြစ်နိုင်ခြေရှိတဲ့နာမည်တွေ ဖော်ပြခဲ့ကြပါတယ်။ ဒီရုပ်ရှင်ကားကိုတော့ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်မှာ ရုံတင်ပြသမယ်လို့သိရပါတယ်။

**စီအင်န်အင်န်**

# ကချင်ပြည်နယ်အတွင်း ကုန်စည်သိုလှောင်ဖြန့်ဖြူးမှု လွယ်ကူစေရန် ဝိုင်းမော်မြို့နယ်၌ ယာဉ်ရပ်နားစခန်း တည်ဆောက်လျက်ရှိ

**မြစ်ကြီးနား ဖေဖော်ဝါရီ ၂၆**

ကချင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဝိုင်းမော်မြို့နယ် မဒိန်ကျေးရွာအုပ်စု တန်ဘောင်ကျေးရွာတွင် ပြည်နယ်အတွင်း ကုန်စည်သိုလှောင်ဖြန့်ဖြူးမှု လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ယာဉ်ရပ်နားစခန်း တည်ဆောက်ရေးစီမံကိန်းကို ယမန်နေ့က သွားရောက်ကြည့်ရှုသည်။

ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များကို ဝိုင်းမော်မြို့နယ် တန်ဘောင်ကျေးရွာရှိ မြေ ၂၈ ဧကပေါ်တွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ယာဉ်ရပ်နားစခန်း စီမံကိန်းဆောင်ရွက်နေမှုများနှင့် ပတ်သက်ပြီး ကချင်တိုင်းရင်းသားလုပ်ငန်းရှင်များ အများပိုင်ကုမ္ပဏီ၏ KEP Logistics ကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာနှင့် ဒါရိုက်တာအဖွဲ့ဝင်များက စီမံကိန်းဧရိယာအတွင်း ယာဉ်ရပ်နားသည့်နေရာများ၊ ကုန်သိုလှောင်ရုံများ၊ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များ တည်းခိုနိုင်သည့် အဆောက်အအုံများ တည်ဆောက်မည့် အစီအစဉ်များနှင့် ကချင်တိုင်းရင်းသား လုပ်ငန်းရှင်များ အများပိုင်ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံ ဆောင်ရွက်နေမှု အခြေအနေ၊ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေး ဆောင်ရွက်ပေးနေမှု အခြေအနေ၊ တရုတ်နိုင်ငံနှင့် ကုန်သွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်က မိမိတို့ ကောင်စီအနေဖြင့် ကြားကာလတာဝန်ယူစဉ်ကာလအတွင်း စီးပွားရေး ရပ်တန့်မှုမရှိစေရေး အလေးထားဆောင်ရွက်လျက်ရှိရာ ပုဂ္ဂလိကပိုင်လုပ်ငန်းများ ဖွံ့ဖြိုးရေးကို အားပေးလျက်ရှိကြောင်း၊ ယခုစီမံကိန်းလုပ်ငန်းသည် ဒေသခံတိုင်းရင်းသားအများပိုင် ကုမ္ပဏီ၏ စုဖွဲ့မှုဖြင့် ကချင်ပြည်နယ်အတွက် ရေရှည်တည်တံ့ခိုင်မာသည့် စီးပွားရေးလုပ်ငန်းများ ဖြစ်ပေါ်လာစေရေး အတွက် အကောင်အထည်ဖော် ဆောင်ရွက်နေသည်ကို မိမိတို့ အနေဖြင့် အောင်မြင်အောင် ဝိုင်းဝန်းကူညီပံ့ပိုး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကုမ္ပဏီတာဝန်ရှိသူများနှင့် ပြည်နယ်အတွင်း ကုန်စည်စီးဆင်းမှု မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေး၊ တရုတ်နိုင်ငံနှင့် ကုန်သွယ်မှု အခြေအနေနှင့် ပတ်သက်၍ ညှိနှိုင်းဆောင်ရွက်နိုင်ရေးတို့ကို ဌာနဆိုင်ရာများ၊ ကုမ္ပဏီ တာဝန်ရှိသူများနှင့် ဆွေးနွေးပြီး ပြည်နယ်ကောင်စီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။



အဆိုပါ စီမံကိန်းကို ဝိုင်းမော်မြို့နယ် မဒိန်ကျေးရွာအုပ်စု တန်ဘောင်ကျေးရွာရှိ မြေ ၂၈ ဧကပေါ်တွင် KEP Logistics ကုမ္ပဏီက တာဝန်ယူအကောင်အထည်ဖော်လျက်ရှိပြီး အဆိုပါ စီမံကိန်းပြီးစီးပါက ပြည်တွင်းနှင့် တရုတ်နိုင်ငံသို့ ကုန်စည်သယ်ယူပို့ဆောင် ဖြန့်ဖြူးရာတွင် လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးနှင့် ဒေသခံများ အလုပ်အကိုင် အခွင့်အလမ်း ရရှိရေးတို့ကို ရည်ရွယ်ကြောင်းနှင့် ယာဉ်ရပ်နားစခန်းတွင် ကုန်သိုလှောင်ရုံများ၊ ဆီပန့်ဆိုင်၊ စားသောက်ဆိုင်များ အပါအဝင် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် တည်းခိုဆောင်နေရာများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်
(ပြန်/ဆက်)

# မန်တုံမြို့ရှိ ဒေသခံများအား ဆေးကုသမှုများ ပြုလုပ်ပေး

**မန်တုံ ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ် ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မန်တုံမြို့နယ် ပြည်သူ့ဆေးရုံ၌ ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် လက်ထောက်ဆရာဝန်များ လစ်လပ်လျက်ရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကုသရေး အပိုင်းတို့တွင် အခက်အခဲများ ရှိနေသဖြင့် နည်းဗျူဟာစစ်ဆင်ရေး ကွပ်ကဲမှုအဖွဲ့မှ နည်းဗျူဟာမှူးနှင့် နည်းဗျူဟာဆေးမှူးတို့ ဦးဆောင်ပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိဌာနဆိုင်ရာများ ပြည်သူ့ဆေးရုံတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် သူနာပြုဆရာမများ ပူးပေါင်းကာ ဒေသခံတိုင်းရင်းသား ပြည်သူများအား ဆေးကုသမှုများ ပေးလျက်ရှိသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်အထိ ဆေးရုံတက်လူနာ ရှစ်ဦးရှိကာ မွေးလူနာတစ်ဦးကို အောင်မြင်စွာ မွေးဖွားပေးပြီး ကျောက်ကပ်ရောဂါ ဖြစ်ပွားသည့် ကလေးငယ်တစ်ဦး၊ အသည်းရောင်အသားဝါ ရောဂါဖြစ်ပွားသည့် မွေးကင်းစ တစ်ဦး၊ အူအနာပေါက်ရောဂါ ဖြစ်ပွားသည့် အမျိုးသား လူနာတစ်ဦး၊ ဦးခေါင်း ထိခိုက်ဒဏ်ရာ ရရှိသည့် အမျိုးသားလူနာတစ်ဦးနှင့် အခြား ထိခိုက်ဒဏ်ရာရရှိသည့် အမျိုးသမီးလူနာသုံးဦးတို့အား လားရှိုးမြို့နယ် အမှတ်(၉) တပ်မတော်ဆေးရုံ ခုတင် ၁၀၀ သို့ လွှဲပြောင်းကုသမှုခံယူကာ ယခုအခါတွင် အဆိုပါ လူနာများ ကျန်းမာရေး ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

ပြင်ပ လူနာများအနေဖြင့် လူကြီး ၄၄ ဦးနှင့် ကလေးခြောက်ဦးတို့အား ကုသပေးပြီး မြို့နယ်ပြည်သူ့ဆေးရုံတွင် နည်းဗျူဟာစစ်ဆင်ရေး ကွပ်ကဲမှုအဖွဲ့မှ နည်းဗျူဟာဆေးမှူးနှင့် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းကာ ဆေးကုသမှုများ ဆက်လက် ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**စည်သူမောင်မောင် (ပြန်/ဆက်)**





# မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း သုံးသပ်ဆွေးနွေးပွဲနှင့် စံပြဆုချီးမြှင့်ပေးအပ်ပွဲ ကျင်းပ

**လှိုင်ကော် ဖေဖော်ဝါရီ ၂၆**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန လှိုင်ကော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ရန်နှင့် မိသားစုဝင်ငွေ တိုးလာစေရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ မြို့နယ်အဆင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်း သုံးသပ်ဆွေးနွေးပွဲနှင့် စံပြဆုချီးမြှင့်ပေးအပ်ပွဲကို ယမန်နေ့က လှိုင်ကော်မြို့နယ် ပိန်းချစ်ကျေးရွာအုပ်စု ဝမ်ကုန်းကျေးရွာ ခန်းမဆောင်၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်မြတ်စုစံက အမှာစကား ပြောကြားပြီး မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်အိအိခင်က မြစိမ်းရောင်ကျေးရွာ စီမံကိန်းနှင့် စံပြဆုရွေးချယ်ရသည့်အကြောင်းကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ၂၀၁၉-၂၀၂၀ ခုနှစ်အတွင်း မြစိမ်းရောင်စီမံကိန်းအောင်မြင်အောင် ဆောင်ရွက်ပေးသည့် ကျေးရွာ (၃၂) ယူနစ်ကို ဂုဏ်ပြုမှတ်တမ်းလွှာ ချီးမြှင့်ခြင်း၊ မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်ဦးစီးမှူး ဦးနန်းဝင်းဦးက တတိယဆုရရှိသည့် စိုက်ကွင်း (၃)ကျေးရွာကိုလည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစောဒီးဒီက ဒုတိယဆုရရှိသည့် ပဒါးညေးကျေးရွာကိုလည်းကောင်း၊ ပြည်နယ်ဒုတိယညွှန်ကြားရေးမှူးက ပထမဆုရရှိသည့် (ဝမ်ကုန်း၊ နန့်နောက်ကျေးရွာ) ကိုလည်းကောင်း ဆုများ ချီးမြှင့်ပေးသည်။

ထို့နောက် ခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

မြစိမ်းရောင်ကျေးရွာများကို သက်သာသော အတိုးနှုန်းဖြင့် ချေးငွေထုတ်ချေးပေးခြင်းအားဖြင့် ကျေးရွာနေပြည်သူများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိ၍ မိသားစုဝင်ငွေတိုးလာစေနိုင်မည်ဖြစ်သည့်အပြင် ရရှိလာသည့် အတိုးငွေဖြင့် ကျေးရွာအတွင်း လိုအပ်မည့် လမ်း၊ တံတား၊ အဆောက်အအုံများ ဆောင်ရွက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုင်း (လှိုင်ကော်)**

သက်ရှိကမ္ဘာ ရှင်သန်ဖို့
အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# တိုင်းပြည်အကျိုး မျှော်တွေးဆောင်ရွက်ကြစေလို

**မောင်သောင်းဝင်း(တမန်ဟောင်း)**

ဖေဖော်ဝါရီလဆန်းပိုင်းမှစ၍ မူလ ရုံးလုပ်ငန်းအပြင် အခြားတာဝန်များပါ ရှိလာသဖြင့် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ၌ပင်လျှင် အချိန်ပြည့် ရုံးတက်နေရသည်။ သုတ ရသ ဆောင်းပါးများကို ယခင်လို ပုံမှန် ရေးသားနိုင်ခြင်း မရှိသည့်အပြင် မိသားစုနှင့်လည်း ညဘက်မှတွေ့ဖြစ်သည်။

ထိုအချိန်မျိုးတွင် အချို့သော နိုင်ငံ့ဝန်ထမ်းများ CDM လှုပ်ရှားမှုတွင် ပါဝင်နေကြသည်။ ပုံမှန် ရုံးတက်ပြီး တာဝန်ကျေပွန်စွာထမ်းဆောင်နေသည့် ဝန်ထမ်းများကိုလည်း CDM လှုပ်ရှားမှုတွင် ပါဝင်ရန် ဖိအားပေးနေကြပြန်သည်။ အပြစ်မဲ့သည့် လူငယ်များကိုလည်း လမ်းပေါ်သို့ တင်လာသည်။ ရည်ရွယ်ချက်ကတော့ အစိုးရယန္တရားများ ရပ်ဆိုင်းသွားရန်နှင့် တိုင်းပြည် အလုံးစုံပျက်သုဉ်းရေးပင် ဖြစ်သည်။ လက်တွေ့နစ်နာသူကတော့ ပြည်သူများပင် ဖြစ်သည်။

**မိဘအဖြစ်မှစွန့်လွှတ်**

စာရေးသူသည် ညပိုင်း သတင်းကြည့်ပြီးချိန်တွင် လူမှုကွန်ရက်ကိုလည်း ဖွင့်ကြည့်ဖြစ်သည်။ လတ်တလောအချိန်တွင် လူမှုကွန်ရက်၌ တင်ထားသည့် သတင်းအများစုသည် လှုံ့ဆော်သတင်းများ၊ ဝါဒမှိုင်းတိုက်ထားသည့် သတင်းများ၊ အမုန်းတရားပွားစေသည့် သတင်းများ၊ သတင်းတု၊ သတင်းယောင်၊ သတင်းအမှားများ၊ ကောလာဟလများသာ ဖြစ်သည်။ ထို့ထက်ဆိုးရွားသည့် သတင်းများမှာ အယူအဆ ကွဲလွဲသဖြင့် သား၊ သမီးများက မိဘများကို တစ်ဖက်သတ် စွန့်လွှတ်လိုက်သည်ဆိုသည့် သတင်းမျိုးပင်ဖြစ်သည်။ များစွာ စိတ်မကောင်းဖြစ်ရသည်။

အချို့သော လူငယ်များသည် ဝါဒမှိုင်းမိနေကြပြီဖြစ်သည်။ အနန္တဂိုဏ်းဝင် ကျေးဇူးရှင်များကိုပင်လျှင် စော်ကားမော်ကား ပြောဆိုရေးသားလာကြပြီဖြစ်သည်။ မိဘကို မိဘလိုမမြင်တော့ပေ။ ကျိုးကြောင်းဆီလျော်စွာ တွေးခေါ်တတ်သည့် မိဘများကိုပင်လျှင် မိဘအဖြစ် အသိအမှတ်မပြုကြောင်း တစ်ဖက်သတ် စွန့်လွှတ်သည်ဆိုသော ပို့စ်များကို လူမှုကွန်ရက်တွင် တင်နေကြသည်။ ထိုသို့ လမ်းမှားစွာ ရေးသားပြုမူနေကြသည့် လူငယ်များကို ထောက်ခံနေသူများ၊ မြှောက်ပင့်သွေးထိုးနေသူများ ရှိနေသဖြင့် များစွာ အံ့သြတုန်လှုပ်မိပါသည်။ လူမိုက်အားပေး လုပ်နေကြခြင်းပင်ဖြစ်သည်။

**အစွန်းရောက်အတွေးအခေါ်များရိုက်သွင်း**

လက်ရှိအချိန်တွင် အစိုးရအပြောင်းအလဲကို ဆန့်ကျင်ကန့်ကွက်လျက်ရှိသည့် နိုင်ငံရေးသမားအချို့သည် လူငယ်များကို နည်းလမ်းပေါင်းစုံဖြင့် သွေးထိုးမြှောက်ပင့် လှုံ့ဆော်လျက်ရှိသည်။ ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်လိုကြသည့် ပြည်သူများကိုလည်း သွေးဆူအောင်လုပ်ဆောင်ပြီး ထိပ်တိုက်ရင်ဆိုင်မှု လမ်းကြောင်းဆီသို့ တွန်းပို့ပေးလျက်ရှိသည်။

လူငယ်များသည် အတွေးအခေါ်ဆန်းသစ်ပြီး တက်ကြွကြသည်မှာ အမှန်ပင်ဖြစ်သည်။ သို့သော် နိုင်ငံရေးကြောင်ဖားကြီးများသည် ရိုးသားဖြူစင်သော လူငယ်များ၏ ဦးနှောက်အတွင်းသို့ အစွန်းရောက်အတွေးအခေါ်များ ရိုက်သွင်းပေးလျက်ရှိသည်။ ထို့ကြောင့် အချို့သောလူငယ်များသည် အတွေးအခေါ်ပိုင်းဆိုင်ရာတွင် အစွန်းရောက်လာကြပြီး ကျေးဇူးရှင် မိဘများကိုပင်လျှင် တစ်ဖက်သတ် စွန့်လွှတ်သည်ဆိုသော ပို့စ်များကို လူမှုကွန်ရက်တွင် တင်ထားကြသည်။

**လူ ၅ ဦး ထက်ပို၍ စုဝေးခြင်းမပြုလုပ်ရန် ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသော်လည်း တည်ဆဲဥပဒေကို ဆန့်ကျင်လျက် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်လာကြသည်။ တိုင်းပြည်တာဝန် ကျေပွန်စွာထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများကိုလည်း CDM တွင် ပါဝင်လာစေရန် ဖိအားပေး၍ ဆောင်ရွက်လျက်ရှိ**

လက်ရှိအချိန်တွင် လူငယ်များသည် ၎င်းတို့၏ လုပ်ဆောင်ချက်များ မှန်ကန်သည်ဟု အခိုင်အမာ ယူဆနေကြမည်ဖြစ်သည်။ လူငယ်များသည် အနာဂတ်တွင် မိဘနေရာသို့ ရောက်ရှိလာမည်ဖြစ်သည်။ ထိုအချိန်တွင် မိမိ၏ သား၊ သမီးများကို မည်သို့ ပြုစုပျိုးထောင်သွားကြမည်နည်း။ ယခင်က မိဘကို စော်ကားခဲ့သူများသည် မိဘနေရာ ရောက်ရှိချိန်တွင် သား၊ သမီးများကို တော်တည့်မှန်ကန်စွာ ပြုစုပျိုးထောင်နိုင်စွမ်း ရှိမည်မဟုတ်ချေ။ ဝဋ်ကြွေးဆိုသည်မှာ ချက်ချင်းလည်တတ်သလို သံသရာမှာလည်း တစ်ပတ်လည်လေ့ရှိသည်။

**CDM လှုပ်ရှားသည်ဆိုရာတွင်**

ဖေဖော်ဝါရီ လဆန်းပိုင်းမှစ၍ အစိုးရအပေါ် ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် အချို့သော ဝန်ထမ်းများသည် CDM လှုပ်ရှားမှုများ လုပ်ဆောင်လျက်ရှိကြသည်။ ၎င်းတို့၏ ရည်ရွယ်ချက်သည် အစိုးရ၏ယန္တရား ရပ်ဆိုင်းသွားပြီး အစိုးရ အကျပ်အတည်းဖြစ်ပေါ်စေရန်ပင် ဖြစ်သော်လည်း လက်တွေ့တွင်မူ CDM လှုပ်ရှားမှု လုပ်ဆောင်နေသည့်ဝန်ထမ်းများနှင့် မိသားစုများကိုသာ ထိခိုက်လျက်ရှိကြသည်။ အမှန်တော့ အချို့သော ဝန်ထမ်းများသည် ဖိအားပေးမှုများ၊ အကျပ်ကိုင်ခြိမ်းခြောက်မှုများကြောင့် CDM လှုပ်ရှားမှုတွင် ပါဝင်သွားကြခြင်းဖြစ်သည်။ သို့သော် နောက်ကြောင်း မအေးသဖြင့် နှစ်ခြိုက်စွာပင် အိပ်စက်အနားမယူနိုင်ကြပေ။ ဝန်ထမ်းစည်းကမ်းအရ အရေးယူခံရမလား၊ လက်ရှိ နေထိုင်လျက်ရှိသည့် အိမ်ရာမှ ဖယ်ပေးရမလားဆိုပြီး စိုးရိမ်ပူပန်လျက်ရှိကြသည်။ အဆိုးရွားဆုံးမှာ ပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် ဆရာဝန်များနှင့် သူနာပြုများသည် CDM လှုပ်ရှားမှုတွင် ပါဝင်နေကြသဖြင့် ကျေးလက်နေ ပြည်သူများသာလျှင် ဒုက္ခရောက်နေကြရသည်။ အချို့သော ကိုယ်ဝန်ဆောင် အမျိုးသမီးများသည် အတော်လေး အခက်တွေ့နေရသဖြင့် တပ်မတော်ဆေးရုံများသို့ အပြေးအလွှား သွားရောက်နေကြရသည်။ စိတ်မကောင်းစရာပင်ဖြစ်သည်။

**မင်းမဲ့စရိုက်ဆန်လာ**

လက်ရှိအချိန်တွင် နိုင်ငံတစ်ဝန်း ဆန္ဒပြမှုများသည် ငြိမ်းချမ်းစွာ ဆန္ဒပြခြင်းမှသည် လုံခြုံရေးတပ်ဖွဲ့ဝင်များအား လေးခွ၊ ဂျင်ကလိ၊ ကုံးသီး၊ ခဲများဖြင့် ပစ်ပေါက်ခြင်း၊ လမ်းများကိုပိတ်ဆို့ခြင်း အပါအဝင် အဖျက်အမှောင့်လုပ်ငန်းများကို မင်းမဲ့စရိုက်ဆန်စွာ လုပ်ဆောင်လာလျက်ရှိသည်။ လူ ၅ ဦး ထက်ပို၍ စုဝေးခြင်းမပြုလုပ်ရန် ပုဒ်မ ၁၄၄ ထုတ်ပြန်ထားသော်လည်း တည်ဆဲဥပဒေကို ဆန့်ကျင်လျက် အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်လာကြသည်။ တိုင်းပြည်တာဝန် ကျေပွန်စွာထမ်းဆောင်လျက်ရှိသည့် ဝန်ထမ်းများကိုလည်း CDM တွင် ပါဝင်လာစေရန် ဖိအားပေး၍ ဆောင်ရွက်လျက်ရှိသည်။

**သွေးထိုးလှုံ့ဆော်**

အမှန်တော့ ပြည်တွင်း၊ ပြည်ပမှနေ၍ မျိုးဆက်သစ် လူငယ်များအား နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်နေသူများသည် လမ်းပေါ်ထွက် ဆန္ဒပြမှုများတွင် ၎င်းတို့ကိုယ်တိုင် ပါဝင်ခြင်းမရှိကြပေ။ သို့သော် ထိုသို့ သွေးထိုးလှုံ့ဆော်နေကြသူများသည် ပြည်တွင်း၊ ပြည်ပမှ ရရှိသည့် အထောက်အပံ့များကိုမူ လက်ဝါးကြီးအုပ် ချုပ်ကိုင်ထားကြသည်။ လမ်းပေါ်ထွက် ဆန္ဒပြနေကြသည့် လူငယ်များအား မင်းမဲ့စရိုက်ဆန်သည့် အပြုအမူများ လုပ်ဆောင်လာအောင် အမျိုးမျိုး မြှောက်ပင့်သွေးထိုးလျက်ရှိကြသည်။ စိတ်ခံစားချက်ဦးစားပေးပြီး အဖျက်အမှောင့်လုပ်ငန်းများ လုပ်ဆောင်မိသည့် လူငယ်များသာလျှင် ထိခိုက်နစ်နာလျက်ရှိသည်။ အချို့သောလူငယ်များဆိုလျှင် ဘုမသိ၊ဘမသိ အသက် ဆုံးရှုံးခဲ့ကြရသည်။ စိတ်မကောင်းစရာပင်ဖြစ်သည်။

**ပကတိအခြေအနေမှန်ကို ရှုမြင်သင့်**

ပြည်သူများအနေဖြင့် နိုင်ငံအတွင်း ဖြစ်ပျက်နေသည့် နိုင်ငံရေးဖြစ်စဉ်များ၏ ပကတိအခြေအနေမှန်ကို ရှုမြင်နိုင်အောင် မျက်မှန်စိမ်းချွတ်၍ ကြည့်သင့်သည်။ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ရွေးကောက်ပွဲ၌ မဲမသမာမှုများ ဖြစ်ပေါ်ခဲ့သောကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံတော်တာဝန်ကို ရယူထားခြင်းဖြစ်ပေသည်။ အချို့သော ပြည်သူများသည် ပြဿနာဖန်တီးသူများကို မမြင်ဘဲ တိုင်းပြည်တာဝန်ကို ခေတ္တထိန်းထားသည့် တပ်မတော်ကိုသာ တစ်ဖက်သတ် ပြစ်တင်ဝေဖန်နေခြင်းမှာ လမ်းကြောင်းလွဲနေသည်ဟု ထင်မိပါသည်။

ထို့အပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း နိုင်ငံတော်ရှေ့ဆက်သွားမည့် လမ်းပြမြေပုံကို အတိအလင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်သည်။ လမ်းပေါ်ထွက် ဆန္ဒပြနေရုံမျှဖြင့် နိုင်ငံရေးအဖြေကို ရရှိမည်မဟုတ်ချေ။ အစိုးရနှင့် ပူးပေါင်းဆောင်ရွက်သွားမှသာလျှင် ဒီမိုကရေစီစနစ် ခိုင်မာရှင်သန်နေမည်ဖြစ်သည်။

**တိုင်းပြည်အကျိုး မျှော်တွေးဆောင်ရွက်စေလို**

ပြည်သူများအနေဖြင့် တိုင်းပြည်ကို အမှန်တကယ် ကာကွယ်စောင့်ရှောက်သွားလိုလျှင်၊ အနာဂတ် မျိုးဆက်သစ်များကို အမှန်တကယ် ချစ်မြတ်နိုးသည်ဆိုလျှင်၊ တိုင်းပြည်နှင့်လူမျိုးအကျိုးကို အမှန်တကယ် သယ်ပိုးသွားလိုလျှင် လမ်းပေါ်ထွက် ဆန္ဒပြခြင်း၊ CDM လှုပ်ရှားခြင်း၊ လမ်းများပိတ်ဆို့ခြင်း၊ သံပုံးများတီးခြင်း၊ အော်ဟစ်ဆဲဆိုခြင်း စသည့် အဓိပ္ပာယ်မဲ့သော လုပ်ရပ်များကို အချိန်မီ ရပ်တန့်သွားသင့်နေပြီဖြစ်သည်။ အထူးသဖြင့် ဒီမိုကရေစီ ယဉ်ကျေးမှုအရ အချင်းချင်း ညှိနှိုင်းဆွေးနွေးခြင်း၊ ပေါင်းစပ်ဖြေရှင်းခြင်း၊ အများသဘောဆန္ဒအတိုင်းဟု ဆိုသော်လည်း လူနည်းစု၏ဆန္ဒကိုလည်း အလေးထားခြင်း စသည့် အပြုသဘောဆောင်သော နည်းလမ်းတို့ဖြင့်သာ ချဉ်းကပ်ဆောင်ရွက်သွားသင့်သည်။

မည်သို့ပင်ဆိုစေ လက်ရှိအချိန်တွင် ဆန္ဒပြနေကြသူများ၊ CDM လှုပ်ရှားမှု လုပ်ဆောင်နေသူများအနေဖြင့် လမ်းပေါ်ထွက်ပြီး မင်းမဲ့စရိုက်ဆန်သော အပြုအမူများ လုပ်ဆောင်နေသည်ထက် တိုင်းပြည်အကျိုးကို မျှော်တွေးကာ တိုင်းရင်းသား ညီအစ်ကို အချင်းချင်း ညှိနှိုင်းအဖြေရှာ ပူးပေါင်းဆောင်ရွက်သည့် နိုင်ငံရေးယဉ်ကျေးမှု နည်းလမ်းဖြင့်သာ ဒီမိုကရေစီစနစ် ခိုင်မာရှင်သန်အောင် ပြုစုပျိုးထောင်သွားသင့်ပေသည်။ ။

---

# ကျိုင်းတုံမြို့၌ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ရန်အတွက် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ကျိုင်းတုံ ဖေဖော်ဝါရီ ၂၆**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု လျော့နည်းလာသည့်အတွက် အခြေခံပညာ အထက်တန်းကျောင်းများကို မကြာမီကာလအတွင်း ပြန်လည်ဖွင့်လှစ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ဖေဖော်ဝါရီ ၂၅ ရက်တွင် ကျိုင်းတုံခရိုင်/မြို့နယ် မီးသတ်တပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ကြသည်။

ကျိုင်းတုံခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်သူနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဆရာ ဆရာမ များနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ ကျောင်းအတွင်းအပြင် သန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း၌ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကာ မြို့နယ်အတွင်းမှ အခြားကျောင်းများတွင်လည်း စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်မီးသတ်စခန်းမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

အောင်ဇင်မြင့်(ပြန်/ဆက်)



## လောကာနန္ဒာစေတီတော်ကြီး အနေကဇာတင်ပွဲနှင့် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

**စစ်တွေ ဖေဖော်ဝါရီ ၂၆**

ရခိုင်ပြည်နယ် စစ်တွေမြို့ လောကာနန္ဒာ စေတီတော်မြတ်ကြီး၌ ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပွဲနှင့် အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက စတင်ကျင်းပခဲ့ရာ ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ အတွင်းရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ဖူးမြော် ပူဇော်ခဲ့ကြသည်။

ရှေးဦးစွာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် တိုင်းမှူးတို့က ဘုရားရှင်အား ဆွမ်း၊ ပန်း၊ ဆီမီးများ ကပ်လှူပူဇော်ကြပြီးနောက် စကြာ်မုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်နှင့် လောကာနန္ဒာစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဆရာတော်ကြီးများနှင့် သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ပူဇော်ခဲ့ကြသည်။

ထို့နောက် လောကာနန္ဒာစေတီတော်မြတ်ကြီးအတွင်း၌ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲကို ဆက်လက်ကျင်းပရာ ဆရာတော် သံဃာတော်များ၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် ဧည့်ပရိသတ်များက အခမ်းအနားကို ဖွင့်လှစ်ကြပြီးနောက် စစ်တွေမြို့ မဏိရတနာကျောင်းတိုက် ဆရာတော်ကြီးက ဧည့်ပရိသတ်များအား သီလချီးမြှင့်သည်။ ထို့နောက် သံဃာတော်များက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ပွားချီးမြှင့်ကာ ဆရာတော် သံဃာတော်များက အသံမစဲမဟာ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို အစီအစဉ်များအတိုင်း ဖွင့်လှစ်၍ အလှည့်ကျ ပဋ္ဌာန်းရွတ်ဆို ပူဇော်ခဲ့ကြသည်။ **တင်ထွန်း(ပြန်/ဆက်)**

## ကွန်ဟိန်းမြို့နယ်၌ လယ်ယာမြေဧက ၃၀၀ ကို အကျိုးပြုမည့် ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်

**ကွန်ဟိန်း ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့နယ် ဝမ်ပန်ကျေးရွာရှိ လယ်ယာမြေ ဧက ၃၀၀ မှ လယ်ယာထွက်ကုန်များ ဈေးကွက်သို့ အချိန်မီရောက်ရှိစေရန် ရည်ရွယ်လျက် ကျေးလက်ကုန်ထုတ်လမ်းတစ်လမ်းကို ဖောက်လုပ်လျက်ရှိကြောင်း ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

ဝမ်ပန်ကျေးရွာ ကုန်ထုတ်လမ်းသည် အရှည် သုံးမိုင်၊ အကျယ် ၁၈ ပေရှိမည်ဖြစ်ပြီး ယင်းလမ်းတွင် ဖြူန်းကျောက် ခြောက်လက်မထုခင်းခြင်းလုပ်ငန်းကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ် ၇၃ ဒသမ ၇၉ သန်းဖြင့် တင်ဒါအောင်မြင်သော ရွှေနယ်ခြားကုမ္ပဏီက ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလအတွင်းက စတင်ဆောင်ရွက်ခဲ့ကာ ယခုအချိန်တွင် ၇၅ ရာခိုင်နှုန်းအထိ ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတင်ဆူးက ပြောကြားသည်။

အဆိုပါ ကျေးလက်ကုန်ထုတ်လမ်း ဖောက်လုပ်နေမှုကို ကွန်ဟိန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက ဖေဖော်ဝါရီ ၂၆ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ပြီး လုပ်ငန်းဆောင်ရွက်နေသည့် ကုမ္ပဏီနှင့် ကျေးရွာမှ ကုန်ထုတ်လမ်းဖြစ်မြောက်ရေးကော်မတီဝင်များနှင့်လည်း တွေ့ဆုံကာ ကုန်ထုတ်လမ်း ဖောက်လုပ်နေမှု အခြေအနေ၊ လုပ်ငန်းများ အချိန်မီပြီးစီးရေးနှင့် သတ်မှတ် စံချိန်စံညွှန်းများ ပြည့်မီရေးအတွက် အလေးထား ဆောင်ရွက်သွားကြရန် မြို့နယ်ဦးစီးမှူးက မှာကြားခဲ့သည်။ **ငြိမ်းသူ**

## ပုဂံ ရွှေဟောင်းယဉ်ကျေးမှုဒေသသို့ ဘုရားဖူးများလာရောက်မှု တစ်ရက်ထက်တစ်ရက် ပိုမိုများပြားလာလျက်ရှိ

**ညောင်ဦး ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပုဂံ ရွှေဟောင်းယဉ်ကျေးမှုဒေသသို့ ဖေဖော်ဝါရီ ၈ ရက်မှစ၍ ဘုရားဖူးခရီးသွားများ လာရောက်ခွင့်ကို ပြန်လည်ခွင့်ပြုပေးခဲ့ပြီးနောက် နေ့စဉ် ဘုရားဖူးသူများ လာရောက်ဖူးမြော်လျက်ရှိရာ နေ့စဉ် ဘုရားဖူးလာရောက်သူ အရေအတွက်မှာ တစ်ရက်ထက်တစ်ရက် ပိုမိုများပြားလာလျက်ရှိကြောင်း ရွှေစည်းခုံဘုရား ဂေါပကအဖွဲ့ထံမှ သိရသည်။



လက်ရှိအချိန်တွင် ပုဂံ ရွှေဟောင်း ယဉ်ကျေးမှုဒေသသို့ နေရာဒေသအစုံမှ ဘုရားဖူးလာရောက်သူများအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဖူးမြော်ခွင့်ပြုထားပြီး ဘုရားရင်ပြင်တော် ပရိဝုဏ်များ အကျယ်အဝန်းအပေါ် မူတည်၍ ဘုရားဖူးဝင်ရောက်ခွင့်လူဦးရေကို သတ်မှတ်ထားကာ ဘုရားဖူးလာသော ပြည်သူများကလည်း စည်းကမ်းများကို လိုက်နာ၍ ဖူးမြော်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားချိန်မှစတင်ပြီး ရောဂါကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပုဂံရွှေဟောင်းယဉ်ကျေးမှုဒေသသို့ ဘုရားဖူးများ လာရောက်ခွင့်ကို ယာယီပိတ်ထားခဲ့ရာမှ ယခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှစ၍ ပုဂံဒေသရှိ အထင်ကရ သမိုင်းဝင် ဘုရားကြီး ၁၉ ဆူကို ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင်ခဲ့ပြီးနောက် ပုဂံ ရွှေဟောင်းယဉ်ကျေးမှုဒေသကို ပြန်လည်ဖွင့်လှစ်ခဲ့ကာ ဘုရားဖူးများဝင်ရောက်ရန် ခွင့်ပြုပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ပုဂံ ရွှေဟောင်းယဉ်ကျေးမှုဒေသကို ပြန်လည်ဖွင့်လှစ်ချိန်မှစတင်၍ ပြည်တွင်းဘုရားဖူးများ နေ့စဉ် လာရောက်လျက်ရှိကာ ဘုရားဖူးလာရောက်မှု မှတ်တမ်းမှာမူ ဂေါပကအဖွဲ့ရှိသည့် ဘုရား ၁၉ ဆူ၌သာ ထားရှိကြောင်း သိရသည်။

ရွှေစည်းခုံဘုရားကြီးသို့ ဘုရားဖူးလာရောက်သည့် မှတ်တမ်းအရ မန္တလေး၊ မိုးကုတ်၊ ရန်ကုန်၊ မြင်းခြံ၊ တံတားဦး၊ ပြင်ဦးလွင်၊ မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ မကွေး၊ ချောက်၊ နတ်မောက်၊ တောင်သာ၊ ကြို့ပင်ကောက်နှင့် ပခုက္ကူမြို့များမှ လာရောက်ဖူးမြော်ခဲ့ကြပြီး ဘုရားဖူးများ ဝင်ရောက်မှုမှာ ဖွင့်လှစ်ချိန်မှစ၍ တစ်ရက်ထက်တစ်ရက် ပိုများလာလျက်ရှိကြောင်းနှင့် လက်ရှိအချိန်တွင် တစ်ရက်လျှင် ဘုရားဖူးဦးရေ ၁၅၀ မှ ၂၀၀ ကျော်အထိ လာရောက်လျက်ရှိကြောင်း သိရသည်။

ပုဂံ ရွှေဟောင်းယဉ်ကျေးမှုဒေသတွင် ဘုရား၊ စေတီ၊ ပုထိုး၊ ဂူဘုရားများ အပါအဝင် သာသနိကအဆောက်အအုံပေါင်း ၃၈၀၀ ခန့် ရှိကြောင်း သိရပြီး အားလုံးကို ကျန်းမာရေး ဦးစီးဌာန၏ ကိုဗစ်-၁၉ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဝင်ရောက်ဖူးမြော်ခွင့်ပြုထားကာ ဂေါပကအဖွဲ့ရှိသည့် ဘုရား ၁၉ ဆူ၌ ဘုရားဖူးလာရောက်သည့် မှတ်တမ်းတွင် လာရောက်သည့်မြို့၊ တယ်လီဖုန်းနံပါတ်၊ ကားနံပါတ်၊ နေရပ်လိပ်စာ၊ အပြည့်အစုံကို စာရင်းယူ မှတ်တမ်းထားရှိကြောင်းလည်း သိရသည်။

**မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**

## ရှမ်းပြည်နယ်အတွင်း လုံခြုံရေးတာဝန်ထမ်းဆောင်နေသော တပ်ဖွဲ့ဝင်များအား ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီနှင့် ပြည်သူများက စားသောက်ဖွယ်ရာများလှူဒါန်း

**တောင်ကြီး ဖေဖော်ဝါရီ ၂၆**

ရှမ်းပြည်နယ်အတွင်း လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေသော တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအား ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် စေတနာရှင်ပြည်သူများက ထောက်ပံ့သည့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းပွဲကို ဖေဖော်ဝါရီ ၂၅ ရက်က တောင်ကြီးမြို့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် သံလွင်ခန်းမ၌ ကျင်းပခဲ့သည်။




ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက မီးသတ်တပ်ဖွဲ့သို့ စားသောက်ကုန်များ ပေးအပ်စဉ်

လှူဒါန်းပွဲတွင် ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် တတ်နိုင်သလောက် လုပ်ဖော်ကိုင်ဖက်များအား ကူညီခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၏ အရေးပေါ်ပြဋ္ဌာန်းချက်နှင့်အညီ အားလုံး တည်ငြိမ်အေးချမ်းရန်၊ စီးပွားရေး ပြန်လည်တိုးတက်လာရန်၊ နိုင်ငံတော်က ချမှတ်ထားသည့် ရေတိုရေရှည် စီမံကိန်းများ အောင်မြင်ရန်နှင့် ကျောင်းများ မကြာမီ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်၊ မီးသတ်တပ်ဖွဲ့ဝင်များက ကူညီပေးနေကြကြောင်း၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကူညီပေးကြသည့် တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အထူးစုံစမ်းစစ်ဆေးရေးနှင့် သတင်းတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များအား ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက စေတနာရှင် အလှူရှင်များ ထောက်ပံ့လှူဒါန်းပေးသော ပစ္စည်းများဖြစ်သည့် ကြက်ဥ၊ ရေသန့်၊ ပဲပုပ်ကြော်၊ အသားတုံ၊ ကော်ဖီမစ်၊ ရွှေဖီဦးလက်ဖက်ရည်၊ ဆီ၊ ကုလားပဲစသည့် စားသောက်ဖွယ်ရာများကို နယ်မြေခံတပ်မှ ဗိုလ်မှူး ဇင်မင်းထွန်း၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်တင်ကိုကိုနှင့် ရှမ်းပြည်နယ် မီးသတ်တပ်ဖွဲ့ ဦးစီးမှူးတို့ထံ ထောက်ပံ့ပေးအပ် လှူဒါန်းခဲ့ပြီး အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်နီလင်းအောင်နှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးတို့က ရဲတပ်ဖွဲ့ဝင်များကိုယ်စား ကျေးဇူးတင် စကားပြန်လည်ပြောကြားခဲ့သည်။

**မောင်မောင်သန်း(တောင်ကြီး)**

## သာစု ဆံတော်ရှင်စေတီတော်ကြီးသို့ လာရောက်ဖူးမြော်နိုင်

**ရန်ကုန် ဖေဖော်ဝါရီ ၂၆**

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုများကြောင့် ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် သာစုကန်ကျေးရွာရှိ ရှေးဟောင်း သမိုင်းဝင် သာစု ဆံတော်ရှင် စေတီတော်မြတ်ကြီးကို တစ်နှစ်နီးပါး ယာယီပိတ်ထားခဲ့ရာမှ ဖေဖော်ဝါရီ ၉ ရက်မှစ၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ လာရောက်ဖူးမြော်နိုင်ရန် ပြန်လည်ဖွင့်လှစ်ထားပြီဖြစ်၍ ရပ်နီးရပ်ဝေးမှ ပြည်သူများ လာရောက်ဖူးမြော်နိုင်ပြီဖြစ်ကြောင်း စေတီတော် ဂေါပက အဖွဲ့ထံမှ သိရသည်။

"ဘုရားပြန်ဖွင့်တဲ့အချိန်က စေတီတော်ရဲ့ ရိုးရာမပျက် တပို့တွဲလမှာ နှစ်စဉ်ကျင်းပတဲ့ ဘုရားအနေကဇာတင်ပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲ၊ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ထမနဲထိုးလှူဒါန်းပွဲ၊ ဗုဒ္ဓပူဇနီယပွဲတော်နဲ့ ဆွမ်းဆန်စိမ်းလောင်းလှူပွဲတို့ကို တွဲယှဉ်ကျင်းပတဲ့ ကာလပါ။ အခုတော့ ကျန်းမာရေး၊ စီးပွားရေး၊ နိုင်ငံရေး အခြေအနေတွေကြောင့် စေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနဲ့ ဂေါပကအဖွဲ့များက ဦးဆောင်ပြီး အလှူရှင်များနဲ့ပူးပေါင်းပြီး အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကိုပဲ ကိုးရက် ကျင်းပဖြစ်ခဲ့ပါတယ်။ စေတီတော်ကို ဖူးမြော်ခွင့်က နံနက် ၈ နာရီကနေ ညနေ ၃ နာရီအထိဖြစ်ပြီး ယနေ့အထိ လာရောက်ဖူးမြော်သူ တွေကတော့ ယခင်ကထက် နည်းနေပါတယ်"ဟု စေတီတော် ဂေါပက အဖွဲ့ဝင်တစ်ဦးက ပြောသည်။

သာစုဆံတော်ရှင်စေတီတော်ကြီးသည် ကကုသန်မြတ်စွာဘုရားရှင် လက်ထက်က ကြမ်းကြုတ်ရက်စက်တတ်သော ဘီလူးညီနောင်အား ဘုရားရှင်က တန်ခိုးတော်ပြပြီး တရားဓမ္မများ ဟောပြောပြသ ဆုံးမခဲ့ရာမှ ဘီလူးညီနောင် အကျွတ်တရားရပြီး ဘုရားအား အမြဲကိုးကွယ်လိုကြောင်း လျှောက်ထားသဖြင့် ဘုရားက ဆံတော်မြတ်နှစ်ဆူ ချီးမြှင့်ရာ ဘီလူးညီနောင်တို့က ၎င်းတို့နေထိုင်ရာကုန်းတော်ပေါ်ရှိ ကျောက်တုံးကို ထွင်းကာ ဆံတော်မြတ်နှစ်ဆူကို ဌာပနာ၍ ထူပစေတီအဖြစ် ကိုးကွယ် ဆည်းကပ်ခဲ့ရာမှ စတင်ပေါ်ပေါက်ခဲ့ကြောင်း၊ ထိုမှတစ်ဆင့် မွန်ဘုရင် ရာဇဓိရာဇ်က မူလ ထူပစေတီကိုငုံကာ စေတီတော်ကြီးအဖြစ် ပြုပြင် မွမ်းမံ တည်ဆောက်၍ ကိုးကွယ်ခဲ့ပြီးနောက် သာသနာတော် မကွယ် မပျောက်စေရန် အလှူရှင်အသီးသီးတို့၏ စဉ်ဆက်မပြတ် လှူဒါန်း ပံ့ပိုးမှုများကြောင့် ယနေ့အချိန်အထိ သာသနာ့သမိုင်းဝင် စေတီတော်ကြီး အဖြစ် ဖူးမြော်ကြည်ညိုခွင့် ရရှိနေခြင်းဖြစ်ကြောင်း စေတီတော်သမိုင်း အရ သိရသည်။

မြင့်သန်းကြည်(ရွှေပြည်သာ)

## စစ်ကိုင်းတိုင်းဒေသကြီးမှ မြို့နယ် ၁၂ ခုသို့ စပါးခွံပေါင်းခံရည်ထုတ်လုပ်သည့်ကိရိယာ အခုရေ ၁၂၀ ဖြန့်ဝေ၍ အသိပညာပေးလုပ်ငန်းများ လုပ်ဆောင်ပေးလျက်ရှိ

**မုံရွာ ဖေဖော်ဝါရီ ၂၆**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စပါးစိုက်ပျိုးရေးလုပ်ငန်းများ၌ ဓာတုလျှော့ချ စိုက်ပျိုးနိုင်ရေးအတွက် စပါးခွံပေါင်းခံရည်ကို တွင်ကျယ်စွာ အသုံးပြုလာနိုင်ရန် စပါးခွံပေါင်းခံရည် ထုတ်လုပ်သည့် ကိရိယာများကို မြို့နယ် ၁၂ ခုသို့ဖြန့်ဝေပေး၍ပြည်သူများအား အသိပညာပေးသည့် လုပ်ငန်းများကိုလည်း လုပ်ဆောင်ပေးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဝင်းလှိုင်ဦးထံမှ သိရသည်။

စပါးခွံပေါင်းခံရည်ကို စိုက်ပျိုးရေးလုပ်ငန်းများတွင် အပင်အားဆေးအဖြစ်လည်းကောင်း၊ ပိုးသတ်ဆေးအဖြစ်လည်းကောင်း၊ အပင်အားတိုးဆေးအဖြစ်လည်းကောင်း၊ မှိုသတ်ဆေး အဖြစ်လည်းကောင်း ရေအချိုးအစားအလိုက် ရောစပ်အသုံးနိုင်ပြုကြောင်း သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ နှစ်စဉ် စပါး တန်ချိန် ၈ ဒသမ ၅ သန်းလောက် ထွက်တယ်။ စပါးတစ်တင်းမှာ စပါးခွံ ၂၀ ရာခိုင်နှုန်း ထွက်တဲ့အတွက် တစ်နှစ်မှာ စပါးခွံ တန်ချိန် ၁ ဒသမ ၇၂ သန်းလောက်အထိ ထွက်တယ်လို့ ခန့်မှန်းရတယ်။ စပါးခွံက သိပ်သည်းမှုမရှိတော့ ဝန်ကျယ်ပြီး နေရာယူတယ်။ အလွယ်တကူ ဆွေးမြည့်ကျေပျက်မှုမရှိလို့ နှစ်စဉ် စုပုံလာတယ်။ မိမိတို့ဒေသအလိုက် များစွာထွက်ရှိနေတဲ့ စပါးခွံတွေကို အသုံးပြုတဲ့နည်းလမ်း မှန်ကန်စေဖို့နဲ့ ပတ်ဝန်းကျင်ညစ်ညမ်းမှု မရှိစေဘဲ အကျိုးရှိစေဖို့ ရည်ရွယ်ပြီး အသုံးပြုသင့်တယ်။ အဲဒါကြောင့် စပါးခွံပေါင်းခံရည်ထုတ်လုပ်တဲ့ နည်းပညာကို တောင်သူတွေသိရှိပြီး တွင်တွင်ကျယ်ကျယ် အသုံးပြုနိုင်ဖို့ အခုလို အသိပညာပေးမှုတွေ လုပ်ဆောင်ပေးနေတာဖြစ်ပါတယ်။ အဲဒီအတွက် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှာ စပါးစိုက်ပျိုးထုတ်လုပ်မှု အများဆုံးရှိနေတဲ့ မြို့နယ်တွေကို စပါးခွံပေါင်းခံရည်ထုတ်လုပ်တဲ့ ကိရိယာ အစုံ ၁၂၀ ကိုလည်း ဖြန့်ဝေပေးထားပြီး ဖြစ်ပါတယ်"ဟု တိုင်းဒေသကြီး စိုက်ပျိုးရေး ဦးစီးဌာနမှူးက ပြောသည်။



စပါးခွံပေါင်းခံရည်ထုတ်လုပ်မှုကို တောင်သူများအား လက်တွေ့ ပညာပေးပြသစဉ်

စပါးခွံပေါင်းခံရည်ထုတ်လုပ်သည့် နည်းပညာကို တောင်သူများထံသို့ လက်တွေ့ အသိပညာပေးနေသူ ဝက်လက်မြို့နယ် စိုက်ပျိုးရေး ဦးစီးမှူး ဦးလှမိုးကျော်က "တောင်သူတွေဆီကို ကိရိယာတွေ ယူသွားပြီး ပေါင်းခံရည်ထုတ်လုပ်ပုံ အဆင့်ဆင့်ကို ရှင်းလင်းပြောကြားပေးနေတာ သုံးကြိမ်ရှိပါပြီ။ သူတို့က လိုက်လုပ်ချင်တယ်ဆိုရင်လည်း အသိပညာပေးတယ်။ ကိရိယာဝယ်ယူရရှိနိုင်တဲ့ နေရာကိုလည်း ညွှန်ပေးတယ်"ဟု ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း စပါးစိုက်ပျိုးထုတ်လုပ်မှုအများဆုံး မြို့နယ် ၁၂ ခုဖြစ်သည့် စစ်ကိုင်း၊ မြင်းမူ၊ ယင်းမာပင်၊ ရွှေဘို၊ ဝက်လက်၊ ခင်ဦး၊ ရေဦး၊ တန့်ဆည်၊ ဒီပဲယင်း၊ ကန့်ဘလူ၊ ကောလင်းနှင့် ကလေးမြို့နယ်များသို့ စပါးခွံပေါင်းခံရည်ထုတ်လုပ်သည့် ကိရိယာများကို တစ်မြို့နယ်လျှင် ၁၀ ခုနှုန်းဖြင့် ယခုနှစ် ဇန်နဝါရီ ၁၅ ရက်မှ စတင်ဖြန့်ဝေပေးထားပြီး မြို့နယ်အလိုက် အသိပညာပေးလုပ်ငန်းများကို လုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ဝင်းဦး(ဖေယျာတိုင်း)

# မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူ ဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုး လဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင် နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာ ထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့် အဆောက်အအုံ ဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြု တတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကား သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူ နိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ် တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# လမ်းပိတ်ဆို့ကာ ကြွေးကြော်သံအမျိုးမျိုး အော်ဟစ်ဆူပူလူစုလူဝေးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**
မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် လမ်း(၃၀) (၆၈/၇၀) လမ်းကြားတွင် လူစုလူဝေး ၄၀၀ ကျော်ခန့်သည် လည်းကောင်း၊ မွန်းလွဲပိုင်းတွင် ချမ်းအေးသာစံမြို့နယ် (၃၅/၈၅) လမ်းကြား မြတောင်ကျောင်း အရှေ့တွင် လူစုလူဝေး ၂၅၀ ခန့်သည်လည်းကောင်း၊ (၆၂/၁၀၄) (A) လမ်းထောင့်တွင် အင်အား ၁၀၀ သည်လည်းကောင်း အများပြည်သူ သွားလာအသုံးပြုနေကြသည့် လမ်းမများပေါ်တွင် လမ်းပိတ်ဆို့မှုများ ပြုလုပ်ကာ ကြွေးကြော်သံအမျိုးမျိုး အော်ဟစ်ဆူပူလျက်ရှိကြောင်း သိရသည်။

ထိုသို့ သတင်းရရှိမှုအပေါ် မူတည်ကာ အုပ်ချုပ်မှုဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေး တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ သတ်မှတ်ညွှန်ကြားချက်များကို ချပြရှင်းလင်းပြီး လူစုခွဲရန် အကြိမ်ကြိမ်သတိပေးခဲ့သည်။

သို့ရာတွင် တာဝန်ရှိသူများ၏ တားမြစ်မှုများကို လိုက်နာမှုမရှိဘဲ ဆက်လက် ဆူပူအော်ဟစ်ဆန္ဒပြနေကြသဖြင့် လူစုလူဝေးထိန်းသိမ်းမှု နည်းလမ်းများအတိုင်း အသံမြည်ဗုံးနှင့် (.၁၂)ဗို့ပြောင်းချောသေနတ်တို့ဖြင့် ခြောက်လှန့်ပစ်ခတ်ခြင်းများ ဆောင်ရွက်၍ လူစုခွဲခဲ့ရသည်။

ဖော်ပြပါ ဖြစ်စဉ်များတွင် လူစုလူဝေးပြုလုပ်ကာ ဆူပူဆန္ဒပြသူ အမျိုးသား ၂၇ ဦး၊ အမျိုးသမီး ၁၂ ဦး စုစုပေါင်း ၃၉ ဦးကို ဖမ်းဆီးထိန်းသိမ်းပြီး ဥပဒေအရ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



# တုတ်၊ ဓားကိုင်ဆောင်ထားသူများ ထိုင်သပိတ်ပြုလုပ်၍ အော်ဟစ်ဆူပူလူစုလူဝေးကို လုံခြုံရေးတပ်ဖွဲ့မှ ဥပဒေနှင့်အညီ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနား ယုဇနလမ်းသွယ်တွင် ယနေ့ မွန်းလွဲ ၁ နာရီခွဲက လူစုလူဝေးပြုလုပ်ကာ လမ်းအချို့အား အကာအရံအတားအဆီးများဖြင့် ပိတ်ဆို့ခြင်း၊ ပလတ်စတစ်ပုံးကြီးများကို ထက်ခြမ်းခြမ်း၍ ရဲတပ်ဖွဲ့သုံး(ဒိုင်း)ကြီးများ သဖွယ်ပြုလုပ်၍တုတ်/ဓားကိုင်ဆောင်ထားသူ ၂၅၀ ကျော်ခန့်မှာ ထိုင်သပိတ်ပြုလုပ်၍ ကြွေးကြော်သံများဖြင့် အော်ဟစ်ဆူပူ လူစုလူဝေးပြုလုပ်နေကြောင်း သိရသည်။

သတင်းရရှိလျှင်ရရှိချင်း လုံခြုံရေး တပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ ထိန်းသိမ်းနိုင်ရေး အဆိုပါနေရာသို့ သွားရောက်ခဲ့ရာ တပ်ဖွဲ့ဝင်များအား ခဲများဖြင့် ပစ်ပေါက်ခြင်း၊ လောက်လေးခွများဖြင့် ပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ အသံမြည်ဗုံး အသုံးပြု၍ (.၁၂)ဗို့ ဖြင့် အသံပေးခြောက်လှန့်ပစ်ခတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်ခန့်တွင် လူစုကွဲသွားခဲ့သည်။

ဖော်ပြပါဖြစ်စဉ်တွင် ပါဝင်ဆူပူအော်ဟစ်လှုပ်ရှားသူ အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ခြောက်ဦး စုစုပေါင်း ၂၅ ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းစစ်ဆေးလျက်ရှိပြီး တရားဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်နှင့် ကမာရွတ်မြို့နယ်တို့၌ လူစုလူဝေးပြုလုပ်သည့်သူများအား ဥပဒေနှင့်အညီ ထိန်းသိမ်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**
ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်နှင့် ကမာရွတ်မြို့နယ်တို့၌ လူစုလူဝေး ပြုလုပ်သည့်သူများအား ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါထုတ်ပြန်ချက်တွင် စမ်းချောင်းမြို့နယ် မြေနီကုန်းခုံးကျော်တံတား အောက်တွင် လူစုလူဝေး အင်အား ၃၀၀၀ကျော်ခန့်နှင့် ကမာရွတ်မြို့နယ်၊ လှည်းတန်းလမ်းဆုံတွင် လူစုလူဝေးအင်အား ၃၀၀၀ ကျော်ခန့်တို့သည် ယနေ့နံနက် ၈ နာရီတွင် ဆူပူဆန္ဒပြနေကြကြောင်း သတင်းရရှိသဖြင့် အုပ်ချုပ်မှုဆိုင်ရာ တာဝန်ရှိသူများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များ သွားရောက်ကာ အမိန့်ညွှန်ကြားချက်များနှင့်အညီ လူစုခွဲရန် အကြိမ်ကြိမ်သတိပေးပြောဆိုခဲ့သော်လည်း လိုက်နာမှုမရှိဘဲ ကြွေးကြော်သံအမျိုးမျိုး အော်ဟစ်ကာ ဆက်လက်ဆူပူဆန္ဒပြခဲ့ကြကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဆူပူဆန္ဒပြသူအင်အားစုများအား ဥပဒေနှင့်အညီ (ဒိုင်း)များ အသုံးပြု၍ တွန်းထုတ်ခြင်းဖြင့် လူစုခွဲရန် ကြိုးစားခဲ့သော်လည်း လူစုမခွဲဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရန်ပြုရန် ကြိုးစားလာသဖြင့် အသံမြည်ဗုံးဖြင့် ခြောက်လှန့်ပစ်ခတ်၍ လူစုခွဲရန် ကြိုးစားခဲ့ရကြောင်းနှင့် ထိခိုက်ဒဏ်ရာရရှိမှု အနည်းဆုံးဖြစ်စေရေး ဦးစားပေးဆောင်ရွက်ခဲ့ပြီး ယာဉ်အချို့အား လမ်းများပေါ်တွင် ကန့်လန့်ဖြတ်ပိတ်ဆို့ထားခြင်းများအား ဖယ်ရှားရှင်းလင်းဆောင်ရွက်ခဲ့ရကြောင်း။

အဆိုပါ ဖြစ်စဉ်များတွင် ကန့်လန့်ဖြတ်ပိတ်ဆို့ထားသည့် ယာဉ် ခုနစ်စီး၊ ဆိုင်ကယ် သုံးစီး၊ စက်ဘီး နှစ်စီးနှင့် လူစုလူဝေး ပြုလုပ်ကာ ဆူပူဆန္ဒပြသူ အမျိုးသား ၃၀၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ၃၁ ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းထားရှိပြီး တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြပါရှိသည်။

**သတင်းစဉ်**

# မြေနီကုန်းနှင့် လှည်းတန်းတို့တွင် ဥပဒေမဲ့ဆူပူဆန္ဒပြသူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဥပဒေနှင့်အညီ လူစုခွဲခဲ့ရ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**
၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ နိုင်ငံတော်ကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြေညာပြီးနောက် နိုင်ငံအတွင်းရှိ အချို့မြို့ကြီးများတွင် ဆူပူဆန္ဒပြမှုများဖြစ်ပေါ်လာသည့်အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်ပျက်ပြားစေသည့်အပြင် ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားစေနိုင်သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆူပူအုံကြွမှုမဖြစ်စေရေး လုံခြုံရေးလုပ်ငန်းများကို နေ့ညမပြတ် ဆောင်ရွက်လျက်ရှိသည်။

ယနေ့ နံနက် ၁၀ နာရီခန့်မှစ၍ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် မြေနီကုန်းလမ်းဆုံအနီး၌ အင်အား ၃၅၀၀ ခန့်ကလည်းကောင်း၊ ကမာရွတ်မြို့နယ် လှည်းတန်းလမ်းဆုံအနီး၌ အင်အား ၁၅၀၀ ခန့်ကလည်းကောင်း ကြွေးကြော်သံများ ကြွေးကြော်ခြင်း၊ လှုံ့ဆော် ဆန္ဒပြခြင်း၊ ရုန်းရင်းဆန်ခတ်ပြုမူခြင်းတို့ကို ဆောင်ရွက်လျက်ရှိရာ ယင်းသို့လုပ်ဆောင်သူများ ကို လူစုခွဲရန် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက မေတ္တာရပ်ခံခဲ့ရာ ဆူပူဆန္ဒပြသူများက လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်ကိုင်အသံချဲ့စက်များဖြင့် မကြားဝံ့မနာသာ ပြန်လည်ဆဲဆိုခြင်း၊ ရန်စခြင်းများကို ပြုလုပ်လာခဲ့သည့်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ဆူပူအကြမ်းဖက်မှုဖြိုခွဲရေးလုပ်ငန်းစဉ်များအတိုင်း ဥပဒေနှင့်အညီ အနည်းဆုံးအင်အား အနိမ့်ဆုံးအဆင့်ဖြင့် ဆန္ဒပြလူအုပ်ကြီးအား လူစုခွဲဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၁ နာရီခွဲခန့်တွင် လူစုကွဲခဲ့သည်။

ဖြစ်စဉ်ဖြစ်ပွားရာ နေရာများသည် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၁၄၄ ထုတ်ပြန်၍ လူ ငါးဦး သို့မဟုတ် ငါးဦးထက်ပို၍ လူစုဝေးခြင်းမပြုရန် တားမြစ်ချက်များ ထုတ်ပြန်ထားရှိသည့် နေရာများဖြစ်ပြီး ယခုကဲ့သို့ ဆူပူဆန္ဒပြရာတွင် ပါဝင်ပတ်သက်သူအချို့ ဖမ်းဆီးရမိထားကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၅ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၈၉ စီး၊ သွင်းကုန် ၁၄၉ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၂၁၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၅ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းမှ တားဆီးမှု တစ်မှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၀ ဒသမ ၈၀၀ သန်းတန်ဖိုးရှိ တရားမဝင် အကောက်ခွန်မဲ့ကုန်ပစ္စည်းဖြစ်သည့် Spy Wine (275 ml) (1x24), C/O – Thai (40 Pkgs) အား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အမြန်လမ်း၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သောယာဉ်များအား အရေးယူထား

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**
အမြန်လမ်းမကြီးရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၄ ရက် ညနေ ၅ နာရီမှ ဖေဖော်ဝါရီ ၂၅ ရက် ညနေ ၅ နာရီအထိ ယာဉ်စည်းကမ်းစစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်-မန္တလေးအမြန်လမ်း လှည်းကူးမြို့နယ် အမှတ်(၃) တိုးဂိတ်၌ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ် ခြောက်စီး၊ ဖြူးတိုးဂိတ်၌ မော်တော်ယာဉ်လေးစီး၊ ပလွေး တိုးဂိတ်၌ မော်တော်ယာဉ် ၂၃ စီး၊ ပန်းတင်မီနီတိုးဂိတ်၌ မော်တော်ယာဉ် တစ်စီး၊ စုစုပေါင်း ၃၄ စီး ဖမ်းဆီးရမိပြီး သက်ဆိုင်ရာယာဉ်စည်းကမ်း တရားရုံးများသို့ တရားစွဲတင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

**ရဲပြန်ကြား**

# မိုးကောင်းမြို့နယ်၌ ဆိုင်ကယ်တိုက်မိ၍ နှစ်ဦးဒဏ်ရာရ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆** – ကချင်ပြည်နယ် မိုးကောင်းမြို့နယ် လေသာကုန်းကျေးရွာ ရွှေဘို-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး ကီလိုမီတာ ၃၆၈ နှင့် ၃၆၉ ကြား၌ ဖေဖော်ဝါရီ ၂၅ ရက် ည ၈ နာရီ ၅ မိနစ်ခန့်က ယာဉ်တိုက်မှုဖြစ်ပွားသည်။ အင်ကြင်းကုန်းကျေးရွာနေ ကျော်ဇင်ဟိန်း(၂၆ နှစ်)မောင်းနှင်ပြီး အောင်ဖြိုးခန့် လိုက်ပါသည့် ဆိုင်ကယ်သည် ရှေ့မှ လမ်းလျှောက်နေသည့် ကုန်းတန်းကြီးကျေးရွာနေ ဦးဝင်းအေး(၄၃ နှစ်) အား အရှိန်မထိန်းနိုင်ဘဲ တိုက်မိကာ ကျော်ဇင်ဟိန်းနှင့် ဦးဝင်းအေးတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ကျော်ဇင်ဟိန်းအား ပင်းဘောနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့် စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ရှေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့်ယာယီ ကန့်သတ်ချက်များအား ထုတ်ပြန်ထားခဲ့ပြီး၊ အဆိုပါကန့်သတ်ချက်များအားလုံးကို ၂၈-၂-၂၀၂၁ ရက်နေ့အထိ ဆက်လက်တိုးမြှင့်သတ်မှတ်ကြောင်း ၃၀-၁-၂၀၂၁ ရက်စွဲပါကြေညာချက်ဖြင့် ထုတ်ပြန်ထားခဲ့ပြီးဖြစ်ပါသည်။

(က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၁၅-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

( ခ ) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ်ဗီဇာ ထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့်စပ်လျဉ်း၍ ၂၀-၃-၂၀၂၀ ရက်စွဲပါကြေညာချက်၊

( ဂ ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် စပ်လျဉ်း၍ ၂၄-၃-၂၀၂၀ ရက်စွဲပါကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေးဗီဇာအပါအဝင် မည်သည့်ပြည်ဝင်ဗီဇာ အမျိုးအစားကိုမဆို ယာယီရပ်ဆိုင်းမှုနှင့် စပ်လျဉ်း၍ ၂၈-၃-၂၀၂၀ ရက်စွဲပါကြေညာချက်။

၂။ COVID-19 ကူးစက်ရောဂါ ပြည်ပမှ ဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှုအန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့်အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်သွားနိုင်ရန် ရှေးရှုလျက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၁ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့အထိ ထပ်မံတိုးမြှင့်သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ်အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာသော ကိစ္စရပ်များကြောင့် ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ (သံတမန်များနှင့် ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဝန်ထမ်းများအပါအဝင်)အနေဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေးလေယာဉ် (သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံး မြန်မာသံရုံး/ အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်အကူအညီတောင်းခံရန် ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအားလုံးအနေဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲညွှန်ကြားချက်များကို မပျက်မကွက်လိုက်နာကြရမည် ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**နေပြည်တော်**

**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်**

## ညောင်ဦးမြို့၌ ညောင်ပင်ကျိုးကျပိမိ၍ နေအိမ်တစ်လုံး ပျက်စီးဆုံးရှုံးမှုဖြစ်


**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့ (၅)ရပ်ကွက် ညောင်ဦး - ပုဂံကားလမ်းဘေးရှိ နှစ် ၁၀၀ သက်တမ်းခန့်ရှိ ညောင်ပင်သည် ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၆ နာရီက ကျိုးကျပိမိမှုကြောင့် နေအိမ်တစ်လုံး အမိုးပျက်စီး ဆုံးရှုံးခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား




## လေးမျက်နှာမြို့နယ်၌ မြစ်ကမ်းပါးပြိုကျ၍ ဘုန်းကြီးကျောင်းဆောင်တစ်ဆောင် ပြောင်းရွှေ့





**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် ခုံးကြီးကျေးရွာ၌ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၆ နာရီခွဲက ငဝန်မြစ်ရေတိုက်စားမှုကြောင့် အလျားပေ ၁၀၀၊ အနံ ၇၅ ပေခန့် မြစ်ကမ်းပါးပြိုကျခဲ့ရာ နိဗ္ဗာန်ဘုန်းကြီးကျောင်းဝင်းအတွင်းမှ မြစ်ကမ်းအနီးရှိ သွပ်မိုး / ပျဉ်ခင်း / ပျဉ်ကာ နှစ်ထပ်ကျောင်းဆောင် တစ်ဆောင်အား မြစ်ကမ်းနှင့် ပေ ၁၅၀ ခန့် အကွာသို့ ပြောင်းရွှေ့ထားရှိကြောင်း သိရသည်။ **ရဲပြန်ကြား**

## ထူးခြားသည့် ညအပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၂၆** - ညအပူချိန်များမှာ တနင်္သာရီတိုင်းဒေသကြီးတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့အထက် ၂ ဒီဂရီစင်တီဂရိတ်နှင့် ကချင်ပြည်နယ်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် ညအပူချိန်များမှာ မိုင်းယန်းမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်၊ နမ့်စန်မြို့တွင် ၈ ဒီဂရီစင်တီဂရိတ်နှင့် ကျောက်မဲမြို့၊ ပင်လောင်းမြို့၊ လွိုင်လင်မြို့၊ မိုင်းဆတ်မြို့၊ ဟားခါးမြို့နှင့် မိုးကုတ်မြို့တို့တွင် ၉ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

## သပိတ်ကျင်းမြို့နယ်၌ မြေငလျင်လှုပ်ခတ်၍ ပျက်စီးဆုံးရှုံးမှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ်၌ ဖေဖော်ဝါရီ ၂၅ ရက် နံနက် ၉ နာရီ ၅ မိနစ်က မြေအောက်အနက် ၄ ကီလိုမီတာခန့်အား ဗဟိုပြု၍ ရစ်ချ်တာစကေး ၄ ဒသမ ၅ အဆင့် အင်အားအနည်းငယ်ရှိ မြေငလျင်တစ်ခု လှုပ်ခတ်ခဲ့ရာ အထက်ပုဏ္ဏားကျေးရွာ အမှတ်(၂) အခြေခံပညာအလယ်တန်းကျောင်းရှိ နှစ်ခန်းတွဲ စာသင်ဆောင်နံရံအလျား လေးပေခန့်၊ သုံးခန်းတွဲ အိမ်သာနံရံ အလျား ငါးပေခန့် အက်ကွဲခဲ့ကြောင်းနှင့် ပုဏ္ဏားကျေးရွာဘုန်းကြီးကျောင်းဝင်းရှိ စေတီတော်မှ ရုပ်ပွားတော်များပြုတ်ကျကာ ဦးခေါင်းတော်များ ကျိုးပဲ့ပျက်စီးခဲ့ကြောင်း သတင်းရရှိသည်။ **ရဲပြန်ကြား**

◆ *ကျောဖုံးမှ*

နေရသည့်အတွက်လည်း ခက်ခဲသည့်အခြေအနေနှင့် ရင်ဆိုင်ရတော့မည်ဖြစ်သည်။ ထို့ကြောင့် ဟန်ဒါဆင်သည် ပရီမီယာလိဂ်ပြိုင်ပွဲ၌ ချယ်ဆီးအသင်း၊ ချန်ပီယံလိဂ်ပြိုင်ပွဲ ဒုတိယအကျော့အဖြစ် လိုက်ပ်ဇစ်အသင်းတို့နှင့် ပွဲစဉ်အပါအဝင် အနည်းဆုံး လီဗာပူးအသင်း ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်ငါးပွဲကို လွဲချော်ဖွယ်ရှိနေသည်။ ထို့အပြင် အဆိုပါကစားသမားသည် လာမည့်လအတွင်း ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် အင်္ဂလန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့် ဆန်မာရီနို၊ အယ်ဘေးနီးယားနှင့် ပိုလန်အသင်းတို့နှင့်ပွဲစဉ်ကိုလည်း လွဲချော်တော့မည်ဖြစ်သည်။

အသင်းခေါင်းဆောင် ဟန်ဒါဆင်သည် ယခုနှစ်ရာသီတွင် လီဗာပူးအသင်းအတွက် ပြိုင်ပွဲစုံ ၂၅ ပွဲအထိ ပါဝင်ကစားခွင့်ရရှိထားသူဖြစ်သည်။ လီဗာပူးအသင်းသည် လာမည့်ပွဲစဉ်ကို မတ် ၁ ရက်တွင် ပရီမီယာလိဂ်ပွဲစဉ် (၂၆) အဖြစ် အမှတ်ပေးဇယား အောက်ဆုံးမှ ရှက်ဖီးလ်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ လီဗာပူးအသင်းသည် အမှတ်ပေးဇယားတွင် ၂၅ ပွဲ ကစားပြီး ရမှတ် ၄၀ ဖြင့် အဆင့်(၆) နေရာတွင် ရပ်တည်နေသည့်အသင်းဖြစ်သည်။

**အောင်ဇော်**



# လာလီဂါချန်ပီယံပြေးလမ်းမှာ အမှားခံလို့ မရတော့တဲ့ ဘာစီလိုနာ

■ မိုးဇက် - စုစည်းသည်

ယခုတစ်ပတ် စနေနေ့ လာလီဂါ (၂၅) မှာတော့ တန်းဆင်းဇုန်အထက်နား ရပ်တည်နေတဲ့ အီဘာ၊ ဘာစီလိုနာ၊ ဆီဗီလာစတဲ့အသင်းတွေ ပါဝင်နေတာကြောင့် စိတ်ဝင်စားဖို့ ကောင်းနေပါတယ်။ အီဘာက အမှတ်ပေးဇယား အောက်ဆုံးမှာရပ်တည်နေတဲ့ ဟူစကာ၊ အဆင့် (၃) နေရာက ဘာစီလိုနာနဲ့ အဆင့် (၄) နေရာက ဆီဗီလာအသင်းတို့ ဆုံတွေ့နေတာကြောင့် ဘယ်အသင်းက ရလဒ်ကောင်းပိုင်ဆိုင်သွားမလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။


ကိုပါဒယ်ရေးဖလားပြိုင်ပွဲတွင် ဆီဗီလာနှင့် ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။

## အီဘာ VS ဟူစကာ

ပ_ကျော့ရလဒ် ဟူစကာ ၁-၁ အီဘာ

အီဘာက တန်းဆင်းဇုန်အထက်နား ရပ်တည်နေတဲ့အသင်းဖြစ်ပြီး နောက်ဆုံးရှစ်ပွဲဆက် နိုင်ပွဲ ပျောက်ဆုံးထားတဲ့အသင်းဖြစ်ပါတယ်။ ဒါ့အပြင် အမှတ်ပေးဇယားမှာ ၂၄ ပွဲကစားပြီးချိန်တွင် ရဂိုးက ၁၉ ဂိုးသာရှိထားတာကြောင့် လာလီဂါတွင် တိုက်စစ်အဆိုးဆုံးအသင်းထဲ ပါဝင်နေပါတယ်။ ဟူစကာက ရီးရဲမက်ဒရစ်နဲ့ ဆီဗီလာအသင်းတို့ကို ရှုံးနိမ့်ထားပေမယ့် နောက်ဆုံးယှဉ်ပြိုင်ကစားထားတဲ့ ဂရန်နာဒါအသင်းနဲ့ပွဲစဉ်မှာ သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိထားတာကြောင့် ခြေစွမ်းအကောင်းဘက် ဦးတည်နေတယ်လို့ ဆိုနိုင်ပါတယ်။ ဒါ့အပြင် ၂၄ ပွဲကစားပြီး တန်းဆင်းဇုန်အတွင်း ကျရောက်တာကြောင့် ယခုပွဲစဉ်ကို အနိုင်ရရှိအောင် ပြင်ဆင်လာမှာ သေချာပါတယ်။ အီဘာအသင်းနဲ့ ဟူစကာအသင်းတို့ရဲ့ ရမှတ်ကွာဟမှုက နှစ်မှတ်သာရှိပြီး တန်းဆင်းဇုန်အတွင်းမှ ရုန်းထွက်ဖို့ကြိုးစားလာမှာ ဖြစ်တာကြောင့် ပရိသတ်အကြိုက်ပွဲကောင်းတစ်ပွဲဖြစ်လာမှာပါ။ နိုင်ပွဲပျောက်ဆုံးနေတဲ့ အီဘာထက် အနိုင်ရရှိအောင် သေချာပြင်ဆင်လာမယ့် ဟူစကာ အမှတ်ပြည့်ရယူဖွယ်ရှိပါတယ်။

## ဆီဗီလာ VS ဘာစီလိုနာ

ပ_ကျော့ရလဒ် ဘာစီလိုနာ ၁-၁ ဆီဗီလာ

ဆီဗီလာအသင်းက နောက်ဆုံး ၁၁ ပွဲမှာ တစ်ပွဲသာ ရှုံးနိမ့်ထားတာကြောင့် ခြေစွမ်းကျစ်လျစ်နေတာကို သတိပြုရမယ်။ အမှတ်ပေးဇယားမှာ ၂၃ ပွဲကစားပြီး ၄၈ မှတ်နဲ့ အဆင့် (၄) နေရာမှာ ရပ်တည်နေပါတယ်။ ဘာစီလိုနာအသင်းက နောက်ဆုံးသုံးပွဲမှာ တစ်ပွဲရှုံး၊ တစ်ပွဲသရေနဲ့ တစ်ပွဲနိုင်ရရှိထားတာကြောင့် ခြေစွမ်းမတည်ငြိမ်တာကို သတိပြုရမယ်။ အမှတ်ပေးဇယားမှာ ၂၄ ပွဲကစားပြီး ရမှတ် ၅၀ နဲ့ အဆင့် (၃) နေရာမှာ ရပ်တည်နေပါတယ်။ အဆိုပါ နှစ်သင်းကြား ရမှတ်ကွာဟမှုက နှစ်မှတ်သာရှိပြီး အမှတ်ပေးဇယား အဆင့် (၃)နဲ့ (၄) နေရာက အသင်းအချင်းချင်းဆုံတွေ့နေတာကြောင့် ပြိုင်ဆိုင်မှုပြင်းထန်လာဖွယ်ရှိနေပါတယ်။ ဆီဗီလာနဲ့ ဘာစီလိုနာအသင်းတို့အနေနဲ့ ယခုပွဲစဉ်ပြီးရင် မတ် ၄ ရက်တွင် ယှဉ်ပြိုင်ကစားမယ့် ကိုပါဒယ်ရေးဖလားပြိုင်ပွဲတွင်လည်း ထပ်မံတွေ့ဆုံနေပါတယ်။ မည်သို့ပင်ဆိုစေ ဘာစီလိုနာ အသင်းအနေနဲ့ ယခုပွဲစဉ်အနိုင်ရရှိရင် ဦးဆောင်သူ အက်သလက်တီကို မက်ဒရစ်အသင်းနဲ့ ရမှတ်ကွာဟမှုအနည်းငယ်သာရှိတော့မှာဖြစ်တဲ့အတွက် သေချာပြင်ဆင်လာမှာပါ။

## အလာဗက်စ် VS အိုဆာဆူနာ

ပ_ကျော့ရလဒ် အိုဆာဆူနာ ၁-၁ အလာဗက်စ်

အလာဗက်စ်က နောက်ဆုံးနှစ်ပွဲမှာ ဘာစီလိုနာကို ငါးဂိုး-တစ်ဂိုး၊ ဆိုစီဒက်စ်ကို လေးဂိုး-ဂိုးမရှိနဲ့ ဂိုးပြတ်ရှုံးနိမ့်ထားတာကြောင့် ခြေစွမ်းက အားရစရာမရှိပါဘူး။ ပြိုင်ဘက် အိုဆာဆူနာက အီဘာ၊ လီဗန်တေးအသင်းတို့ကို အနိုင်ရရှိထားပေမယ့် နောက်ဆုံးပွဲစဉ်မှာ ဆီဗီလာအသင်းကိုနှစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးနိမ့်ထားတာကြောင့် ခြေစွမ်းတည်ငြိမ်မှုမရှိပါဘူး။ ဒါပေမယ့် အလာဗက်စ်က တန်းဆင်းဇုန်အထက်နားရပ်တည်နေတာကြောင့် ယခုပွဲစဉ်ကို သေချာပေါက် နိုင်ပွဲရအောင် ပြင်ဆင်လာမှာပါ။ အိုဆာဆူနာအသင်းကလည်း မတ် ၇ ရက်မှာ ဘာစီလိုနာအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်တာကြောင့် ယခုပွဲစဉ်ကို နိုင်ပွဲရရှိအောင် ပြင်ဆင်လာမှာပါ။ တန်းဆင်းဇုန်ဖိအားကြောင့် ရုန်းထွက်လာမယ့် အလာဗက်စ်ထက် အမှတ်ပေးဇယားအထက်ပိုင်းကို တက်လှမ်းဖို့ ကြိုးစားလာမယ့် အိုဆာဆူနာရဲ့ ရုန်းအားကို ပိုကြိုက်ပါတယ်။

## ဂီတာဖေး VS ဗလင်စီယာ

ပ_ကျော့ရလဒ် ဗလင်စီယာ ၂-၂ ဂီတာဖေး

ဂီတာဖေးအသင်းရဲ့ ခြေစွမ်းက နောက်ဆုံးလေးပွဲဆက် ရှုံးပွဲကြုံတွေ့ထားတာကြောင့် အားရစရာမရှိပါဘူး။ လာလီဂါ ၂၄ ပွဲကစားပြီးချိန်မှာ ရဂိုးက ၁၇ ဂိုးသာရှိပြီး ပေးဂိုးက ၃၀ အထိ ရှိတာကြောင့် တိုက်စစ်ပိုင်း၊ ခံစစ်ပိုင်းအဆိုးဆုံးစာရင်းထဲမှာ ပါဝင်နေပါတယ်။ ဗလင်စီယာအသင်းက နောက် ဆုံးသုံးပွဲမှာ တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ တစ်ပွဲရှုံးရလဒ်ကြောင့် ခြေစွမ်းမတည်ငြိမ်တာကို သတိပြုရမယ်။ ဒါပေမယ့် ဒီပွဲစဉ်ကို နိုင်ရင် ရမှတ် ၃၀ စုဆောင်းထားနိုင်မှာဖြစ်ပြီး အမှတ်ပေးဇယားအထက်ပိုင်းကို တက်လှမ်းနိုင်မှာဖြစ်တဲ့အတွက် အားစိုက်ကစားလာဖွယ်ရှိနေပါတယ်။ လာလီဂါ ၂၄ ပွဲကစားပြီးချိန်မှာ ရဂိုးက ၃၀ ရှိပြီး ပေးဂိုးက ၃၂ ဂိုးရှိတာကြောင့် အသင်းလိုက် စွမ်းဆောင်ရည်ပိုင်းကောင်းမွန်နေတယ်လို့ ဆိုနိုင်ပါတယ်။ ဒါ့အပြင် ဒီနှစ်သင်းရဲ့ တိုက်စစ်ပိုင်း၊ ခံစစ်ပိုင်းမှာ ဗလင်စီယာအသင်းက သာလွန်နေတာကို အချက်အလက်များအရ တွေ့ရတာကြောင့် ဂီတာဖေး ရှုံးပွဲကြုံတွေ့နိုင်တယ်။

## နောက်ဆုံးရ သတင်းတိုများ



■ ပီအက်စ်ဂျီနှင့် အင်တာမီလန်အသင်းတို့သည် လီဗာပူးအသင်းမှ နယ်သာလန်ကွင်းလယ် ကစားသမား ဝီလ်ဂျေနေဒမ်ကို ယခုနှစ် နွေရာသီတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ ၎င်းသည် လီဗာပူးအသင်းသို့ ၂၀၁၆ ခုနှစ်တွင် ရောက်ရှိလာသူဖြစ်ပြီး အသင်းအတွက် ပြိုင်ပွဲစုံ ၂၁၈ ပွဲကစားထားပြီး ၂၂ ဂိုးသွင်းယူပေးနိုင်သူဖြစ်သည်။ လီဗာပူးအသင်းသည် စာချုပ်သစ်နှင့်ပတ်သက်ပြီး ဝီလ်ဂျေနေဒမ်နှင့်ဆွေးနွေးမှုပြုလုပ်ခဲ့သော်လည်း အောင်မြင်မှုမရရှိခဲ့ကြောင်း သိရသည်။

■ လီဗာပူးအသင်းသည် တိုရီနိုအသင်းမှ ဘရာဇီးဗဟိုခံစစ်ကစားသမား ဘရီမာ (၂၃နှစ်) ကို ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

■ ဘန်လေအသင်းသည် အသင်းမှ အသက် ၂၈ နှစ်အရွယ် အင်္ဂလန်ဂိုးသမား နစ်ခ်ပုတ်အတွက် ပေါင်သန်း ၅၀ အလိုရှိနေကြောင်း သိရသည်။ ၎င်းသည် ယခုနှစ်ရာသီတွင် ဘန်လေအသင်းအတွက် ပရီမီယာလိဂ် ၂၄ ပွဲ ပါဝင်ကစားထားပြီး ကိုးပွဲ ဂိုးမပေးရအောင် စွမ်းဆောင်ထားနိုင်သည့် ဂိုးသမားတစ်ဦးဖြစ်သည်။

■ ဒွေါ့မွန်အသင်းမှ နော်ဝေတိုက်စစ်ကစားသမား ဟာလန်း (၂၀နှစ်)ကို ခေါ်ယူရေးတွင် ချယ်ဆီးအသင်း၏ အဓိကပြိုင်ဘက်မှာ မန်စီးတီးအသင်းဖြစ်လာကြောင်း သိရသည်။

■ မန်ယူအသင်းသည် ဝက်စ်ဟမ်းအသင်းမှ အင်္ဂလန်ကွင်းလယ် ကစားသမား ရိုက်စ် (၂၂နှစ်) ကို ခေါ်ယူရေးတွင် အပြောင်းအရွှေ့ဖြစ်မြောက်လာစေရန်အတွက် အသင်းမှ လင်ဂတ် (၂၈နှစ်)၊ မာတစ် (၃၂နှစ်)နှင့် ဖီးဂျုံးစ် (၂၉နှစ်) တို့ထဲမှ တစ်ဦးဦးဖြင့် ကမ်းလှမ်းရန် စီစဉ်နေကြောင်း သိရသည်။

■ နော့ဝှစ်ချ်အသင်းသည် မန်ယူအသင်းက ခေါ်ယူရန် ပစ်မှတ်ထားသော မက်ဇ်အာရွန်စ်အတွက် ပြောင်းရွှေ့ကြေး ပေါင် ၃၅ သန်း သတ်မှတ်လိုက်ကြောင်း သိရသည်။



မန်ယူအသင်းမှ တွန်ဇဗ်ဘီ ဆိုစီဒက်အသင်းဘက်သို့ ခေါင်းတိုက်ဂိုးသွင်းယူရန် ကြိုးပမ်းစဉ်။

**ယူရိုပါလိဂ် ၃၂ သင်းအဆင့် ဒု_ကျော့ရလဒ်**

| | | |
|---|---|---|
| အာဆင်နယ် | ၃-၂ | ဘင်ဖီကာ |
| ရိန်းဂျား | ၅-၂ | အန့်ဝပ် |
| ဗီလာရီးရဲ | ၂-၁ | ဆောလ်ဘတ် |
| ဟော်ဖန်ဟိန်း | ၀-၂ | မိုလ်ဒီ |
| နာပိုလီ | ၂-၁ | ဂရန်နာဒါ |
| ရှက်တာဒိုးနက် | ၁-၀ | မက္ကာဘီတဲလ်အဗစ် |
| အိုင်းယက်စ် | ၂-၁ | လိုင်လီ |
| ကလပ်ဘရုဂ် | ၀-၁ | ဒိုင်နမိုကိဗ် |
| အေစီမီလန် | ၁-၁ | ဇဗက်ဒါ |
| လက်စတာ | ၀-၂ | စလာဗီယာ ပရာ့ဘ် |
| ရိုးမား | ၃-၁ | ဘရာဂါ |
| ဒိုင်နမိုဇာဂရက် | ၁-၀ | ခရက်စ်နိုဒါ |
| လေဗာကူဆင် | ၀-၂ | ယန်းဘွိုင်းစ် |
| ပီအက်စ်ဗွီ | ၂-၁ | အိုလံပီယာကော့စ် |

# အိမ်ကွင်းမှာ ဂိုးမရှိသရေကျခဲ့သော်လည်း နှစ်ကျော့ပေါင်းရလဒ်ဖြင့် နောက်တစ်ဆင့်တက်ခဲ့တဲ့ မန်ယူ

**ယူအီးအက်ဖ်အေ ယူရိုပါလိဂ် ၃၂ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်အဖြစ် ပရီမီယာလိဂ်ကလပ် မန်ယူအသင်းနှင့် လာလီဂါကလပ် ဆိုစီဒက်အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေကျခဲ့သော်လည်း နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-ဂိုးမရှိဖြင့် မန်ယူအသင်း နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။**

မန်ယူအသင်းသည် ပြီးခဲ့သည့် ပွဲစဉ်တွင် နယူးကာဆယ်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သော လူစာရင်းကို လေးဦးအထိ အပြောင်းအလဲလုပ်ပြီး ဟန်ဒါဆင်၊ ဝမ်ဘစ်ဆာကာ၊ ဘိုင်လီ၊ လင်ဒီလော့ဖ်၊ တဲလပ်စ်၊ ဖရက်၊ မာတစ်၊ ဂရင်းဝုဒ်၊ ဖာနန်ဒက်ဇ်၊ ဂျိမ်းစ်၊ မာရှယ်စသည့် ကစားသမားများဖြင့် ဆိုစီဒက်အသင်းကို ရင်ဆိုင်လာခဲ့သည်။ ဆိုစီဒက်အသင်းကလည်း ရီမီယို၊ မူနေ့ဇ်၊ မီရီနို၊ ဂွီဗာရာ၊ အိုယာဇာဘယ်၊ အီဆတ်ခ်၊ ဂျာနူဇက်စသည့်ကစားသမားများကို အသုံးပြုကာ ပွဲထွက်လာခဲ့သည်။ အနိုင်ရရှိရေးကို ဦးတည်လာသည့် ဆိုစီဒက်အသင်း ကစားပုံကြောင့် ပွဲစသည်နှင့်တစ်ပြိုင်နက် ကြည့်ကောင်းသည့် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ပွဲချိန် ၁၂ မိနစ်တွင် ပယ်နယ်တီဧရိယာ အတွင်း ဂျိမ်းစ်၏ ဖျက်ထုတ်ပုံကြမ်းတမ်းခဲ့သောကြောင့် ပယ်နယ်တီ အပေးခံခဲ့ရသည်။ သို့သော်လည်း အဆိုပါပယ်နယ်တီဂိုးကို ဆိုစီဒက်အသင်းမှ အိုယာဇာဘယ် ဂိုးအဖြစ် ပြောင်းလဲနိုင်ခြင်း မရှိသောကြောင့် မန်ယူအသင်း သက်သာရာရခဲ့သည်။ ပထမပိုင်းပွဲချိန်အတွင်း မန်ယူအသင်း ဂိုးပေါက်ကန်သွင်းမှု အကြိမ်ကြိမ်ရရှိခဲ့သော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်း မရှိခဲ့ပေ။ ပွဲချိန် ၃၅ မိနစ်တွင် ဖာနန်ဒက်ဇ်၏ ဖန်တီးပေးမှုမှတစ်ဆင့် ဂျိမ်းစ် အနီးကပ်ခေါင်းတိုက်ခွင့်ရရှိခဲ့သော်လည်း ဆိုစီဒက် ဂိုးသမားကာကွယ်နိုင်ခဲ့သည်။

ဒုတိယပိုင်းအစတွင် နှစ်သင်းစလုံးကစားကွက်အပြောင်းအလဲလုပ်ကာ လူစားလဲမှုများပြုလုပ်ခဲ့သည်။ သို့သော်လည်း လိုအပ်နေသည့် ဂိုးများကို မြင်တွေ့ခဲ့ရခြင်း မရှိပေ။ ပွဲအပြီးတွင် ဂိုးမရှိသရေလဒ်ဖြင့် ပြီးဆုံးခဲ့သော်လည်း မန်ယူအသင်းက နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-ဂိုးမရှိဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

ယနေ့ပွဲစဉ်တွင် ပါဝင်ကစားခဲ့သော မန်ယူအသင်းမှ ရက်ဖို့ဒ်သည် ယခုနှစ်ရာသီတွင် ပြိုင်ပွဲစုံ ပွဲ ၄၀ ပြည့်မြောက်သည့် ပထမဆုံး ပရီမီယာလိဂ်ကစားသမား ဖြစ်လာခဲ့သည်။ မန်ယူအသင်းသည် လာမည့် ပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် ချယ်ဆီးနှင့် ကစားရမည်ဖြစ်သည်။

■ အောင်ဇော် - စုစည်းသည်

# နှစ်ကျော့ပေါင်းရလဒ်ဖြင့် အာဆင်နယ်အသင်း နောက်တစ်ဆင့်တက်ရောက်

ယူအီးအက်ဖ်အေ ယူရိုပါလိဂ် ၃၂ သင်းအဆင့် ဒုတိယ အကျော့ပွဲစဉ်အဖြစ် ပရီမီယာလိဂ်ကလပ် အာဆင်နယ်အသင်းနှင့် ပေါ်တူဂီကလပ် ဘင်ဖီကာအသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်အသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိပြီး နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-သုံးဂိုးဖြင့် နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ အာဆင်နယ်အသင်းအတွက် ဂိုးများကို အူဘာမီယန်နှင့် တီယာနေတို့က သွင်းယူပေးနိုင်ခဲ့သည်။





အာဆင်နယ်အသင်းက ယနေ့ပွဲစဉ်ကို အဓိကကစားသမားများဖြင့် ပွဲထွက်လာခဲ့သလို ဘင်ဖီကာအသင်းကလည်း ဒဏ်ရာရကစားသမားများကို ချန်လှပ်ကာ အဓိကကစားသမားများဖြင့် အာဆင်နယ်အသင်းကို ရင်ဆိုင်လာခဲ့သည်။ အနိုင်ရရှိရေး နှစ်သင်းစလုံးကြိုးပမ်းသည့်အတွက် ပွဲမှာအပြန်အလှန်သွင်းဂိုးများနှင့်အတူ ပရိသတ်အကြိုက် ပွဲကောင်းတစ်ပွဲဖြစ်ခဲ့သည်။ ယနေ့ပွဲစဉ်အတွက် ဦးဆောင်ဂိုးကို အာဆင်နယ်အသင်းက စတင်ရရှိခဲ့ခြင်းဖြစ်ပြီး ပွဲချိန် ၂၁ မိနစ်တွင် ဆာကာ၏ ဖန်တီးပေးမှုမှတစ်ဆင့် အူဘာမီယန်က သွင်းယူပေးနိုင်ခဲ့သည်။ ဘင်ဖီကာ အသင်းကလည်း ချေပဂိုးရရှိရန် ကြိုးစားလာခဲ့ပြီး ပထမပိုင်းပွဲချိန် ပြီးခါနီးတွင် ဂွန်ကာလပ်စ်က သွင်းယူပေးနိုင်ခဲ့၍ တစ်ဖက်တစ်ဂိုးစီ ဖြစ်ခဲ့သည်။

ဒုတိယပိုင်းတွင် ဘင်ဖီကာအသင်းက ကစားကွက်အပြောင်းအလဲလုပ်ကာ သုံးဦးအထိ လူစားလဲမှုပြုလုပ်ခဲ့သည်။ ပွဲချိန် ၆၁ မိနစ်တွင် ဘင်ဖီကာအသင်းက ဦးဆောင်ဂိုးရရှိခဲ့ပြီး ရာဖာဆေးဗားလ်က သွင်းယူပေးနိုင်ခဲ့သည်။ အာဆင်နယ်အသင်းကလည်း အဆိုပါ ဂိုးကို ပြန်လည်ချေပနိုင်ရန်အတွက် လူစားလဲမှုပြုလုပ်ခဲ့ပြီး ပွဲချိန် ၆၇ မိနစ်တွင် ဝီလီယံ၏ ဖန်တီးပေးမှုတစ်ဆင့် တီယာနေက သွင်းယူပေးနိုင်ခဲ့၍ တစ်ဖက်နှစ်ဂိုးစီ ဖြစ်နေခဲ့သည်။ အာဆင်နယ်အသင်းအတွက် တတိယမြောက်ဂိုးကို အူဘာမီယန်က သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက်နှစ်သင်းစလုံး ဂိုးထပ်မံသွင်းယူနိုင်ခြင်း မရှိသောကြောင့် အာဆင်နယ် အသင်းက နှစ်ကျော့ပေါင်းရလဒ် လေးဂိုး-သုံးဂိုးဖြင့် အနိုင်ရရှိကာ နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။

# ချင်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် ဟားခါးမြို့နယ် အတွင်းရှိ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ တွေ့ဆုံ

**ဟားခါး ဖေဖော်ဝါရီ ၂၆**

ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်နှင့် ဟားခါးမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၂၄ ရက်က ဟားခါးမြို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်တို့က အမှာစကား ပြောကြားပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဗိုလ်မှူးကြီး ဟန်ဝင်းအောင်၊ ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဦးတိုးဝင်း၊ စစ်ဗျူဟာအခြေချ (ဟားခါး) စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး သန့်ဇင်ဦးနှင့် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကျော်ထွေးတို့က ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးနှင့် လက်ရှိအုပ်ချုပ်ရေးအခြေအနေများ၊ ကိုဗစ် - ၁၉ ဆိုင်ရာ စံသတ်မှတ်ချက်၊ လမ်းညွှန်ချက်များကို ရှင်းလင်း ဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများက သိလိုသည်များ မေးမြန်းခြင်းနှင့် ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တင်ပြကြရာ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် သက်ဆိုင်ရာတာဝန်ရှိသူများက တင်ပြချက်များအပေါ် ရှင်းလင်းဆွေးနွေးကာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားသည်။

ယင်းနောက် ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး များအား ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နှင့် အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယ တိုင်းမှူး ဗိုလ်မှူးချုပ်တို့က အခြေခံစားသောက်ကုန် များ ထောက်ပံ့ပေးကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက်
ဒို့ကျေးရွာ ဂျာနယ်
ထွက်ရှိ



၁-၃-၂၀၂၁ ရက်နေ့ထုတ် အတွဲ(၁၈)၊ အမှတ်(၅)တွင်
- နိုင်ငံ့ဝမ်းစာ ပြည့်ရိက္ခာနှင့် တောင်သူဦးကြီးများ
- သရက်သီးတင်အားနှင့် အရည်အသွေးကောင်းစေရန် လိုအပ်သော ပြုစု စောင့်ရှောက်မှုများ
- ပြည်ပဈေးကွက် ပိုမိုရရှိအောင် ကြိုးပမ်းနေသည့် အစေ့ထုတ်ပြောင်း
- နွားမွေးမြူခြင်းနှင့်သားမွေးကာလ စီမံထိန်းချုပ်ခြင်း
- ကိုဗစ်အလွန် အရှိန်အဟုန်မြင့်တင် ဆောင်ရွက်သင့်သော ဆိတ်မွေးမြူရေး အခန်းကဏ္ဍ
- ကလေးအရိုးပျော့ရောဂါ မဖြစ်ပွားစေရန် ဆောင်ရန်၊ ရှောင်ရန်များ
- ပဋိဇီဝဆေးဝါးတချို့ သုံးစွဲခြင်းကြောင့် ယာဉ်မောင်းစဉ် အန္တရာယ်ရှိနိုင်
- အိပ်စက်ခြင်း၏ သဘာဝကို လေ့လာခြင်း အပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေး၊ သုတရသစုံလင်စွာဖြင့် ထွက်ရှိပြီ ဖြစ်ပါသည်။

တစ်စောင် (၂၀၀) ကျပ်
အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။
DKY Journal

လူသားတို့၏ ကျန်းမာရေး
အိုဇုန်းလွှာကို ထိန်းသိမ်းပေး

## အသိပေးကြေညာချက်

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးသန်းဌေး ၉/သစန(နိုင်)၀၀၇၉၁၇၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာ အပ်ပါသည်။

မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ အောင်းနိုင်ကျေးရွာအတွင်းရှိ အောက်ပါပစ္စည်း စာရင်းတွင် ဖော်ပြထားသော မြေဧရိယာစုစုပေါင်း ၂၃ဒသမ၀၂ဧကရှိမြေကွက်နှင့် မြေကွက် ပေါ်ရှိ ယန္တရားလုပ်ငန်းကို ဦးသန်းဌေး ၉/သစန(နိုင်)၀၀၇၉၁၇မှ ပိုင်ဆိုင်ထားပြီး ယင်းမြေ ကွက်နှင့်သက်ဆိုင်သော စာရွက်စာတမ်းများအား အာမခံအပေါင်အဖြစ်ထား၍ လစဉ်အတိုး ၃ ရာခိုင်နှုန်းဖြင့် ဒေါ်နန်းရီရီဝင်း ၁၃/ကမန(နိုင်)၀၅၅၁၂၈ထံမှ ၂၃-၁၁-၂၀၁၇ရက်စွဲပါ နှစ်ဦးသဘောတူယုံကြည်မှုဖြင့် ငွေချေးငှားခြင်းကတိစာချုပ်အရ ငွေကျပ်သိန်း ၆၀၀ ကို ကျွန်ုပ်၏ အမှုသည် ဦးသန်းဌေးမှ ချေးယူခဲ့ပါသည်။ တစ်လလျှင် ၁၈ သိန်းနှုန်းဖြင့် ၁၀ လတိတိ အတိုးငွေပေးအပ်ခဲ့ပါသည်။

၁၉-၃-၂၀၁၉ရက်တွင် ပေးအပ်ရန်ကျန်သော အတိုးခြောက်လစာနှင့် တိုးရင်းပေါင်း ကျပ်သိန်း ၇၀၀ သတ်မှတ်ပြီး ယင်း တိုးရင်းပေါင်းကျပ်သိန်း ၇၀၀ ကို တစ်နှစ်စာ အတိုးကျပ် ၂၅၂ သိန်းကိုပေါင်းလျက် တန်ဖိုးငွေကျပ် ၉၅၂ သိန်းဖြင့် အပေါင်ခံသူ ဒေါ်နန်း ရီရီဝင်း၏ တောင်းဆိုမှုအရ ၁၉-၃-၂၀၁၉ရက်တွင် ဟန်ဆောင်အရောင်းအဝယ်စာချုပ်ကို ချုပ်ဆိုပေးခဲ့ ရပါသည်။

ထိုနေ့ ၁၉-၃-၂၀၁၉ရက်တွင်ပင် မြေနှင့် လုပ်ငန်းအား ပြန်လည်ဝယ်ယူလိုပါက အပိုင် ဝယ်ယူသူ ဒေါ်နန်းရီရီဝင်းမှ အပိုင်ရောင်းသူ (မူလပိုင်ရှင်) ဦးသန်းဌေးထံ ပြန်လည်ရောင်းချ ပေးမည်ဖြစ်ကြောင်း ခြံမြေအရောင်းအဝယ်စာချုပ်ပေါ် နောက်ဆက်တွဲ ကတိစာချုပ်ကို ချုပ်ဆိုခဲ့ပါသည်။

ငွေချေးငှားသူ ဒေါ်နန်းရီရီဝင်းထံမှ ငွေကျပ်သိန်း ၆၀၀ စတင်ချေးငှားစဉ်ကပင် ၂၃-၁၁-၂၀၁၇ ရက်စွဲဖြင့် နှစ်ဦးသဘော တူယုံကြည်မှုဖြင့် ငွေချေးငှားခြင်းကတိစာချုပ်ကို ချုပ်ဆိုပေး ခဲ့ရပါသည်။

ကျွန်ုပ်၏အမှုသည်က ပေးအပ်ခဲ့သော လစဉ်အတိုးငွေဘဏ်စလစ် အထောက်အထား များလည်း လက်ဝယ်ရှိပြီးဖြစ်ပါသည်။ အာမခံအပေါင်အဖြစ် စာရွက်စာတမ်းများသာ ပေးအပ် ထားပြီး ယင်းမြေနှင့်လုပ်ငန်းအား ကျွန်ုပ်အမှုသည်ကသာ ယနေ့အချိန်ထိ လက်ရောက်ရယူ၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပါသည်။

ယင်းမြေနှင့်လုပ်ငန်းများ၏ ကာလတန်ဖိုးပေါက်ဈေးမှာ ကျပ်သိန်းတစ်သောင်းဝန်းကျင် ရှိပြီး အရောင်းအဝယ်စာချုပ် အား ဟန်ပြချုပ်ဆိုခဲ့ခြင်းဖြစ်ပါသည်။

**ပစ္စည်းစာရင်း**

၁။ ကွင်းအမှတ် (၆၈၂)၊ ဦးပိုင်အမှတ် N-၅၇၊ တောင်စွန်းတောင် မြေဧရိယာ ၁ဒသမ၀၇၆ဧက
၂။ ကွင်းအမှတ် (၆၈၂)၊ ဦးပိုင်အမှတ် ၅၈(က)၊ တောင်စွန်းတောင် မြေဧရိယာ ၃ဒသမ ၈၉ဧက
၃။ ကွင်းအမှတ် (၆၈၂)၊ ဦးပိုင်အမှတ် ၈၇(ခ)/၂+၉၀)၊ တောင်စွန်းတောင် မြေဧရိယာ ခြောက်ဧက
၄။ ကွင်းအမှတ် (၆၈၂)၊ ဦးပိုင်အမှတ် N-၃၈၊ တောင်စွန်းတောင် မြေဧရိယာ နှစ်ဧကခန့်
၅။ ကွင်းအမှတ် (၆၈၂)၊ တောင်စွန်းတောင် မြေဧရိယာ ၁ဒသမ ၅၀ဧက
၆။ ကွင်းအမှတ် (၆၈၂)၊ ဦးပိုင်အမှတ် ၆၄၊ တောင်စွန်းတောင် မြေဧရိယာ ၀ဒသမ၃၇ဧက
၇။ ကွင်းအမှတ် (၆၈၂)၊ တောင်စွန်းတောင် မြေဧရိယာ ၇ဒသမ၅ ဧက
၈။ မြေနှင့် မြေထွက်ပစ္စည်းတူးဖော်ထုတ်လုပ်ခွင့်လိုင်စင်တွင် ဦးသန်းဌေးအမည်ဖြင့် ၂၁-၇-၂၀၁၇ရက်စွဲပါ လိုင်စင်

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ မြေကွက်များအား ကျွန်ုပ်၏အမှုသည်ဖြစ်သူ ဦးသန်းဌေး၏ သဘောတူခွင့်ပြုချက်မပါရှိဘဲ မည်သူမျှရောင်းဝယ်ခြင်းမပြုလုပ်ကြပါရန် အသိပေးကြေညာ အပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဖြိုးအောင်မြင့် (LL.B, DML, DBL)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၅၇)
အမှတ်-၂၃၂၊ တတိယထပ်၊ ကျောင်းလမ်း (၁)လမ်း၊
မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊ ဖုန်း-၀၉-၄၅၀၀၂၀၃၀၂

အဆီများ၍ဗိုက်ချပ်လိုသူများ၊ ဝမ်းပျော့ ဝမ်းမှန်လိုသူများအတွက်
သတ္တိမောင်
အမှတ်တံဆိပ်



ရှားစောင်းလက်ပပ် ဝမ်းပျော့ဝမ်းမှန်ဆေး
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်
TMR012605(0320)
တဆဆက စာနယ်ဇင်း ၂၂၃/၀၈၁၈
ပင်ရင်း စုစေတနာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး ၁၄/၁၉၊ မဥ္ဇူလမ်း၊ စက်မှုဇုန်၊ ပုသိမ်မြို့။
ဖုန်း ၀၉ ၄၉၂၃၅၈၀၈၊ ၀၉ ၂၆၁၉၉၃၆၅၃၊ ၀၉ ၄၂၂၄၄၃၈၄၅

သင့် စီးပွားရေး လုပ်ငန်းများ အောင်မြင်ဖို့ မြန်မာ့အလင်း သတင်းစာ တွင် ကြော်ငြာ စို့

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ လှူနေရပ်ကွက် ၁-၁၃ရပ်ကွက်၊ မန္တလေး လမ်းသွယ်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် -၃၇၊ မြေကွက်အမှတ် ၈၅၄ ဟုခေါ်တွင်သော အလျားxအနံ ပေ(၄၀x၆၀)မြေကွက်အား ပါမစ်ပျောက်ဆုံးဖြင့် နှစ် ၆၀ ဂရန်လျှောက်ထားကာ အမည်ပေါက်ပိုင်ရှင်ဖြစ်ပြီး လက်ဝယ်ပိုင်ဆိုင်ထားရှိသူဖြစ်သော ဒေါ်ယဉ်ယဉ်အောင် ၈/ပခက (နိုင်)၁၈၅၈၅၅ထံမှ ဝယ်ယူရန်စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စ ရပ်အား ကန့်ကွက်ရန်ရှိပါက အဆိုပါမြေကွက်၏ ပါမစ်မူရင်းရှိသူများနှင့် အခြားပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းရှိသူများအနေဖြင့် စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာ ပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မော်မော်မြင့် (LL.B, D.B.L, D.I.L)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၄၃၃)
အမှတ် (၄၆/ခ)၊ မြောင်းမြလမ်း၊ (၁၈)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်
ဖုန်း-၀၉-၄၅၀၅၉၈၆၂၄၊ ၀၉-၂၅၃၆၀၀၇၀

## ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့် ၂၁၊ နည်းဥပဒေ -၂၂)

ပြင်ဦးလွင်မြို့နယ်တရားရုံးတော်၌

၂၀၂၀ပြည့်နှစ်၊ တရားမကြီးမှုအမှတ် ၆၀နှင့်ဆက်သွယ်သည့်

၂၀၂၁ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃

| | | |
|---|---|---|
| ဒေါ်စိုးစိုးခိုင် | နှင့် | ဦးတင်ထွန်း |
| ဒီကရီအနိုင်ရသူ | | တရားရှုံး |

ပြင်ဦးလွင်မြို့၊ရပ်ကွက်ကြီး(၈)၊ပဒေသာရပ်၊အကွက်အမှတ်(၄)၊ဏ-၃၅နေ တရားရှုံး ဦးတင်ထွန်း(ယခုနေရပ်လိပ်စာမ သိ) သိစေရမည်။

ပြင်ဦးလွင်မြို့နယ်တရားရုံး၏ ၂၀၂၀ပြည့်နှစ် တရားမကြီးမှုအမှတ် ၆၀တွင်ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်စေရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်စိုးစိုးခိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ် ဖြစ်စေ ၂၀၂၁ခုနှစ်၊ မတ် ၁၅ရက်(၁၃၈၂ခုနှစ်၊တပေါင်းလဆန်း ၃ရက်)မွန်းမတည့်မီ ၁၀နာရီအရောက် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီ ၂၃ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးထုတ်ပေးလိုက်သည်။

(နွယ်နွယ်စိုး)
မြို့နယ်တရားသူကြီး
ပြင်ဦးလွင်မြို့နယ်တရားရုံး

## ၁၄-၂-၂၀၂၁ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာတွင် ဖော်ပြထားသော တရားလွှတ်တော်ရှေ့နေ ဦးသိန်းရွှေ၏ ကြေညာချက်အပေါ် ကန့်ကွက်ပါကြောင်း အသိပေးကြေညာခြင်း

ကျွန်ုပ်၏အမှုသည် ဦးသန်းဌေး ၉/သစန(နိုင်)၀၀၇၉၁၇ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကန့်ကွက်ကြောင်း အသိပေးကြေညာအပ်ပါသည်။

မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ အောင်းနိုင်ကျေးရွာ၊ ကွင်းအမှတ်(၆၈၂)၊ ကွင်းအမည် တောင်စွန်း တောင်၊ ဦးပိုင်မြေကွက်အမှတ် ၅၈/က၊ အကျယ်အဝန်း ၃ဒသမ ၈၉ ဧကရှိ ဦးစံမြင့် အမည်ပေါက် ပုံစံ (၇)ကျပြီး မြေကွက်နှင့် မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၊ အောင်းနိုင်ကျေးရွာ၊ ကွင်းအမှတ် (၆၈၂)၊ ကွင်းအမည်- တောင်စွန်းတောင်၊ ဦးပိုင်မြေကွက်အမှတ် က-၅၇၊ အကျယ်အဝန်း ၁ဒသမ ၇၆ ဧကရှိ ဦးသန်းဌေး အမည်ပေါက် ပုံစံ (၇)ကျပြီး မြေကွက်တို့အား ဦးသိန်းနိုင် ၁၄/မအန (နိုင်) ၀၀၆၀၈၀ နှင့် ဒေါ်စုမြအေး ၁၀/ သထန(နိုင်)၁၄၀၀၅၁ တို့က ဒေါ်နန်းရီရီဝင်း ထံမှ ဝယ်ယူရန် အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထား ကြောင်းနှင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း ကြေညာချက်တွင် တွေ့ရှိရပါသည်။

အဆိုပါ မြေကွက်သည် ကျွန်ုပ်၏အမှုသည် ဦးသန်းဌေးက ဒေါ်နန်းရီရီဝင်းထံမှ ငွေချေးငှားခြင်းအတွက် အာမခံအနေဖြင့် ပိုင်ဆိုင်မှုစာရွက်စာတမ်းများပေးအပ်ထား ပြီး ဟန်ဆောင်အရောင်းအဝယ်စာချုပ်ကို ချုပ်ဆိုခဲ့ခြင်း ဖြစ်ပါသည်။ ယခုလက်ရှိ အချိန်အထိ ကျွန်ုပ်၏အမှုသည်က လက်ရောက်ရယူ၍ ကျောက်ထုတ်လုပ်ငန်းနှင့် ယင်းနှင့်ဆက်စပ်သောလုပ်ငန်းများအား လုပ်ကိုင်လျက်ရှိပါသည်။

ဒေါ်နန်းရီရီဝင်းအား မည်သည့်အချိန်ကမျှ လက်ရောက်ပေးအပ်ခဲ့ခြင်းမရှိပါ။ ဒေါ်နန်းရီရီဝင်း ထံသို့(၃)ရာခိုင်နှုန်းအတိုးဖြင့် ငွေချေးငှားခဲ့ပြီး ကျွန်ုပ်အမှုသည်က အတိုးပေးအပ်ထားသော အထောက်အထား စာရွက်စာတမ်းများနှင့်တကွ ၂၃-၁၁-၂၀၁၇ ရက်စွဲပါ ယုံကြည်မှုဖြင့် ငွေချေးငှားခြင်းစာချုပ် ၁၉-၃-၂၀၁၉ရက်စွဲပါ ခြံမြေ အပြီးအပိုင် အရောင်းအဝယ်စာချုပ်(ဟန်ဆောင်စာချုပ်) ၁၉-၃-၂၀၁၉ ရက်စွဲဖြင့်ပင် ထပ်မံချုပ်ဆိုထားသော ပြန်လည်ဝယ်ယူလိုပါက အပိုင်ဝယ်ယူသူ ဒေါ်နန်းရီရီဝင်းမှ အပိုင်ရောင်းချသူ ဦးသန်းဌေးထံ ပြန်လည်ရောင်းချပေးမည်ဖြစ်ကြောင်း ဝန်ခံကတိ ပြုထားသည့် ခြံမြေအရောင်းအဝယ်စာချုပ်အပေါ် နောက်ဆက်တွဲ ကတိစာချုပ် စသည့် အထောက်အထားအသီးသီးတို့ ကျွန်ုပ်အမှုသည် လက်ဝယ်တွင်ရှိနေပြီး ဖြစ်ပါ သည်။

သို့ဖြစ်ပါ၍ ၁၄-၂-၂၀၂၁ ရက်စွဲပါ တရားလွှတ်တော်ရှေ့နေ ဦးသိန်းရွှေ၏ ကန့်ကွက်နိုင်ပါကြောင်း သတင်းစာကြော်ငြာပါ အထက်ဖော်ပြပါ မြေကွက်များ၏ အရောင်းအဝယ်ကို ကန့်ကွက်ပါကြောင်းနှင့် ဝယ်ယူသူနှင့်တကွ အများပြည်သူ သိရှိစေရန် အလို့ငှာ အသိပေး အကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဖြိုးအောင်မြင့် (LL.B, DML, DBL)
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၀၇၅၇)
အမှတ်-၂၃၂၊ တတိယထပ်၊ ကျောင်းလမ်း (၁)လမ်း၊
မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ်၊
ဖုန်း-၀၉-၄၅၀၀၂၀၃၀၂

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၉/အေ)၊ သစ္စာ(၇)လမ်း၊ မြေကွက်အမှတ်(၂၆၉)၊ အကျယ်အဝန်း(၄၀ပေ × ၆၀ပေ) ရှိ ဒေါ်မူမူအောင် (၁၂/ရကန (နိုင်)၀၁၄၀၇၇)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးသန်းဝင်းမောင် (၉/တသန(နိုင်)၀၉၈၀၁၇) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ် အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန် ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးထိန်လင်းသန်း |
| LL.B, D.B.L, D.I.L., | LL.B, D.B.L, D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) |
| Hein Htet San Law Firm | ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅ |

အမှတ်(၁၅)၊ ပထမထပ်၊ သံသုမာလမ်း(ရတနာလမ်းဆုံ)၊ (၁၄) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

စာ အုပ် စာ ပေ လူ့ မိတ် ဆွေ

## ဦးကောက်ရ(ခ)ဦးထွန်း
### မြန်မာနိုင်ငံပလတ်စတစ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ
### အသက် (၇၁)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အမှတ် (၁၁)နေ ဦးစိုးမိုးထွန်း၊ ဦးနေမျိုးထွန်း၊ ဒေါ်မေရီထွန်း၊ ကိုကျော်မိုးထွန်း တို့၏ဖခင်၊ ဒေါ်ခင်လေးရီ၏ခင်ပွန်းသည် ၂၆-၂-၂၀၂၂ရက် နံနက် ၇:၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း

ဇန်းမော်မြို့၊ နောင်ခိုရပ်ကွက်၊ အကွက်အမှတ် ၁၆၇၊ ဦးပိုင် ၂၅၄၊ ဝဒသမ ၃၅၁ဧကရှိမြေကွက်ကို ဒေါ်နွဲ့မာချစ် ၁/ရကန (နိုင်)၀၃၂၀၅၂သည် လွန်ခဲ့သော ၁၅ နှစ်မှစတင်၍ ပိုင်ဆိုင်အသုံးပြုခဲ့ပြီး ဒေါ်နွဲ့မာချစ်၏အမည်ဖြင့် မြေငှားဂရန်သစ် လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်နွဲ့မာချစ်**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး
## ဦးလှသိန်း (ဟင်္သာတမြို့)
### တာမွေမြို့နယ်၊ တိုင်းဒေသကြီး (၁)၊ လွှတ်တော်ကိုယ်စားလှယ်
### အသက် (၇၀)

(ဦးအောင်တင်-ဒေါ်မယ်ပန်)တို့၏သား၊ (ဦးကျော်ဗလ-ဒေါ်ခင်နွဲ့)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ တာမွေကြီး (ခ)ရပ်ကွက်၊ ၁၆၆ လမ်း၊ အမှတ် (၄၁)နေ ဒေါ်တင်တင်ဦး၏ခင်ပွန်း၊ ဦးစိုးဝင်း-ဒေါ်ဝင်းသန္တာနိုင်၊ ဦးဝင်းနိုင်-ဒေါ်အိအိဖြိုး၊ ဦးကျော်မျိုးနိုင်-ဒေါ်မြတ်သစ္စာခိုင်တို့၏ဖခင်၊ မခင်မြတ်နိုး၊ မောင်မြတ်မင်းခန့်တို့၏ဘိုးဘိုးကြီးသည် ၂၅-၂-၂၀၂၂ရက် (ကြာသပတေးနေ့) နံနက် ၁၁:၅၅နာရီတွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၃-၃-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါတာမွေမြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးခင်မောင်ဦး
### (ပိန်းဇလုပ်)
### အသက် (၇၅)နှစ်

ပိန်းဇလုပ်မြို့နယ်၊ ဦးမောင်မောင်-ဒေါ်စိန်မွှေးတို့၏သား၊ ဦးကျော်မြင့်ဦး-ဒေါ်ကြည်ကြည်ထွန်း၊ ဒုတိယဗိုလ်မှူးကြီးသီဟသူရကျော်ညွှန့်-ဒေါ်ခင်ခင်ဦး တို့၏ ညီ/မောင်၊ ဦးဝင်းမြင့်ဦး၏ အစ်ကို၊ ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၂၉)ရပ်ကွက်၊ တောင်ထိပ်ပန်းလမ်း၊ အမှတ်(၂၅၂)နေ ဒေါ်မာရီးတာ၏ခင်ပွန်း၊ (ဦးမောင်မောင်ဝင်း)-ဒေါ်အေးအေးဦး၊ ဦးနေလင်းဦး-ဒေါ်ရီရီစိုး၊ ဦးကိုကိုအောင်-ဒေါ်လွင်မာဦးတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ ဒေါက်တာသီဟဝင်း၊ မောင်ဝေယံတို့၏ အဘိုးဖြစ်သူ ဦးခင်မောင်ဦး (ကောင်းစုစံသာ အထွေထွေဝန်ဆောင်မှု ကုမ္ပဏီလီမိတက်)သည် ၂၅-၂-၂၀၂၂ ရက် ညနေ ၆:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၂၂ ရက် မွန်းလွဲ ၂:၀၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။

**နေအိမ်မှကားများ မွန်းလွဲ ၁:၀၀ နာရီတွင် ထွက်ခွာပါမည်။**

**ကျန်ရစ်သူမိသားစု**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၂-၂၀၂၂ရက် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ (၃၀)တွင် ပါရှိသော အစုရှယ်ယာလွှော့ချကြောင်း ကြော်ငြာတွင် သိန်း (၁၀၀)အစား (၁၀) သိန်းဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံးရပ်ကွက်၊ အကွက်အမှတ် (၈-၁၉)၊ ဦးပိုင်အမှတ် (၁၈၂)၊ ၅၄လမ်း၊ နှင်းဆီလမ်းနှင့် မြတ်လေးလမ်းကြားရှိ တိုင်းသမအသင်းစုအရောင်းဆိုင်အမည်ပေါက် တောဂရန်မြေကွက်အား မန္တလေးတိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၄၇၀၈/၂၀၂၀)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်ခင်လှိုင် ၉/နထက(နိုင်) ၀၀၉၈၄၉က မြေချထားမိန့်၊ ငွေသွင်းပြေစာမူရင်းပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်၊ တောဂရန်တို့နှင့်အတူ အမှုတွဲအမှတ်-၁၈၆၈/၂၀၂၀-၂၀၂၁ ဖြင့် တောမှ မြို့ပြောင်း၊အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## ကချင်ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ မြစ်ကြီးနားမြို့
## အိတ်ဖွင့်တင်ဒါ နောက်ဆုံးတင်သွင်းရမည့်ရက်ပြင်ဆင်ခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ကချင်ပြည်နယ် ညွှန်ကြားရေးမှူးရုံးမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်း ရန်ပုံငွေဖြင့် မြစ်ကြီးနားမြို့တွင် ကချင်ပြည်နယ်ညွှန်ကြားရေးမှူးရုံး (၂)ထပ်ရုံးနှင့် သံပန်း-အုပ်စီ ခြံစည်းရိုး (၂၄၀)ပေ တည်ဆောက်နိုင်ရေးအတွက် ၁၆-၁-၂၀၂၂ ရက်ထုတ်ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာတွင် အိတ်ဖွင့်တင်ဒါခေါ်ယူခဲ့ရာ တင်ဒါနောက်ဆုံးတင်သွင်းရမည့် ၁၉-၂-၂၀၂၂ ရက်အစား ၅-၃-၂၀၂၂ ရက် (သောကြာနေ့) ၁၆:၀၀ နာရီအထိ နောက်ဆုံးတင်ဒါ တင်သွင်းရမည့်ရက်အား တိုးမြှင့်လိုက်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

၂။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များအား သိရှိလိုပါက ပြည်နယ်ညွှန်ကြားရေးမှူးရုံး၊ ဖုန်း-၀၇၄-၂၅၂၉၂၆၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ ကွင်း/အကွက်အမှတ် နှင့်အမည် (၁၆က/၈)၊ ဦးပိုင်အမှတ်(၁၅၆)၊ မြေဧရိယာ ဝဒသမ၀၅၅ ဧကရှိ မြေကွက် အား မူလက ဦးအောင်ဝင်းအမည်ဖြင့် အမှုတွဲအမှတ် ၃၂၃(၃)/(၂၀၀၈-၂၀၀၉)အရ ၂၀-၁၀-၂၀၁၈ ရက်အထိ (၁၀)နှစ်ဂရန် ရရှိထားပါသည်။ ထို့နောက် မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်ဌာန၏ ၁၉-၅-၂၀၂၀ ရက်စွဲပါ စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၁၁၉/၂၀၂၀) ဖြင့် ဒေါ်မာလာ(ခ)ဖန်ရှောမွေ (ဦးအောင်ဝင်း၏ အထွေထွေကိုယ်စားလှယ်ရရှိသူ)မှ ဒေါ်တင်နွယ်ဝင်းထံသို့ တရားဝင်စာချုပ်စာတမ်းဖြင့် ရောင်းချခဲ့ပါသည်။ ယခုလက်ရှိ ဝယ်ယူပိုင်ဆိုင်သူ ဒေါ်တင်နွယ်ဝင်း ၁/မကန (နိုင်)၁၅၀၂၉၈ အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့**

## အများသိစေရန် ပြန်လည်ကြေညာခြင်း

ကျွန်ုပ်၏အမှုသည် မန္တလေးမြို့၊အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ ကွင်းအမှတ်(၂၀)၊ ဦးပိုင်(၄၀/၁)မြေပေါ်တွင် မြောက်ဘက်ခြမ်း၏ အရှေ့အနောက် (၅၅)ပေ၊ တောင်မြောက်(၁၂)ပေ၊(၅)လွှာအဆောက်အဦ၏ မြေညီထပ်နှင့် ပထမထပ်တို့တွင် နေထိုင်လျက်ရှိသော လက်ရှိပိုင်ဆိုင်သူ ကွယ်လွန်သူ ဆရာ ဦးသန်းမောင်၏ ဇနီး စဟီဒါဘီဘီ(ခ)ဒေါ်မြမြဝင်း(ဘ) အမိန့်ရှူးရာမန်၏ လွှဲအပ်ညွှန်ကြားချက်အရ လူကြီးမင်း ဦးကျော်မျိုးသူ ၉/မအမ(နိုင်)၀၁၀၉၇၉နှင့် ဦးသန်း(LL.B)တရားလွှတ်တော်ရှေ့နေတို့၏ ၂-၂-၂၀၂၂ ရက်စွဲပါ မန္တလေးနေ့စဉ်သတင်းစာပါ အများသိစေရန်ကြေညာခြင်းခေါင်းစဉ်ဖြင့် ထုတ်ပြန်ခဲ့သော ကြေညာချက်အပေါ် အောက်ပါအတိုင်း ဖော်ပြလျက် အများသိစေရန် ပြန်လည်၍ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဒေါ်မြမြဝင်းသည် ကွယ်လွန်သူ ဆရာ ဦးသန်းမောင်၏ တရားဝင်ဇနီးဖြစ်ပြီး ယင်း ဒေါ်မြမြဝင်းနှင့်အတူ မန္တလေးမြို့ရှိ အထက်ဖော်ပြပါ နေအိမ်(၅)လွှာတိုက်ခန်း၌ ပေါင်းသင်းနေထိုင်စဉ် ဆရာဦးသန်းမောင်သည် ကွယ်လွန်ခဲ့ခြင်းဖြစ်ကြောင်းလည်းသိရပါသည်။

လူကြီးမင်း ဦးကျော်မျိုးသူသည် ဒေါ်မြမြဝင်း၏ခင်ပွန်း ဦးသန်းမောင်၏ သားမဟုတ်ပါ။ လူကြီးမင်း ဦးကျော်မျိုးသူ၏ ဖခင်မှာ ဆရာ ဦးသန်းမောင်၏ ညီအရင်းတော်စပ်သူ ဦးမောင်ခင်၏သားဖြစ်၍ လူကြီးမင်းမှာ ကျွန်ုပ်အမှုသည်၏ ခင်ပွန်း ဆရာဦးသန်းမောင်၏ တူတော်စပ်သူသာ ဖြစ်ကြောင်းလည်း သိရပါသည်။

လူကြီးမင်း ဦးကျော်မျိုးသူအား ခင်ပွန်းဖြစ်သူ ဆရာဦးသန်းမောင်က တူအရင်းတစ်ယောက်ဖြစ်၍သာ ကြံခင်းမြို့နယ်တွင် မိခင်နှင့်အတူနေသည့် လူကြီးမင်း ဦးကျော်မျိုးသူကို ခေါ်ယူကာ တူတစ်ယောက်အနေဖြင့် ကျွေးမွေးစောင့်ရှောက်ကူညီခဲ့ခြင်းသာ ဖြစ်ပါသည်။

ထို့ကြောင့် လူကြီးမင်းသည် ကွယ်လွန်သူ ဦးသန်းမောင်နှင့် ဇနီး စဟီဒါဘီဘီ (ခ) ဒေါ်မြမြဝင်းတို့ လက်ရှိနေထိုင်ပိုင်ဆိုင် သည့် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ဥပုသ်တော်ရပ်ကွက်၊ ကွင်းအမှတ်(၂၀)၊ဦးပိုင်(၄၀/၁)ဘိုးဘွားပိုင်(၂၅x၅၅)ပေ အကျယ်အဝန်းရှိ မြေကွက်၏ မြောက်ဘက်ခြမ်း၏အရှေ့အနောက် ၅၅ ပေ၊ တောင်မြောက် ၁၂ ပေ ပေါ်တွင် ဆောက်လုပ်ထားသည့် (၅)လွှာအဆောက်အဦ၏ မြေညီထပ်နှင့် ပထမထပ်မှာ ခင်ပွန်းဖြစ်သူ ဦးသန်းမောင်နှင့် စဟီဒါဘီဘီ(ခ) ဒေါ်မြမြဝင်းတို့အမည်ပေါက် လက်ရှိနေထိုင်ပိုင်ဆိုင်လျက်ရှိသော နေအိမ်ဝင်းမြေသာ ဖြစ်ပါသည်။

ကွယ်လွန်သူ ဦးသန်းမောင်မှာ ၎င်းမကွယ်လွန်မီက ပထမဇနီး ဒေါ်လှမြင့်နှင့် အိမ်ထောင်ကျခဲ့ရာ သားသမီးတစ်ဦးမျှ မထွန်းကားခဲ့ကြောင်းလည်း သိရပါသည်။ ဒေါ်လှမြင့် ကွယ်လွန်ပြီးနောက်မှ ကျွန်ုပ်အမှုသည် စဟီဒါဘီဘီ(ခ)ဒေါ်မြမြဝင်းနှင့် ဆရာ ဦးသန်းမောင်တို့ အိမ်ထောင်ကျပြီးနောက်ပိုင်းမှနှစ်ဦးအတူနေလုပ်ကိုင်ရာ အဆိုပါနေအိမ်ဝင်းမြေနှင့် (AD.Van,FF/1307)မော်တော်ယာဉ်တို့ တိုးပွားဖြစ်ထွန်းလာခြင်းဖြစ်ရာ ယခုအချိန်တွင် ယင်းပစ္စည်းများသည် ကျန်ရစ်သူဇနီးဖြစ်သည့် စဟီဒါဘီဘီ(ခ)ဒေါ်မြမြဝင်း သာလျှင် တစ်ဦးတည်းလက်ရှိ ဆက်ခံပိုင်ဆိုင်သူသာ ဖြစ်ပါသည်။ အဆိုပါနေအိမ်ဝင်းမြေနှင့် မော်တော်ယာဉ်မှာ လူကြီးမင်း ဦးကျော်မျိုးသူနှင့် လုံးဝပတ်သက်ခြင်း၊ သက်ဆိုင်ခြင်းမျိုး မရှိပါကြောင်း သိရပါသည်။

လူကြီးမင်း ဦးကျော်မျိုးသူသည် ကွယ်လွန်သူ ခင်ပွန်း ဦးသန်းမောင်နှင့် ဒေါ်လှမြင့်တို့၏ သားအရင်းဖြစ်သည်ဟု ဖော်ပြ၍ လူကြီးမင်း၏ အများသိစေရန် ကြော်ငြာတွင်ထည့်သွင်းဖော်ပြခြင်းသည် မှန်ကန်မှုမရှိဘဲ မမှန်မကန်ဖော်ပြ ကြော်ငြာထားခြင်းသာဖြစ်သောကြောင့် လူကြီးမင်းတို့၏ ယင်းသို့ ကြော်ငြာခြင်းသည် မူလကတည်းက ပျက်ပြယ်နေသော ကြော်ငြာဖြစ်ပါသည်။

သို့ဖြစ်၍ လူကြီးမင်း၏ ကြော်ငြာအရ ကျွန်ုပ်အမှုသည် စဟီဒါဘီဘီ(ခ) ဒေါ်မြမြဝင်းအပေါ်တွင် လည်းကောင်း၊ ၎င်းပိုင်သည့် နေအိမ်ဝင်းမြေနှင့် ကားတို့အပေါ်တွင် လည်းကောင်း ထိပါးနှောင့်ယှက်လာပါက လူကြီးမင်း ဦးကျော်မျိုးသူအပေါ် ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း လူကြီးမင်းတို့ သိစေရန် ပြန်လည်ကြေညာအပ်ပါသည်။

| | |
|---|---|
| | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **စဟီဒါဘီဘီ(ခ)ဒေါ်မြမြဝင်း** | **ဦးဝင်းမြင့် LL.B** |
| **၁၃/နမန(နိုင်)၀၂၉၀၈၁** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၄၂၄၆/၁၉၈၇)** |
| **(လွှဲအပ်ညွှန်ကြားသူ)** | **ရန်ကုန်-မန္တလေးလမ်း၊အနောက်ဘက်၊** |
| | **မြို့ဟောင်းယာဒ်ဝင်း၊** |
| | **ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့** |
| | **ဖုန်း-၀၉-၉၇၇၁၈၆၁၇၃** |

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံး ကိုဒ့်ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)
### ပူတာအိုခရိုင်တရားရုံးတော်၌
### ၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - (၁)

| | | |
|---|---|---|
| ဦးဆောင်ညွှန်ကြားရေးမှူး | **နှင့်** | ထင်ပေါ်ကျော်ကြားသော |
| အမှတ်(၂)သတ္တုတွင်း | | သတ္တုတူးဖော်ရေးကုမ္ပဏီ |
| သယံဇာတနှင့် သဘာဝ | | ၁။ ဦးထွန်းလင်း |
| ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ | | ၂။ ဦးဗရင်းဗဟာဒူး |
| နေပြည်တော်(၎င်း၏ကိုယ်စား | | ၃။ ဦးဒူရ်ကာဗဟာဒူး |
| ဦးကျော်နိုင်လင်း | | ၄။ ဦးနာရ်ရေးဘာဘူ(ခ) |
| လက်ထောက်မန်နေဂျာ) | | အောင်ထွန်းလင်း |
| | | ၅။ ဦးဘူဒိဒါန် |
| **တရားလို** | | **တရားပြိုင်များ** |

အထက်ပုံစံပါ တရားပြိုင်(၅)ဦးအနက်-

၁။ မိုးကုတ်မြို့၊မက်ကင်လမ်း မြို့မရပ်ကွက်၊ အမှတ်(၃၂)နေ ဦးထွန်းလင်း (ယခုနေရပ်လိပ်စာမသိ)

၂။ မိုးကုတ်မြို့၊ အမှတ်(၁-အေ/၃၈)၊ပေးဆော်(၁)လမ်း၊ဆော်လင်းဝင်းအုပ်စုနေ ဦးဒူရ်ကာဗဟာဒူး(ယခုနေရပ်လိပ်စာမသိ)

၃။ မန္တလေးမြို့၊အောင်မြေသာစံမြို့နယ်၊ ပြည်ကွန်ချမ်းသာရပ်ကွက်၊ အမှတ်(၇၈)၊ အကွက်(၅၂)၊(၁၂လမ်းx၁၃လမ်း နှင့် ၈၁ လမ်းx၈၂ လမ်းကြား)နေ ဦးနာရ်ရေးဘာဘူ(ခ)ဦးအောင်ထွန်းလင်း (ယခုနေရပ်လိပ်စာမသိ)တို့ (၃)ဦး သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ရွှေကြေးကျန် ၁၆.၈၈ ကျပ်သား (သို့)ကာလတန်ဖိုးငွေ ၁၉၉၄၅၄၀၈/- ကျပ် ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၂ ခုနှစ် မတ်လ ၃၀ ရက် (၁၃၈၂ခုနှစ် တပေါင်းလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီတွင် အထက်က အမည်ရေးသားပါရှိသူ တရားစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဖော်ခါး)**
**ခရိုင်တရားသူကြီး**
**ပူတာအိုခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ကြောင်းအသိပေးကြော်ငြာခြင်း

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ သရက်မြို့နယ်၊ ကိုးပင်ကျေးရွာအုပ်စု၊ အကောက်တဲရပ်၊ ဦးပိုင်အမှတ်(၇၄၊၇၅၊ ၇၆၊၇၇)၊ မြေကွက်အမှတ်(၇၈၊ ၇၉၊၈၀၊ ၈၁)၊ မြေဧရိယာ (၀ဒသမ ၂၇၆)ဧကရှိ မြေနေရာအား အကောက်တဲရပ်နေ ဒေါ်ကြည်လေး ၈/သရန(နိုင်)၀၀၃၉၈၇မှ လူနေထိုင်ရန်အတွက် မြေငှားဂရန် လျှောက်ထားလာမှုအရ အဆိုပါမြေနေရာနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ထည့်သွင်းသည့်ရက်မှ ရက်ပေါင်း(၃၀)အတွင်း အထောက်အထားခိုင်လုံစွာဖြင့် သရက်မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ကန့်ကွက်လွှာတင်သွင်းနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊**
**သရက်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၇/ဘိုးတော်ဘုရားရပ်)၊ ဦးပိုင်အမှတ် (၃၂-က/၁)၊ ဧရိယာ ဝဒသမ၀၆၇ဧကရှိ ဦးမြဝင်း၊ ဒေါ်ခင်လှိုင် အမည်ပေါက် နှစ် ၃၀ မြေငှားစာချုပ် မြေကွက်ကို ဒေါ်ခင်လေးနွယ် (ဘ) ဦးမြဝင်း ၉/တကန(နိုင်)၁၃၆၈၉၃ နှင့် မှတ်ပုံတင်ပေးကမ်းခြင်းစာချုပ် ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာ တင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပုဗ္ဗသီရိမြို့၊ ညောင်ပင်ကြီးစုကွက်သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ မြေကွက်အမှတ် (ပ-၁၁၈)၊ ဦးလှမင်းငွေ (ဘ) ဦးအောင်ငြိမ်း ၉/ပမန (နိုင်)၁၉၂၁၃၂ အမည်ပေါက် ပါမစ်မြေကွက်ကို ဦးစည်သူကျော် (ဘ)ဦးကျော်ငြိမ်း ၇/ကဝန (နိုင်)၁၀၃၄၇၈မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

**သွေးသည်အသက်**

## ဒေါ်ခင်ခင်နွယ်
### အသက်(၆၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ပေါက်တောရပ်ကွက်၊ လှိုင်မြစ်လမ်း၊ အိမ်အမှတ်(၄၅)နေ (ဦးဘိုးစိုး-ဒေါ်ညိမ်းအေး)တို့မြေး၊ (ဦးစံရင်-ဒေါ်ကျော့ရှင်)တို့၏ သမီးထွေး၊ (ဒေါ်တင်တင်)၏ ကိတ္တိမသမီး၊ ဦးခင်မောင်-(ဒေါ်ခင်သန်းလေး)၊ (ဦးသန်းဆင့်-ဒေါ်ရီရီလှဲ့)တို့၏ညီမ၊ ဒေါ်ယဉ်မင်းသူ၊ ဦးဝဏ္ဏမောင်-ဒေါ်စန်းစန်းအေး၊ (ဦးအာကာထွန်း)၊ ဦးမျိုးအောင်-ဒေါ်နွန်ဖြူထွန်းတို့၏အဒေါ်ဖြစ်သူ ဒေါ်ခင်ခင်နွယ်သည် ၂၁-၂-၂၀၂၂ရက် နံနက်၁၂နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

**ကျန်ရစ်သူမိသားစု**

### ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးဘော်ဘော်သိန်း
### အသက်(၆၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊(၉)ရပ်ကွက်၊ ဇာနည်(၁၄)လမ်းအထက်၊ အမှတ်(၃၆၈/က)နေ ဦးကျင်သိန်း-(ဒေါ်မြင့်မြင့်)တို့၏သား၊ (ဦးအောင်ဇင်-ဒေါ်စိန်ထွေး)တို့၏သားသမက်၊ ဒေါ်လှတင်၏ချစ်လှစွာသောခင်ပွန်း၊ ကိုမင်းကျော်သိုက်-မသဲသိမ့်သိမ့်သူ၏ဖခင်၊ ဦးဥတ္တမ(သဘာဝတရားရိပ်သာ၊ သန်လျင်)၏ညီ၊ မောင်မြင့်သိန်း-နော်ဆာဖော၊ မသင်းသင်းမော်တို့၏ချစ်လှစွာသောအစ်ကို၊ တူ၊ တူမလေးယောက်တို့၏ဦးလေးသည် ၂၅-၂-၂၀၂၂ရက်(ကြာသပတေးနေ့) ညနေ၃:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၂-၂၀၂၂ရက်(စနေနေ့) နံနက်၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီး မိတ်ဆွေသင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

**နေအိမ်မှကားများ နံနက်၁၀နာရီတွင် ထွက်ပါမည်။**

**ကျန်ရစ်သူမိသားစု**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကြည့်မြင်တိုင်အရှေ့၊ မြေတိုင်းရပ်ကွက် (၂၉ /စီ-၁)၊ မြေကွက်အမှတ်(၄/ခ)၊ဧရိယာ ၀ ဒသမ ၃၂၁ဧက(စက္ကူတာ မြေ-အမျိုးအစား) ရန်ကုန်မြို့၊ ပြည်လမ်း၊အမှတ် (၂၄၂/၄)နေ ဒေါ်ကျင်နု+၄ အမည်ပေါက် မြေအနက်မှ မြေအကျယ်ဧရိယာ ၀ ဒသမ ၆၅ရှိ အမှတ်(၂၃/၂၅)၊ရတနာလမ်း၊ မြေနီကုန်းတောင်ရပ်ကွက်မြေနေရာအား အမည်ပေါက် ဒေါ်ကျင်နု၏မြေး အရင်းဖြစ်သူ ဒေါ်ခင်သန်းဝေ ၁၂/ကမရ(နိုင်)၀၆၃၁၃၃(ဘ)ဦးသန်းလွင်သည် ရန်ကုန်အနောက်ပိုင်းခရိုင် တရားရုံး၏ အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ- ၂၁၈အရ အမွေထိန်းလက်မှတ်စာအား တရားဝင်ခွင့်ပြု ရရှိပြီးဖြစ်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလျက်ရောင်းချခဲ့ခြင်းအပေါ် ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေနှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီပြီးဆုံး သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲဝင့်နောင်(LL.B)**
**အထက်တန်းရှေ့နေ**
**ရှေ့နေများရုံးခန်း၊ စုပေါင်းရုံးကြီး၊ အင်းစိန်မြို့နယ်၊ဖုန်း-၀၉-၅၀၇၁၄၃၁**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ မင်းခေါင် ၁လမ်း၊ မြေကွက်အမှတ် (၃၂၆/က)၊ အလျား ၂၀ပေ x အနံ ၆၀ပေ အကျယ်အဝန်းရှိ ဒေါ်ကြင်သန်း ၁၂/ဥကတ(နိုင်)၀၅၁၇၄၀ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန် မြေကွက်နှင့် တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ မင်းခေါင် ၁လမ်း၊ မြေကွက်အမှတ် ၃၂၅/ခ၊ အလျား ၂၀ပေx အနံ ၆၀ ပေ အကျယ်အဝန်းရှိဒေါ်ညိုညိုထွန်း ၁၂/ဥကတ (နိုင်)၀၅၁၅၃၀ အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ၎င်းမြေကွက် (၂) ကွက်ပေါ်ရှိ အဆောက်အအုံ (၂)လုံးအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံး ကို အမည်ပေါက် ပိုင်ရှင်များထံမှ အရပ်ကတိစာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင် လက်ရှိထားပိုင်ရှင်ဖြစ်သူ ဒေါ်ထားရီ ၁၂/မရက(နိုင်)၀၈၄၀၈၈မှာ ကွယ်လွန်သွားပြီဖြစ်၍ အမွေဆက်ခံပိုင်ဆိုင်ပြီး တစ်ဦးတည်းသောခင်ပွန်းဖြစ်သူ ဦးကျော်ရွှေ(ခ)ဦးကျော်ထိုက် ၁၁/ ကဖန(နိုင်)၀၀၆၉၀၃ မှ မိမိသာလျှင် တရားဝင်လက်ရှိထားပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုပြီးပိုင်ဆိုင်မှုအထောက်အထားမူရင်းများပြသ၍ ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်စန်းစန်းမြင့် ၁၂/ဒလန(နိုင်) ၀၀၀၄၈၃က အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ၂၄-၂-၂၀၂၂ ရက်တွင် ပေးချေခဲ့ပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးသိမ်း(B.A , Law: LL.B)၊**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၃၅၆၄)**
**အမှတ် ၅၆၃၊ ပီမိုးနင်း(၂)လမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း- ၀၉- ၂၅၀၁၇၂၆၈၁**

# ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ကျင်းပပေးသွားမည်



**နေပြည်တော် ဖေဖော်ဝါရီ ၂၆**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်နှင့် နိုင်ငံရေးပါတီများ တွေ့ဆုံညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် နိုင်ငံရေးပါတီ ၅၃ ပါတီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၇ အရ ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်ကို အရေးပေါ်အခြေအနေ သတ်မှတ်ပြီး ပုဒ်မ ၄၁၈(က) အရဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေး အာဏာတို့ကို တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ထံသို့ ယာယီသမ္မတက လွှဲအပ်ခဲ့ပါကြောင်း၊ ယင်းသို့ လွှဲအပ်သည့်နေ့မှစ၍ လွှတ်တော်အားလုံးနှင့် ဦးစီးအဖွဲ့များ၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းများ ရပ်ဆိုင်းထားရမည်ဟု မှတ်ယူရမည့်အပြင် လွှတ်တော်များ၏ သက်တမ်း ကုန်ဆုံးသည့်အခါ သက်ဆိုင်ရာ လွှတ်တော်များသည် အလိုအလျောက် ဖျက်သိမ်းပြီးဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း၊ ထိုသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ နိုင်ငံတော်အာဏာ ၃ ရပ်ကို လွှဲအပ်ပြီးနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းခဲ့ပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေး

*စာမျက်နှာ ၉ ကော်လံ ၁* ✻

## ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ အား ချိုးဖောက်သူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

**၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်**

၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပပြုလုပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် အခြေခံအသုံးပြုခဲ့သည့် မဲစာရင်းများ ၁၀.၄ သန်းကျော်အထိ ကြီးမားစွာမှားယွင်းကွာဟရမှုအပေါ် တပ်မတော်နှင့်နစ်နာသည့် ပါတီ၊ ပြည်သူအများစုက သက်ဆိုင်ရာ အစိုးရ၊ လွှတ်တော်နှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့အား ဖြေရှင်းဆောင်ရွက်ပေးရန် အကြိမ်ကြိမ်တောင်းဆိုခြင်း၊ "အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ" အစည်းအဝေးခေါ်ယူပြုလုပ်ပေးရန် တင်ပြတောင်းဆိုခဲ့ခြင်းတို့အပေါ် အကြိမ်ကြိမ် ငြင်းပယ်ခဲ့သည့်အပြင် တတိယအကြိမ်လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ် ဖွဲ့စည်းနိုင်ရေး ကြိုးပမ်းမှုသည် နိုင်ငံတော်အာဏာအရပ်ရပ်ကို အတင်းအဓမ္မရယူရန် ဆောင်ရွက်ခြင်းဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်နှင့်အညီ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီး တပ်မတော်အား နိုင်ငံတော်တာဝန်ကို ခေတ္တတာဝန်ယူထိန်းသိမ်းစေခြင်းဖြစ်သည်။

အရေးပေါ်ကာလအတွင်း ဒီမိုကရေစီအသွင် ငြိမ်းချမ်းစွာ ဆန္ဒဖော်ထုတ်မှုမှ အုပ်စုဖွဲ့ဒီမိုကရေစီ အသွင်၊ ၎င်းမှအကြမ်းဖက် ဆူပူမှု (Riot) နှင့် မင်းမဲ့စရိုက်ဆန်သည့် ဥပဒေမဲ့အကြမ်းဖက်မှု (Anarchy Mob) အဖြစ်ရောက်ရှိစေရေး ဦးတည်လှုံ့ဆော်ဆောင်ရွက်လာခဲ့သည့်အတွက် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို ထိခိုက်ပျက်ပြားမှုနှင့် ရုန်းရင်းဆန်ခတ်မှုများ မဖြစ်ပွားစေရေးအလို့ငှာ ၈-၂-၂၀၂၁ ရက်နေ့မှစ၍ မြို့နယ်အချို့အား ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ အား ထုတ်ပြန်ခဲ့သည်။ ယင်းသို့ ထုတ်ပြန်ပြီးနောက် လူအုပ်စုအချို့သည် ငြိမ်းချမ်းစွာဖြင့် ဆန္ဒထုတ်ဖော်ခြင်းလုပ်ဆောင်သော်လည်း လူအုပ်စုအချို့မှာ အကြမ်းဖက်ဆူပူမှု (Riot) ဖြစ်ပေါ်စေရေး၊ ၎င်းမှ မင်းမဲ့စရိုက်ဆန်သော လူအုပ်စု (Anarchy Mob) အသွင်ဖြစ်ပေါ် လာစေရန် လှုံ့ဆော်လုပ်ဆောင်လာပြီး တည်ငြိမ်အေးချမ်းစွာ နေထိုင်လိုသော ပြည်သူလူထုနှင့် နိုင်ငံ့ဝန်ထမ်းများအား အဓမ္မခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်လမ်းပေါ်ထွက်ဆန္ဒပြရန် လှုံ့ဆော်ခြင်း၊ ဖိအားပေးခြင်းတို့ ဆောင်ရွက်ခဲ့ရာ နေပြည်တော် သပြေကုန်းအဝိုင်းဖြစ်စဉ်၊ မန္တလေးမြို့ ရထားသံလမ်းပိတ်ဆို့မှုဖြစ်စဉ်နှင့် ဂေါ်ဝိန်ဆိပ်ကမ်းဖြစ်စဉ်၊ မော်လမြိုင်မြို့ ဈေးချိုရပ်ကွက်ဖြစ်စဉ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ထောက်ခံသူအချို့အား နှောင့်ယှက်ဖိအားပေးမှုများအပြင် လှိုင်သာယာမြို့နယ်နှင့် တာမွေမြို့နယ် အုပ်ချုပ်ရေးမှူးရုံးဖြစ်စဉ်စသည့် မင်းမဲ့စရိုက်ဆန်သည့် အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့ရသည်။ ဖြစ်စဉ်များတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များကို အသက်အန္တရာယ်ရှိသော အကြမ်းဖက်မှုများအထိ ဆောင်ရွက်လာခဲ့၍ ရဲတပ်ဖွဲ့ဝင်တစ်ဦး အသက်ဆုံးရှုံးခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အများအပြား ထိခိုက်ဒဏ်ရာရရှိခြင်း၊ ဌာနပိုင်မော်တော်ယာဉ်များပျက်စီးခဲ့ရခြင်းများရှိခဲ့ရသလို ဆူပူရမ်းကား ဆန္ဒပြသူများတွင် သေဆုံးခြင်းနှင့် ထိခိုက်ဒဏ်ရာရခြင်းများ ဖြစ်ပေါ်ခဲ့သည်။

*စာမျက်နှာ ၉ ကော်လံ ၁* ❖

## ဒဏ်ရာကြောင့် ဧပြီလအထိ အနားယူရတော့မည့် လီဗာပူးအသင်းခေါင်းဆောင် ဟန်ဒါဆင်

လီဗာပူးအသင်းခေါင်းဆောင် ဂျော်ဒန်ဟန်ဒါဆင်သည် ဖေဖော်ဝါရီ ၂၁ ရက်က ယှဉ်ပြိုင်ကစားခဲ့သည့် လီဗာပူးအသင်းက အဲဗာတန်အသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သောပွဲစဉ်တွင် ရရှိခဲ့သော ဒဏ်ရာကြောင့် ဧပြီလအထိ အနားယူရတော့မည်ဖြစ်ကြောင်း သတင်းများတွင် ဖော်ပြထားသည်။ အသက် ၃၀ အရွယ်ရှိ ဟန်ဒါဆင်သည် အဆိုပါပွဲစဉ် တွင် ပထမပိုင်းပွဲချိန်အတွင်း လူစားလဲခဲ့ရကြောင်း သိရသည်။

လီဗာပူးအသင်းသည် ဟန်ဒါဆင်ဒဏ်ရာကြောင့် ဧပြီလအထိ အနားယူရတော့မည်ဖြစ်သည့်အတွက် အဓိက ထိုးနှက်ချက်အဖြစ် ရှိနေသည်။ လက်ရှိ နည်းပြကလော့ပ်၏ လီဗာပူးအသင်းတွင် ဗန်ဒိုက်၊ မာတစ်၊ ဂိုမက်ဇ်နှင့် ဖာဘင်ဟိုတို့ ဒဏ်ရာကြောင့် အနားယူ

*စာမျက်နှာ ၂၇ ကော်လံ ၅* ◆

### ကိုဗစ်- ၁၉ ကာကွယ်ဆေးနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေအတွက် ဘဏ္ဍာငွေ ပိုမိုသုံးစွဲမယ့် အာဖရိက

စာ » ၁၄

. . . . . . . . . . . .

### COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၃၄ ဦး တွေ့ရှိ

(၂၆-၂-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

စာ » ၁၇